# ပါရမီထိုက်သောဒါန
# နှင့်
# ပါရမီမထိုက်သောဒါန



မေတ္တာရှင် (ရွှေပြည်သာ)

ရယူခြင်းနှင့်
ပေးဆပ်ခြင်းတို့တွင်
ပေးဆပ်ခြင်း၌
ပျော်မွေ့သူသည်သာ
တကယ့် သူတော်ကောင်းဖြစ်သည်။

မေတ္တာရှင် (ရွှေပြည်သာ)

ဖြန့်ချိရေး

ချင်းတွင်းလမ်း၊ မန္တလေးကျောင်း၊
(၆/၁၀) ရပ်ကွက်၊ ရွှေပြည်သာ။
☎ ၀၉၅၀- ၁၆၆၆၃

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

အရှင်ဇဝန

မေတ္တာရှင် (ရွှေပြည်သာ)

# ပါရမီထိုက်သောဒါန

နှင့်

# ပါရမီမထိုက်သောဒါန

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| **စာမူခွင့်ပြုအမှတ်** | - | ၃၂၀၇၄၆၀၆၁၀ |
| မျက်နှာဖုံးခွင့်ပြုအမှတ် | - | ၃၂၀၇၅၉၀၆၁၁ |
| **ထုတ်ဝေသူ** | - | ရဲအောင်စာပေ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | - | ဦးအောင်မိုး<br>စတားအင်ပဲယား<br>၁၈၇၊ (၃၃) လမ်း၊<br>ကျောက်တံတား။ |
| အတွင်းဖလင် | - | ကိုဦး |
| **မျက်နှာဖုံးဖလင်** | - | ယူနီကွန်ပျူတာ |
| ကွန်ပျူတာ | - | စမ်းရေကြည် |
| **အုပ်ရေ** | - | ၅၀၀၀ |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| **ထုတ်ဝေနေ့စွဲ** | - | ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ |
| **တန်ဖိုး** | - | ၆၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဦးစိုးတင့်<br>ရွှေပြည်သာစာပေ<br>မန္တလေးကျောင်းတိုက်<br>ဥပသကာများအဖွဲ့<br>☎ : ၀၉ ၅၀၁ ၆၆၆၃ |

# အရှင်ဇဝန မေတ္တာရှင်
## ( ရွှေပြည်သာ )

- ၁၃၂၆ ခုနှစ်၊ တပို့တွဲလဆန်း (၁၅) ရက်၊ အင်္ဂါနေ့၊ အမရပူရ မြို့ နန်းတော်ရာရပ်ကွက်၌ ခမည်းတော် ဦးထိ၊ မယ်တော် ဒေါ်သိန်းရင် တို့မှ ဖွားမြင်သည်။

- ၁၃၃၈ ခုနှစ်တွင် မူလဆီဘန်နီကျောင်းတိုက်၊ ပညာ့ ဗိမာန် သာသနာပြုကျောင်းဆရာတော် ဦးပညာသာမိကို ဥပဇ္ဈာယ်ပြု၍ မယ်တော် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေဘဝသို့ ရောက်ရှိသည်။

- ၁၃၄၆ ခု၊ ကဆုန်လဆန်း (၁၅) ရက်နေ့တွင် မန္တလေးမြို့ တောင်ပြင်မိုးတားတိုက်ခဏ္ဍသိမ်၌ မိုးတားတိုက်အုပ် ဆရာတော် ဦးမေလိယကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘောင်သို့ ရောက်ရှိသည်။

- ရဟန်းအမများမှာ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ သီတာအေး (၉၀၂) ရပ်ကွက်မှ ဦးဝင်းမြင့်၊ ဒေါ်ထွေး၊ ဦးဝင်းမြ၊ ဒေါ်ခင်မူ တို့ဖြစ်သည်။

✦ ၁၃၄၃ ခုမှစ၍ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ သာသနာ့ မူလိကာရာမ ကျောင်းသစ်ကျောင်း စာသင်တိုက်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်တို့၌ "ငယ်၊ လတ်၊ ကြီး" အောင်မြင်၍ ဓမ္မာစရိယတန်းရောက်သည် အထိ ပရိယတ္တိ စာပေများကို သင်ယူခဲ့သည်။

✦ ဆရာနည်းရအောင် အချိန်ယူ၍ အားထုတ်ခဲ့သော ဝိပဿ နာနည်းများမှာ -

မိုးကုတ်ဝိပဿနာ = ကသစ်ပိုင်ဝိပဿနာ

ပစ္စက္ခုဝိပဿနာသင်တန်းတရားတို့ ဖြစ်သည်။

ဝိပဿနာကျမ်းစာအုပ်များကိုလည်း လေ့လာ ဆည်းပူး လျက် ရှိသည်။

✦ ၁၉၉၉ ခုနှစ်တွင် "မျက်ရည်မကျခင် သိစေချင်" စာအုပ် ကို စတင်ထုတ်ဝေခဲ့သည်။

✦ ယခုအခါ ရွှေပြည်သာမြို့နယ်၊ မန္တလေးကျောင်း၊ မြိတ်မြို့ သစ်ညီနောင် ဓမ္မရိပ်သာကျောင်း၊ ကော့သောင်းမြို့ ဝေနေယျသုခဓမ္မရိပ်သာကျောင်း တို့တွင် လှည့်လည်၍ တရား ဟောကြားပြသလျက်ရှိသည်။

# မာတိကာ


| | |
|---|---|
| တိုက်ပွဲနှစ်မျိုး | ၁ |
| မကောင်းသော ကြံစည်မှုများ | |
| ပျောက်သွားအောင် ဆင်ခြင်ပုံ | ၂၀ |
| ပြောဆိုခြင်းလေးမျိုး | ၃၈ |
| ဥပါဒါနက္ခန္ဓာငါးပါး | ၃၉ |
| ဓာတ်ခြောက်ပါး | ၃၉ |
| အာယတန ခြောက်ပါး | ၄၀ |
| တရားထပ်ရင် ဟင်းထပ်တယ် | ၄၃ |
| ပုဂ္ဂိုလ်မခွဲတတ်၍ မှားယွင်းချက်သာ | ၅၈ |
| အရိယာတွေကို ပြစ်မှားနေခြင်း | ၅၈ |
| အသံကြားလျှင် အရိယာမဟုတ်တဲ့ | ၅၉ |
| ဖလသမာပတ်အတုကို သတိပြုဖွယ် | ၆၀ |
| ဖလသမာပတ်အစစ် ဝင်စားပုံနည်းညွှန် | ၆၂ |
| ဝင်စားနိုင်ရန် စနစ်ပြချက် | ၆၃ |
| ဝိစိကိစ္ဆာရှစ်မျိုး | ၆၄ |
| လယ်တီဆရာတော်၏ သက္ကာယဒိဋ္ဌိခွာပုံ | ၆၆ |

ပရမတ်နှင့် ပညတ်ခွဲပုံ ၆၇
ရွှတ်ဆိုပွားများရန် ၃၂- ကောဋ္ဌာသ ၇၃
မစားခင် ဆင်ခြင်ပုံ၊ စားဆဲ စိတ်ထားပုံ ၇၈
ရဟန္တာ ဟုတ်မဟုတ် စိစစ်ရန်
ဆဗ္ဗိသောဓနေသုတ် မြန်မာပြန် အကျဉ်း ၈၁
ခေတ်ပေါ် စမ်းသပ်နည်းများ ၉၆

## ပါရမီထိုက်သောဒါန

နှင့်

## ပါရမီမထိုက်သောဒါန

### တိုက်ပွဲနှစ်မျိုး

တိုက်ပွဲသည် ဗဟိဒ္ဓတိုက်ပွဲ၊ အဇ္ဈတ္တတိုက်ပွဲဟု နှစ်မျိုးရှိ၏။ ဗဟိဒ္ဓတိုက်ပွဲသည် လူအင်အား၊ လက်နက်အင်အား၊ တိုက်ရည်ခိုက်ရည်ကောင်းလျှင် အလွယ်တကူ အောင်မြင်နိုင်၏။ အဘယ့်ကြောင့် အလွယ်တကူအောင်မြင်နိုင်၏ဟု ဆိုရသနည်း။ တိုက်ခိုက်ရမည့် ရန်သူကို အလွယ်တကူ မြင်နေရသောကြောင့်ပင်တည်း။

အဇ္ဈတ္တတိုက်ပွဲတွင်ကား အောင်မြင်မှုရရန် အင်မတန် ခဲယဉ်း၏။ အဘယ့်ကြောင့်နည်း ရန်သူဖြစ်သောလောဘနှင့် မစ္ဆရိယသည် မမြင်ရသည့်အပြင် ဘဝအဆက်ဆက်ကတည်းက မိမိသန္တာန်တွင် ကိန်းအောင်းလာသည်ဖြစ်၍ အမြစ်စွဲနေကာ ထုထည်ကြီးမားလှ

သောကြောင့်ပင်တည်း။ ထို့ပြင် လောဘနှင့် မစ္ဆရိယကို တိုက်ခိုက်မည့် အလောဘနှင့် သဒ္ဓါသည် ဘဝပေါင်းအသင်္ချေကြာမှ တစ်ခါတစ်ရံသာဖြစ်ရ၍ အားနည်းလွန်းလှ၏။

ထို့ကြောင့်လည်း လူသား၏ ဘဝသံသရာတစ်လျှောက် အရှုတ္တတိုက်ပွဲတွင် လောဘနှင့် မစ္ဆရိယကသာ အမြဲတမ်း အနိုင်ရခဲ့၏။ ငါ့အတွက် သိမ်းပိုက်ရန်သာ ဘဝတိုင်း ရှာဖွေခဲ့၏။ သူတစ်ပါးအတွက် ပေးစွန့်ရန်ဟူ၍ တစ်ဘဝမှမရှိခဲ့။ လောကကို မိမိအတွက်သာလျှင် ဘဝတိုင်း အသုံးချခဲ့၏။ မိမိကို လောကအတွက် တစ်ဘဝမှ အသုံးမချခဲ့။ ထို့ကြောင့် ဂဏ်ဝါဠူသဲစုမကဘုရားတွေ အဆူဆူပွင့်ခဲ့ပြီး ဖြစ်သော်လည်း အရှုတ္တတိုက်ပွဲ အမြဲရှုံးသမားလူသားသည် ယခုဘဝတိုင်အောင် မည်သည့်မဂ်ဖိုလ်မှမရဘဲ အန္ဓပုထုဇဉ် အဖြစ်နှင့် ရှိနေရခြင်း ဖြစ်၏။

လောက၌ ဗုဒ္ဓဘုရားရှင်များ ပွင့်တော်မူလာခြင်းသည် ဝေနေယျသတ္တဝါများ ကိလေသာတွေကုန်ခမ်းပြီး နိဗ္ဗာန်သို့ရောက်စေရေးအတွက် ဖြစ်၏။ မဂ်ဖိုလ်ကိုရသည်၊ နိဗ္ဗာန်ကိုရသည်ဟု အသုံးအနှုန်းများသောကြောင့် အရာဝတ္ထုတစ်ခုခုကို ရသလိုမျိုး မမှတ်သင့်။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာစသော ဆိုင်ရာကိလေသာများ ကုန်သွားခြင်းကိုပင် မဂ်ဖိုလ်ကိုရသည်၊ နိဗ္ဗာန်ကိုရသည်ဟု သုံးနှုန်းခြင်း ဖြစ်၏။

သူ့ကို လက်ခံထားသူမှန်သမျှကို ပူပန်စေတတ်၊ နှိပ်စက်တတ်သောကြောင့် ကိလေသာဟုခေါ်၏။ ထိုကိလေသာသည် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ ဟု ဆယ်ပါးရှိ၏။ ထိုဆယ်ပါးတွင် လောဘသည် ခေါင်းဆောင်ဖြစ်၏။ လောဘကို အကြောင်းပြုပြီး ကျန်ကိလေသာများ ပေါ်ပေါက်လာကြရ၏။

ပါဏာတိပါတ စသော ဒုစရိုက်မှုများသည်လည်း လောဘကို အကြောင်းခံကာ ပေါ်ပေါက်လာကြရ၏။ ပါဏာတိပါတကံသည် ဒေါသကြောင့် ဖြစ်ရ၏။ သို့သော် ဒေါသသည် လောဘကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်၏။ တိရစ္ဆာန်များကိုသတ်ခြင်းသည် သူတို့၏ အသားကို မက်မက်မောမော စားလိုသောလောဘကြောင့် ဖြစ်၏။ အသားစားကျူးလျှင် အသနားကင်းသည်ဟူသော စကားကို အသားပါမှ ထမင်းဝင်သည်ဆိုသောသူများ သတိပြုသင့်၏။

ဓားပြများ လူကိုသတ်ခြင်းသည် ဥစ္စာစည်းစိမ်ကို မတရား ယူချင်သောလောဘကြောင့်ပင် ဖြစ်၏။ ဒေါသသက်သက်ကြောင့် သတ်မှုကျူးလွန်ခြင်းသည်ကား အလွန်နည်းပါး၏။ သူတစ်ပါးဥစ္စာ ကို ခိုးယူခြင်း၊ သူတစ်ပါးသားမယားကို လွန်ကျူးခြင်း၊ လိမ်ညာပြော ဆိုခြင်း၊ သေရည်သေရက်သောက်ခြင်းတို့ကား လောဘကြောင့် ဖြစ်ကြောင်းမှာ အလွန်ထင်ရှား၏။

ထို့ကြောင့် ဗုဒ္ဓက သစ္စာလေးပါးကို ဟောကြားရာတွင် လောဘကို ပယ်သတ်ရမည့် သမုဒယသစ္စာအရာ၌ ထည့်သွင်းတော် မူခဲ့ခြင်း ဖြစ်၏။ လောဘကား ကောင်းကျိုးတစ်ခုမှ မရှိ၊ သက်ရှိကို ဖြစ်စေ၊ သက်မဲ့ကိုဖြစ်စေ တစ်စုံတစ်ခုကို စွဲလမ်းသော လောဘဖြင့် သေခဲ့ပါက ပြိတ္တာဘုံသို့ ရောက်ရ၏။ လောဘကြီးသူတို့၏ ပတ်ဝန်း ကျင်တွင် အငတ်ဘေးဆိုက်စေ၏။ ထိုလောဘမီးကြောင့်ပင် ကမ္ဘာ ကြီးသည် မီးဘေးဖြင့် ပျက်ရခြင်းဖြစ်၏။

ကမ္ဘာဖျက်မီးသည် အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ဘုံ၊ ပထမ ဈာန် ပြဟ္မာဘုံသုံးဘုံထိ လောင်ကျွမ်းပျက်စီးစေ၏။ ကမ္ဘာကြီး ပြာအတိကျစေသည့် ကမ္ဘာဖျက်မီးသည် ပေါ့ဆမီး၊ ရှို့မီးမဟုတ်၊ သူတစ်ပါးဥစ္စာကို မတရားသဖြင့်လိုချင်သော ဝိသမလောဘမီးသာ ဖြစ်ကြောင်း လူသားတိုင်း သတိပြုသင့်၏။ မျှတသော သမလောဘ

ကား အနာဂါမ်အရိယာအထိပင် ရှိသေး၏။ လောကကို ဒုက္ခပေး သည်ကား ဝိသမလောဘသာ ဖြစ်၏။

မတရားသောနည်းဖြင့် မတန်တဆ ရယူချင်သော လောဘကို ဝိသမလောဘဟု ခေါ်၏။ လူငယ်များနားလည်ရန် ပုံစံလေးများ ထုတ်ပြအံ့။ လောဘကြီးလွန်းလျှင်၊ ယုံလွယ်လွန်းလျှင်၊ သနားတတ် လွန်းလျှင် အလိမ်ခံရတတ်၏။ စာရေးသူသည် နောက်ဆုံးအချက် ကြောင့် မကြာခဏ အလိမ်ခံရ၏။ တစ်ခါတွင် သင်ဖျူးဖျာလိပ်များ ကို ထမ်းပိုးကာ ရန်ကုန်မြို့အတွင်း လှည့်လည်ရောင်းရသော လူ တစ်ယောက်ကိုမြင်ပြီး လွန်စွာ သနားမိ၏။

ထို့ကြောင့် ဖျာသည်ကိုခေါ်ပြီး သင်ဖျူးဖျာ သုံးချပ်ခန့် ဝယ်ယူ၏။ လိုအပ်လွန်း၍ကား မဟုတ်၊ နေပူကြီးထဲ ချွေးဒီးဒီးကျ အောင် လှည့်လည်သွားနေရသော ဖျာရောင်းသမားကို သနား သောကြောင့်သာ ဖြစ်၏။ ဖျာများ မြန်မြန်ကုန်လျှင် နေပူထဲသွားနေ ရသောဒုက္ခမှ မြန်မြန်လွတ်မည်ဟူသော အတွေးပင်။ ဖျာဝယ်သည့် အပြင် ကျောင်းမုန့်နေ့လည်စာပင် ကျွေးလိုက်သေး၏။ နောက်သုံး ရက်လောက်ရှိသောအခါ ဈေးထဲမှ ဖျာဝယ်လာသော ဒကာကြီး တစ်ဦးနှင့် စပ်မိသဖြင့် ဈေးနှုန်းမေးကြည့်ရာ စာရေးသူဝယ်ထား သော ဖျာသည် ဒကာကြီးဝယ်လာသောဖျာထက် တန်ဖိုးငွေ ငါးဆ ခန့် ပိုမိုများပြားနေသည်ကို တွေ့ရ၏။

နေပူထဲ ထမ်းပိုးရောင်းရသည့်အတွက် ဈေးကဖျာထက် နှစ်ဆခန့်ပိုနေသေးလျှင်ပင် သမလောဘဟု ဆိုသင့်သေး၏။ ထမ်း ပိုး သယ်ဆောင်ရသည့်အတွက် တစ်ဆပိုသည်ကို အပြစ်မဆိုသာ၊ ယခုကား ငါးဆတောင်ပိုယူထားရာ နှစ်ဆအမြတ်တင်ခြင်းသည် သမလောဘဖြစ်၍ အပြစ်မရှိသေး။ နောက်ထပ် သုံးဆထပ်၍

အမြတ်တင်ခြင်းကား ဝိသမလောဘဖြစ်၍ ကမ္ဘာလောကကြီး ပျက်စီးအောင် မီးရှို့သူထဲတွင် ထိုဖျာရောင်းသမား ပါသွားလေပြီ။

ရိုးအသော အမျိုးသမီးကြီးတစ်ဦးသည် စာရေးသူ ဆောက်နေသော နှစ်ထပ်ကျောင်းအတွက် ကွန်ကရစ်တိုင်တစ်လုံးကို အလှူလှူချင်နေ၏။ ထို့ကြောင့် သူ၏မိခင် အမွေပေးထားခဲ့သော လက်ကောက်တစ်ရံကို သွားရောင်း၏။ သူသည် လက်ကောက်၏ ငွေတန်ဖိုး မည်မျှလောက်ထိရှိသည်ကို သေချာမသိရှာ။ သူသိသည်ကား ကွန်ကရစ်တိုင်တစ်လုံးဖိုး ငါးသောင်းရဖို့အတွက်သာ ဖြစ်၏။

ရောင်းပြီးမှ ငါးသောင်းမရမှာကိုလည်း သိပ်ပူပင်ရှာ၏။ ထို့ကြောင့် ရွှေထည်ဝယ်သူအား သူ လက်ကောက်ရောင်းရခြင်း၏ ရည်ရွယ်ချက်ကို မမေးဘဲ ဖွင့်ပြောမိ၏။ လက်ကောက်သည် ငါးသောင်း မတန်ခဲ့လျှင် ဗုဒ္ဓဘာသာချင်း ရိုင်းပင်းသည့်အနေဖြင့် လိုသောငွေကို ဖြည့်ပေးစေချင်သော ရည်ရွယ်ချက်ကြောင့် ဖွင့်ပြောမိခြင်း ဖြစ်၏။

အမှန်ကား ထိုလက်ကောက်သည် ပေါက်ဈေးအရ တစ်သိန်းခွဲခန့် တန်၏။ ရွှေထည်ဝယ်သူသည် ရောင်းသူက ဘာမျှ နားမလည်မှန်း သိသွားသဖြင့် ငါးသောင်းသာ ပေးလိုက်၏။ ငွေတစ်သိန်းကို မတရားသဖြင့် အမြတ်ယူလိုက်ခြင်းသည် ဝိသမလောဘပင် ဖြစ်၏။ ထိုဝိသမလောဘက ကမ္ဘာလောကကြီးကို အငတ်ဘေးဆိုက်စေ၏။ မီးလောင်စေ၏။

ထိုကဲ့သို့ နားမလည်သူတို့အပေါ် မတန်တဆ အမြတ်ယူ၍ ရောင်းဝယ်ခြင်းသည် လောကဥပဒေအရ အပြစ်မရှိသော်လည်း ဗုဒ္ဓဥပဒေအရကား အပြစ်ရှိ၏။ ခိုးခြင်း (၂၅) မျိုးတွင် ထေယျာဝှဟာရ ခိုးခြင်း၌ အကျုံးဝင်၏။ ထေယျာဝှဟာရဟူသည်- လိမ်ညာ

လှည့်ဖျား၍ ခိုးယူခြင်းဟု အဓိပ္ပာယ်ရ၏။ ထိုငွေများဖြင့် လှူလျှင်လည်း ဒါနကုသိုလ်ကား ဖြစ်၏။ ယင်းဒါနကုသိုလ်ကြောင့် စီးပွားဥစ္စာပေါများ ချမ်းသာခြင်းကောင်းကျိုးကို ခံစားရ၏။

ခိုးယူခြင်းကား အကုသိုလ်ဖြစ်၏။ ယင်းအကုသိုလ်ကြောင့် ထိုသူ ချမ်းသာသမျှ စည်းစိမ်ဥစ္စာများကို မီးလောင်တတ်၏။ မီးမလောင်ရလျှင် ရေမျော၏။ ရေမမျောလျှင် မင်းက သိမ်းယူ၏။ မင်းက မသိမ်းလျှင် သူခိုးက ခိုး၏။ ဤရန်သူလေးမျိုးက မဖျက်ဆီးလျှင် မိမိမွေးထားသော အမွေခံသားဆိုးသမီးဆိုးက ဖျက်ဆီး၏။

ခုနှစ်ရက်ခံပြီး၊ ခုနှစ်ရက်သာစံကြရသော ဝေမာနိကပြိတ္တာများသည် ထိုကဲ့သို့ ကုသိုလ်၊ အကုသိုလ်နှစ်မျိုးလုံးကို ပြုလုပ်ခဲ့ကြသောသူများပင် ဖြစ်၏။ သုဂတိဘဝဟူသည် ကုသိုလ်ကံကြောင့် ရလာခြင်းဖြစ်၏။ သို့ဖြစ်၍ ကုသိုလ်ကံကို စွန့်ပစ်ခြင်းသည် သုဂတိဘဝကို စွန့်ပစ်သည်နှင့် အတူတူပင် ဖြစ်၏။ ၃၁ ဘုံတွင် အပါယ်လေးဘုံသည် ဆင်းရဲများလွန်းသောကြောင့် ဒါန၊ သီလ စသောပါရမီများကို ဆည်းပူးခွင့်မရ။

နတ်ဘုံ၊ ဗြဟ္မာဘုံသည် ချမ်းသာများလွန်းသောကြောင့် ဒါန၊ သီလစသော ပါရမီများကို ဆည်းပူးခွင့်မရ။ လူ့ဘဝတစ်ခုသာလျှင် ဒါန၊ သီလ စသော ပါရမီများကို ဆည်းပူးခွင့် ရ၏။ ထို့ကြောင့် ဘုရားအလောင်းများသည် ရှိသမျှကုသိုလ်များကို သုံးဖြုန်းရာဖြစ်သော နတ်ဘုံ၌ ကြာကြာမနေကြဘဲ နတ်သက်ချွေကာ စုတေပြီး လူ့ဘုံ၌ အနေများကြခြင်း ဖြစ်၏။ ဖော်ပြပါအချက်တို့ကို သတိမမူဘဲ လူ့ဘုံကို ပါရမီဆည်းပူးရာဘဝအဖြစ် မမြင်ဘဲ ကာမဂုဏ်ခံစားရာဘဝဟုသာ မြင်နေမည်ဆိုလျှင် ထိုလူသားသည် အပါယ်သို့ တဖြေးဖြေးသွားနေသော အစုန်ခရီးသည်သာ ဖြစ်ပေမည်။

နိဗ္ဗာန် သို့ တဖြည်းဖြည်းသွားနေသော အဆန်ခရီးသည်ဘဝသို့ ဘယ်သော အခါမှ ရောက်လိမ့်မည်မဟုတ်ပေ။

သီလသိက္ခာကို ငွေကြေးလောက်မှ တန်ဖိုးမထားသူများရှိသကဲ့သို့၊ ငွေကြေးထက် တန်ဖိုးထားသူများစွာလည်း ရှိ၏။ ဆရာအောင်သင်း၏ မိတ်ဆွေတစ်ဦးဖြစ်သော စာအုပ်ဟောင်း အရောင်းအဝယ်သမား ဦးသင်းနိုင်၏ စိတ်ဓာတ်သည်ကား လူတိုင်း အတုယူသင့်၏။ တစ်နေ့တွင် မိန်းကလေးတစ်ဦး မြန်မာ့စွယ်စုံကျမ်း (၁၄) အုပ်တွဲကြီးကို လာရောင်း၏။

မိဘများလက်ထက်က စာအုပ်များကို ဆက်လက်မထိန်းသိမ်းနိုင်ခြင်း၊ ငွေကြေး အခက်အခဲရှိခြင်းတို့ကြောင့် ရောင်းထုတ်တတ်ကြ၏။ ဦးသင်းနိုင်က မည်မျှလောက်လိုချင်လဲဟု မေးလိုက်သည့်အခါ စာပေတန်ဖိုးအကြောင်း ဘာမျှမသိသောမိန်းကလေးက သုံးထောင်လောက်လိုချင်ကြောင်း ဖြေ၏။ ထိုအခါ ဦးသင်းနိုင်က မိန်းကလေး ဆိုင်တွင်းဝင်လာစဉ်ကတည်းက ပေးနိုင်မည့်ဈေးကို လက်ဖဝါးတွင် ကြိုတင်ရေးထားပြီးဖြစ်ကြောင်း ပြောဆိုပြီး လက်ဖဝါးကို ပြလိုက်၏။ လက်ဖဝါးတွင် ရေးထားသည်ကား သုံးသောင်းကျပ်။ ဤကား သမုဒယသစ္စာ တဏှာကို ဦးသင်းနိုင်က အလုပ်ဖြင့် လက်တွေ့ ပယ်သတ်လိုက်ခြင်းပင် ဖြစ်၏။

ဝိပဿနာတရားစခန်းကို အကြိမ်ကြိမ်ဝင်နေကြသော ယောဂီများအနေဖြင့် သမုဒယသစ္စာ တဏှာသည် ပယ်သတ်ရမည့်တရားဟု အမှန်တကယ်သိပါလျှင် စာထဲမှာ၊ အပြောထဲမှာ သတ်မနေဘဲ ဦးသင်းနိုင်ကဲ့သို့ အလုပ်ဖြင့် ပယ်သတ်နိုင်ရန် ကြိုးစားသင့်၏။ သို့မှသာ လောဘတဏှာသည် အမှန်တကယ် ကုန်ခန်းလာမည် ဖြစ်၏။

လောဘ၊ ဒေါသစသော ကိလေသာဆယ်ပါးကို သံကိလိဋ္ဌ၊ သံကိလေသိကာ= ပူပန်စေတတ်၊ နှိပ်စက်တတ်သောတရားဟု ဗုဒ္ဓက ဟောကြားထားရာ မည်မျှထိ ပူပန်စေသနည်းဟု မေးခွန်းထုတ်လာပါက သေသည်အထိ ပူပန်စေတတ်သည်။ သေသည်အထိ နှိပ်စက်တတ်သည်ဟု ဖြေဆိုရမည် ဖြစ်၏။ သာဓကပြအံ့၊ မိုးကုတ်မြို့တွင် ရတနာတန်းဝင် ကျောက်မျိုးစုံ ခေတ်ကောင်းစဉ်အချိန်ကပင် ဖြစ်၏။

ကျောက်တူးနေသော အမျိုးသားတစ်ယောက်သည် သိန်းကျော်တန် ကျောက်တစ်လုံးအောင်သဖြင့် မန္တလေးမြို့မှ ဇနီးထံ ဖုန်းဆက်၏။ ဇနီးသည် ထိုသတင်းကို နားထောင်ပြီးသည်နှင့် ဝမ်းသာလုံးဆို့ကာ ဖုန်းအနီးမှာပင် လဲကျသေဆုံးခဲ့၏။ ဆေးပညာအလိုဖြင့် ကြည့်ပါက နှလုံးရပ်၍ သေဆုံးခြင်းတည်း။ ဓမ္မအလိုဖြင့် ကြည့်ပါက လောဘမီးလောင်၍ သေဆုံးခြင်းပါတည်း။

အနောက်နိုင်ငံတစ်ခုတွင် ဒေါ်လာဘီလီယံပေါင်းများစွာ ချမ်းသာသော သူဌေးကြီးတစ်ဦးတွင် နှလုံးရောဂါစွဲကပ်နေသဖြင့် ဆရာဝန်တစ်ယောက်ကို လစာကောင်းကောင်းပေးပြီး အနားမှာ အမြဲခေါ်ထား၏။ ဝမ်းသာစရာ (သို့မဟုတ်) ဝမ်းနည်းစရာသတင်းစကားကို သူဌေးကြီးအား တိုက်ရိုက်မပြောရ၊ ဆရာဝန်ကို အရင်ပြောရ၏။ ဆရာဝန်က နှလုံးအခြေအနေကို သေချာစမ်းသပ်ပြီး ကောင်းမွန်မှ ဝမ်းနည်း၊ ဝမ်းသာသတင်းစကားကို သူဌေးကြီးအား အသိပေး၏။

တစ်ခါတွင် သူဌေးကြီးထိုးထားသော ထီပေါက်သဖြင့် ဒေါ်လာသိန်းပေါင်းအတော်များများကို ရရှိမည် ဖြစ်၏။ ထို ဝမ်းသာစရာသတင်းကို သူဌေးကြီး၏သားသမီးများက ဆရာဝန်အား အသိ

ပေး၏။ ဆရာဝန်က ထိုသတင်းပြောမပြမီ သူဌေးကြီး နှလုံးအခြေအနေကို စမ်းသပ် စစ်ဆေး၏။ နှလုံးအခြေအနေ ကောင်းသည်ကို တွေ့သောအခါကျမှ သူဌေးကြီး စိတ်ခိုင်ခိုင်ထားပါဟု သတိပေးပြီး ထီပေါက်ကြောင်းသတင်းကို ပြောပြ၏။

သူဌေးကြီးကား ဘာမျှမဖြစ်။ သူဌေးကြီး ပြန်ပြောလိုက်သော စကားတစ်ခွန်းကြောင့်သာ ဆရာဝန်မှာ ချက်ချင်း လဲကျသေဆုံးသွား၏။ သူဌေးကြီး ပြောလိုက်သောစကားကား ဝမ်းသာစရာ သတင်းကို လာပြောသည့်အတွက် ရလာသောဆုငွေမှ သုံးပုံ၊ တစ်ပုံကို ဒေါက်တာ ယူလိုက်ပါ ဟူ၏။

ဒေါက်တာ သေဆုံးရခြင်းသည် ဆေးပညာအရ နှလုံးရပ်၍ သေဆုံးခြင်းတည်း။ ဓမ္မအရ- လောဘမီးလောင်၍ သေဆုံးခြင်းတည်း။ ဤစာအုပ်ရေးနေစဉ် တိုက်တိုက်ဆိုင်ဆိုင်ပင် မြိတ်မြို့၌ လောဘမီးကြောင့် စိတ္တဇဝေဒနာသည် ဖြစ်သွားသူနှစ်ဦးကို သိခဲ့ရ၏။ တစ်ဦးကား အင်ဂျင်နီယာ ဖြစ်၏။ အစိုးရလုပ်ငန်းတစ်ခုတွင် တာဝန်ထမ်းဆောင်နေ၏။

သူ့အထက်မှ အရာရှိတစ်ဦးက မကျေနပ်ချက်ပုဒ်မဖြင့် လုပ်ငန်းထဲတွင် နေရာမပေးဘဲ ထား၏။ ထိုအခါ သူ၏ရသင့်ရထိုက်သော အခွင့်အရေးများ ဆုံးရှုံးရ၏။ လစာများ၊ ဘေးပေါက်ငွေများကို အရမ်းလိုချင်သော လောဘမီးကလည်း လောင်၏။ ထိုလောဘမီးကို အကြောင်းပြုပြီး လိုတာမရသော သောက (ဒေါသ) မီးကလည်း လောင်၏။

> ရွှံ့ညွှန်သည် ရေကြောင့် ဖြစ်၏။ ရေကြောင့်ဖြစ်
> သော ရွှံ့ညွှန်ကို စင်ကြယ်စေလိုလျှင် ရေဖြင့်ပင်
> ပြန်လည် ဆေးကြောရ၏။ ထို့အတူ လောဘ၊

ဒေါသ စသော ကိလေသာများသည်
စိတ်ကြောင့် ဖြစ်၏။ စိတ်ကြောင့်ဖြစ်သော
လောဘ၊ ဒေါသ စသော ကိလေသာများ
စင်ကြယ်စေလိုလျှင် စိတ် (ဝိပဿနာ)
ဖြင့်ပင် ပြန်လည် ဆေးကြော ရ၏။

ထိုနည်းကို မသိလေသောအခါ အင်ဂျင်နီယာကြီးသည် သွက်သွက်ခါအောင် စိတ်ဖောက်ပြန်သွားရှာ၏။ တကယ့်အရေး တကယ့်ဘေးနှင့် တွေ့ကြုံလာသောအခါတွင် သူရထားသော အတတ်ပညာအင်ဂျင်နီယာဘွဲ့က ဘာမျှမတတ်နိုင်ခဲ့ပေ။ ဗုဒ္ဓလက်ထက်က မလ္လိကာအမည်ရှိ ဥပါသိကာမသည် အတတ်ပညာအနေဖြင့် မည်သည့်ဘွဲ့မှ မရရှိခဲ့ပါ။ သို့သော် ဗုဒ္ဓထံမှ ရရှိထားသော အသိပညာ ဘာသာရေးဘွဲ့များကား တစ်သီကြီး ရှိ၏။ ထို အသိပညာဘွဲ့များကား ဓမ္မမျက်စိရှိသူများသာ မြင်နိုင်ကြ၏။

ထိုအသိပညာ ဘာသာရေးဘွဲ့ရှိသောကြောင့်ပင် စစ်သူကြီးမဟာဗန္ဓုလနှင့် သား ၃၂ ယောက်ကို ကောသလမင်းကြီးက အထင်မှားကာ သတ်လိုက်သောသတင်းကို ကြားရသော်လည်း တုန်လှုပ်မှုမရှိခဲ့ခြင်း ဖြစ်၏။ ထိုသတင်းကို ကြားရသောအချိန်က မလ္လိကာသည် အရှင်သာရိပုတ္တရာနှင့် သံဃာအပါး၀ါးရာကို ဆွမ်းကပ်နေချိန် ဖြစ်၏။ ရရှိထားသော အသိပညာ ဘာသာရေးဘွဲ့ကြောင့် တည်ငြိမ်စွာ ဆွမ်းကပ်နိုင်ခဲ့သလို ကောသလမင်းထံတွင် နေရပ်သို့ ပြန်နေခွင့်ပြုရန် တည်ငြိမ်စွာတောင်းခံပြီး နေရပ်တွင် တရားဖြင့် အေးဆေးစွာပင် နေခဲ့၏။

ထို အင်ဂျင်နီယာကြီး စိတ္တဇဖြစ်နေသော ရက်ပိုင်းအတွင်းမှာပင် သက်တော် ၄၅ နှစ်ခန့်ရှိ ရဟန်းတစ်ပါးသည် မြိတ်မြို့

အရောက်တွင် ရတနာမျိုးစုံစီချယ်ထားသော ဗုဒ္ဓဆင်းတုတော်တစ်ဆူ အခိုးခံလိုက်ရ၏။

အခိုးခံရသောနေ့မှာပင် ရဟန်းတော်သည် စိတ်ငြိမ်ဆေးပင် မတိုးတော့အောင် စိတ်ဖောက်ပြန်သွားခဲ့၏။

ရန်ကုန်တွင် ထူးဆန်းသော၊ ရတနာမျိုးစုံစီချယ်ထားသော ဆင်းတုတော်များကို အိမ်တွင် ပူဇော်ပွဲလုပ်လျှင် စီးပွားတက်သည်၊ လာဘ်လာဘများသည် စသော အယူအဆများကြောင့် ဆင်းတုတော်များ အနားမနေရလောက်အောင် အပူဇော်ခံ ကြွနေရ၏။ ဘုရားနှင့် ပတ်သက်လာလျှင် ရှိသမျှ ချွတ်လျှုတတ်သော ဗုဒ္ဓဘာသာဝင်များ၏ အညာကိုသိသော ဘာသာရေးသိုက်တူးသမားများ၏ လက်သစ်တီထွင်ချက်တစ်ခုပင် ဖြစ်၏။

ဆင်းတုတော်ကို ရှိခိုးပူဇော်ရာ၌ ဆင်းတုတော်က ကောင်းကျိုးပေးသည် မဟုတ်၊ မိမိစေတနာနှင့် သဒ္ဓါက ကောင်းကျိုးပေးသည်ဆိုသောအချက်ကို ဗုဒ္ဓဘာသာဝင်များ သေချာမသိသေးသ၍ ဘာသာရေး သိုက်တူးသမားများပါးစပ်တွင် ဆီစိုနေဦးမည်သာ ဖြစ်၏။ ယခု ရဟန်းတော်သည် မြိတ်မြို့တွင် ထိုသို့ ရုပ်ပွားကိုပြစားရန် သိန်းပေါင်းများစွာအကုန်ခံပြီး ရုပ်ပွားတော်ကို ရတနာမျိုးစုံစီချယ်လာခြင်း ဖြစ်ဟန်တူ၏။

မျိုးစေ့မမှန် ပင်မသန်ဟူသောစကားအတိုင်း ထိုရဟန်းသည် ရုပ်ပွားကို ရတနာများစီချယ်ရာ၌ ကြည်ညိုသောကြောင့် မဟုတ်၊ ရတနာများကိုကြည့်ပြီး ပင့်သူများလိုသောကြောင့်သာ ဖြစ်၏။ ပင့်သူများလျှင် ပူဇော်ငွေများ ရမည်ဟူသော လောဘမီး တညီးညီး လောင်လျက်ဖြင့် ရုပ်ပွားကို ပင့်ဆောင်လာခဲ့ခြင်း ဖြစ်၏။ လောဘစသော ကိလေသာများ ကုန်ခန်းပြီးသား ဗုဒ္ဓရုပ်ပွားတော်ကိုမှ

လောဘ ကြီးပွားရေးအတွက် အသုံးချရဲခြင်းကား တွေးကြည့်လေ ကြောက်စရာကောင်းလေပင် ဖြစ်၏။

ထိုရုပ်ပွားအခိုးခံရသောအခါ လောဘမီးမှတစ်ဆင့် ဒေါသမီးပါလောင်ပြီး စိတ္တဇဝေဒနာရှင်ဘဝသို့ ရောက်ခဲ့ရခြင်း ဖြစ်၏။ မသိမှုအဝိဇ္ဇာကို ခေါင်းဆောင်တင်ထားသော လောဘသည် စွဲလမ်းဖို့တစ်ခုသာ သိ၏။ စွဲလမ်းမှုအတွက် ရောက်ရမည့်ဒုက္ခကိုကား မသိချေ။ ထို့ကြောင့် ဗုဒ္ဓလက်ထက်က တိဿအမည်ရှိ ရဟန်းတစ်ပါးသည် သင်္ကန်းတစ်စုံကို စွဲလမ်းသည့်လောဘနှင့် သေခဲ့သောကြောင့် ထိုသင်္ကန်းခေါက်ထဲတွင် သန်းပြိတ္တာဘဝသို့ ရောက်ခဲ့ရခြင်း ဖြစ်၏။

ထို့ကြောင့် မဃဒေဝ၌-

'ဥစ္စာစုကို၊ မဆိုထားလွတ်၊
ကိုယ်ဝတ်ခြုံလွှမ်း၊ ပုဆိုးနွမ်းက၊ သင်္ကန်းမျှ၌၊
လောဘဤဟိတ်၊ ငဲ့သည့်စိတ်ကြောင့်၊
ဘုတ်ပြိတ်သန်းပျ၊ ဖြစ်ကုန်ကြ၏'
ဟု စပ်ဆိုခဲ့ခြင်း ဖြစ်၏။

တစ်ဖန် နောက်အပိုဒ်၌ ဆက်လာသည်မှာ-

'ပြင်ပဥစ္စာ၊ မဟုတ်စွာသေး၊
ကာယအဆင်း၊ ကိုယ်အတွင်းဝယ်၊
မွေးညင်းဆံစု၊ ရုပ်ဝတ္ထု၌၊
တစ်ခုခုတပ်၊ စွဲကပ်စွန်းငြိ၊
ဇောဝီထိဖြင့်၊ စုတိပုဂ္ဂိုလ်၊
ထိုထိုပိုးလောက်၊ စားသောက်ပြန်ကာ၊
ဖြစ်တတ်စွာဟု၊ ကျမ်းလာမုချ၊
ဤသို့ပြ၏' ဟူ၍ ဖြစ်၏။

အဓိပ္ပာယ်မှာ သားမယား၊ ဥစ္စာစည်းစိမ်စသော ပြင်ပဥစ္စာကို မဆိုထားနှင့်၊ မိမိခန္ဓာကိုယ်အသွေးအသားကို စွဲလမ်းသော လောဘနှင့် သေခဲ့လျှင် ထိုပုပ်သိုးသွားသော ခန္ဓာကိုယ်မှ အသွေးအသားများကို ပြန်လည်စားသောက်ရသည့် လောက်ပြွတ်ဘာများ ဖြစ်ရမည်ဟု ဆိုလိုခြင်း ဖြစ်၏။ ရန်ကုန်မြို့ရှိ ကြံတောသုသာန်ကြီး မဖျက်ရသေးခင်က မိမိအရိုးကိုစွဲပြီး သရဲဖြစ်နေသူတစ်ဦး၏ အကြောင်းကို ဖတ်ရဖူး၏။

ဆေးကျောင်းသားတစ်ယောက်သည် ကြံတောသုသာန်ထဲမှ အသင့်တွေ့ရသော အရိုးတစ်ချောင်းကို ကောက်ယူလာပြီး ဆေးပညာအတွက် လက်တွေ့လေ့လာ၏။ ညဥ့်နက်သွားသောအခါ အိပ်ငိုက်ပြီး ထိုအရိုးမှာ ကြမ်းပြင်ပေါ်သို့ လွတ်ကျသွား၏။ ဆေးကျောင်းသားသည် အမှတ်တမဲ့ ခြေထောက်ဖြင့်ညှပ်ပြီး ပြန်ကောက်ယူလိုက်မိ၏။

ညအိပ်သောအခါ ထိုအရိုးကိုစွဲပြီး ပြိတ္တာဖြစ်နေသူက သူ့အရိုးကို ခြေထောက်နှင့် မကောက်ရန်၊ လက်နှင့်သာကိုင်ရန် လာပြီး အိပ်မက်ပေး၏။ ဆေးကျောင်းသားသည် ခေတ်လူငယ်တစ်ယောက်ဖြစ်၍ ထိုအိပ်မက်ကို ယုံကြည်ခြင်းမရှိ။ စွဲလမ်း၍ မက်တာဟုသာမန် ယူဆထားလိုက်၏။ ထို့ကြောင့် နောက်နေ့ညတွင်လည်း လွတ်ကျသွားသော အရိုးကို ခြေထောက်နှင့်ပင် ကောက်လိုက်၏။

ည အိပ်ပျော်ချိန်ရောက်သောအခါ မနေ့က ပြိတ္တာသည်ပင် အိပ်မက်ထဲတွင် ပြန်ပေါ်လာပြီး သူ့အရိုးကို တားမြစ်ထားသည့်ကြားထဲက ခြေထောက်နှင့် ကောက်ရပါမည်လားဟုဆိုကာ ဆေးကျောင်းသား၏ လည်ပင်းကို ညှစ်၏။ ထိုအခါကျမှ ဆေးကျောင်းသား

သည် လန့်နိုးသွားကာ ပြိတ္တာတို့၏သဘောကို နားလည်သွား၏။ မိုးလင်းသောအခါ ထိုအရိုးကို သုသာန်ထဲသို့ သွားပို့လိုက်ရ၏။

စွဲလမ်းတပ်မက်ခြင်း တဏှာ၏ ဆိုးကျိုးများကို မြင်တော်မူသော ဗုဒ္ဓက- "အမွေအပေါ်၌ မဆိုထားဘိ၊ ဓမ္မအပေါ်၌ပင် မစွဲလန်းရ" ဟု မဇ္ဈိမနိကာယ်၊ အလဂဒ္ဒူပမသုတ်၌ ယခုလို ဟောကြားတော်မူခဲ့၏။

ရဟန်းတို့၊ ငါသည် ဖောင်ဥပမာတရားကို ဟောကြားပေအံ့၊ နာကြကုန်လော့။ ရဟန်းတို့၊ ဥပမာကား ခရီးရှည်သွားသော ယောကျ်ားတစ်ယောက်သည် လမ်းခရီး၌ အပြောကျယ်သော ရေပင်လယ်ကြီးတစ်ခုကို တွေ့မြင်ရာ၏။ ထိုရေပင်လယ်ကြီး၏ ဤမှာဘက်ကမ်းသည် ထိတ်လန့်ကြောက်ရွံ့ဖွယ် ဘေးအန္တရာယ်ထူပြောပြီး ဟိုမှာဘက်ကမ်းသည်ကား ဘေးရန်ကင်းဝေး အေးချမ်းသာယာသည် ဖြစ်ရာ၏။

သို့သော် ဟိုမှာဘက်ကမ်းသို့ကူးရန် လှေလည်းမရှိ၊ တံတားလည်း မရှိချေ။ ခရီးသွားယောကျ်ားသည် အနီးအနားရှိ သစ်ပင်များကိုစုဆောင်း၍ ဖောင်ဖွဲ့ပြီး ဟိုမှာဘက်ကမ်းသို့ သွားလေရာ၏။ ဟိုမှာဘက်ကမ်းသို့ ရောက်သောအခါ ဤဖောင်ကား ငါ့အား ကျေးဇူးများ၏ဟု ကြံ၍ ထိုဖောင်ကို ပခုံးဖြင့် ထမ်းဆောင်သွားသော် ပြုသင့်၊ ပြုထိုက်သောကိစ္စကို ပြုသည် မမည်။

စင်စစ် ထိုဖောင်ကို ကုန်းပေါ်သို့တင်၍ ဖြစ်စေ၊ ရေထဲ၌ မျှောခဲ့၍ ဖြစ်စေ၊ လိုရာသို့ ဆက်လက်သွားခြင်းသည်သာလျှင် ပြုသင့်ပြုထိုက်သောကိစ္စကို ပြုသည်မည်

၏။ ရဟန်းတို့၊ ထိုနည်းတူပင် ငါသည် ဆင်းရဲမှ ထွက်မြောက်ရန်အလို့ငှာ ဖောင်ဥပမာတရားကို ဟောကြားအပ်၏။ စွဲယူရန်အလို့ငှာ ဟောကြားအပ်သည် မဟုတ်။ ရဟန်းတို့၊ ဖောင်ဥပမာတရားကို နားလည်သော သင်တို့သည် ဓမ္မကိုပင် စွန့်ပယ်အပ်၏။ အဓမ္မကိုကား ဆိုဖွယ်မရှိတော့ပေ။

မြင်အာရုံ၊ ကြားအာရုံ၊ နံအာရုံ၊ စားအာရုံ၊ ထိအာရုံ ဟုဆိုအပ်သော ငါးဒွါရ၌ဖြစ်သော လောဘထက် မနောဒွါရ၌ ထင်လာသော အတွေးအာရုံ (ဓမ္မာရုံ) အပေါ် စွဲလမ်းသောလောဘကြောင့်သာ ဘဝသစ် ဖြစ်ကြရခြင်း ဖြစ်၏။

သာဓကတစ်ခု ပြအံ့။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်ခန့်က မြိတ်မြို့နယ်၊ ပဆွတ်ရွာမှ ရွာသူရွာသားများသည် တခြားရွာတစ်ရွာသို့ စက်လှေကြီးတစ်စင်းဖြင့် မင်္ဂလာဆောင်သွားကြ၏။ ထိုစက်လှေကြီးသည် လမ်းခုလတ်တွင် ဓားပြအတိုက်ခံရ၏။ ဓားပြများမှာ သရဲမရဲ စီးနေကြသဖြင့် ပစ္စည်းကိုလည်း ယူ၏။ လူကိုလည်း သတ်၏။

ထိုရွာသူများထဲတွင် မဝင်းရီအမည်ရှိ အပျိုအရွယ် မိန်းကလေးတစ်ယောက်လည်း ပါ၏။ ဓားပြခေါင်းဆောင်သည် မဝင်းရီလက်မှ လက် ကောက်များကို အတင်းချွတ်ခိုင်း၏။ အသက်ဘေးကြောင့် မဝင်းရီကလည်း အလျင်အမြန် ချွတ်ပေးပါ၏။ သို့သော် လက်ကောက်များက လွယ်လွယ်နှင့်မကျွတ်၊ ထိုအခါ ဓားပြခေါင်းဆောင်သည် မဝင်းရီ၏ ဘယ်ဘက်လက်ကို လက်ကောက်ဝတ်မှစ၍ ဖြတ်ချလိုက်၏။ လက်ကောက်များကို မြန်မြန် ယူချင်နေသောကြောင့်ပင် ဖြစ်၏။

ထိုအခါ မဝင်းရီသည် နောက်ထပ် လက်တစ်ဖက်ကို ဆက်အဖြတ်ခံရမှာစိုးသဖြင့် ဖြစ်ချင်ရာဖြစ်ဟု သဘောထားပြီး မြစ်ထဲသို့ ခုန်ချလိုက်၏။ အမှုမပေါ်အောင် ခြေရာလက်ရာဖျောက်ပစ်လိုသော ဓားပြများက ရေကူးသွားသော မဝင်းရီနောက်မှ စက်လှေနှင့် လိုက်၍ မသေမချင်း သေနတ်ဖြင့် ပစ်သတ်ကြ၏။

သေနတ်ဒဏ်ရာများဖြင့် ရေထဲနစ်သွားသောအခါ မဝင်းရီတွင် မြင်၊ ကြား၊ နံ၊ စား၊ ထိအာရုံများ မထင်ရှားတော့ဘဲ အတွေးအာရုံများသာ ထင်ထင်ရှားရှား ကျန်နေ၏။ မဝင်းရီ၏ မနောအာရုံတွင် လက်ကောက်ဝတ်ပြတ်နေသော ဘယ်ဘက်လက်နှင့် သူ့ကိုသတ်သော ဓားပြခေါင်းဆောင်တို့ ပေါ်နေ၏။ ထိုပေါ်နေသောအာရုံကို တဏှာက စွဲလမ်း၏။

စိတ်သည် အာရုံတစ်ခုသာယူနိုင်သဖြင့် လက်ပြတ်နှင့် ဓားပြခေါင်းဆောင်၏ပုံတို့ကို တစ်ပြိုင်နက်ယူနေသည် မဟုတ်။ တစ်ခုပြီးမှ တစ်ခု ယူနေခြင်း ဖြစ်၏။ သို့သော် စိတ်က မြန်လွန်းသဖြင့် တစ်ပြိုင်နက် ယူသည်ဟု ထင်ရ၏။ ဇာတ်ပွဲကြည့်နေသောအခါ မင်းသား၊ မင်းသမီး ဟူသော အဆင်းရုပ်ကိုလည်း မြင်နေ၏။ ဆိုင်းသံ၊ ဗုံသံ ဟူသော အသံရုပ်ကိုလည်း ကြားနေ၏။ ပွဲခင်းဈေးဆိုင်များမှ ပျံ့လွင့်လာသော အကြော်အလှော် အနံ့ရုပ်ကိုလည်း နံနေ၏။ ပါးစပ်ထဲ အချဉ်ပေါင်းထည့်ထားသဖြင့် ရသာရုံကိုလည်း ခံစားနေ၏။ ယားဖုတစ်ခု ကိုလည်း ကုတ်နေရာ အတွေ့အထိအာရုံလည်း ခံစားနေ၏။

ဤနေရာ၌ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်များသည် တစ်ပြိုင်နက်ဖြစ်နေသလို ထင်ရ၏။ အမှန်ကား စိတ်သည် အာရုံငါးမျိုးလုံးကို တစ်ပြိုင်နက်မယူနိုင်၊ တစ်ခုပြီးမှ

တစ်ခုသာ ယူနိုင်၏။ စိတ်သည် တစ်စက္ကန့်အတွင်း ကုဋေတစ်သိန်း ဖြစ်ပျက်သွားနိုင်ရာ မြန်လွန်းအားကြီးရကား အာရုံ ငါးမျိုးလုံးကို တစ်ပြိုင်နက် သိနေ၊ ခံစားနေသလို ထင်ရခြင်း ဖြစ်၏။

ယခုလည်း မဝင်းရီသည် မနောဒွါရ၌ ထင်လာသည့် ပြတ်နေသော လက်တစ်ဖက်၏ အာရုံ၊ ဓားပြခေါင်းဆောင်၏ အာရုံတို့ကို စွဲလမ်းသောတဏှာဖြင့် သေသောကြောင့် ထို ဓားပြခေါင်းဆောင် ကတော်ဝမ်းမှာပင် ပဋိသန္ဓေ သွားနေ၏။ မနောဒွါရ၌ ထင်လာသော ဓမ္မာရုံ၏ အရသာကို ဝေဒနာက ခံစား၏။ ထိုဝေဒနာကို တဏှာက လောဘ အသေးစားအနေဖြင့် တပ်မက်၏။

ဥပါဒါန်က လောဘအကြီးစားအနေဖြင့် မရမနေ စွဲလမ်း၏။ ဥပါဒါန်ဟူသော မှီရာအကြောင်းကို ရသောအခါ ယခုဘဝ မဝင်းရီ ပြုထားသည့် လောကီကုသိုလ်စေတနာတို့က ကမ္မဘဝဟူသော အမည်ဖြင့် တွန်းအားတစ်ခု ဖြစ်လာ၏။ လူ့ဘဝခန္ဓာ၏ ဒုက္ခကို မသိမှုအဝိဇ္ဇာ၊ လူ့ဘဝခန္ဓာကို လိုချင်သော တဏှာ၊ လူ့ဘဝခန္ဓာကို မရမနေ စွဲလမ်းသော ဥပါဒါန်ဘဝဖြစ်အောင် စေ့ဆော်အားထုတ်သော စေတနာ (ခေါ်) ကမ္မဘဝဟူသောအကြောင်းများက ဓားပြခေါင်းဆောင်၏သမီးဟူသော လူ့ဘဝဇာတိကို ဖြစ်စေခြင်းဖြစ်၏။

ဤသဘာဝယုတ္တိ၊ သာကေယုတ္တိ၊ အာဂမယုတ္တိကို ထောက်၍ လူ့ဘဝလူ့ခန္ဓာသည် အကြောင်းမဲ့ သူဖြစ်ချင်သလို ဖြစ်လာသည်ဟု အယူမှားသော အဟေတုကဒိဋ္ဌိ၊ ထာဝရဘုရား အစရှိသည့် တန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းသည်ဟု အယူမှားသော ဝိသမဟေတုဒိဋ္ဌိတို့ကို ဝိဘဇ္ဇဝါဒအသိဉာဏ်ဖြင့် ပယ်ရှားပြီးလျှင်- အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဟူသော အကြောင်းတရားကြောင့် ဖြစ်

လာသည့် အကျိုးတရားသာတည်းဟု ဗုဒ္ဓဘာသာတိုင်း ပြတ်သားစွာ သိထားသင့်၏။

မဝင်းရီကို မွေးပြီးပြီးချင်း ခဏအကြာမှာပင် ဓားပြခေါင်းဆောင်သည် ကလေးကိုဝင်ကြည့်ရာ ဘယ်ဘက်လက်ကောက်ဝတ်ပြတ်နေသည်ကို တွေ့လိုက်သည်နှင့် သူကျူးလွန်ခဲ့သောပြစ်မှုကို ပြန်အမှတ်ရသွားပြီး အလွန်မိုက်သော သူတို့သည် အလွန်ကြောက်တတ်သည့် သဘာဝအတိုင်း- အရင်ဘဝက ငါသတ်ပစ်ခဲ့တဲ့ကောင်မလေး ငါ့ဆီ ပြန်ရောက်လာတယ်၊ တော်ကြာ ငါ့ကို ပြန်သတ်လိမ့်မယ် ဟူသော အတွေးကြောင့် ဇနီးသည်ရင်ခွင်ထဲမှ ကလေးကို ဆွဲယူကာ အိမ်အပေါ်ထပ်ပြတင်းပေါက်မှ အောက်သို့ ပစ်ချလိုက်၏။

ကံကောင်းသော မဝင်းရီကား ကောက်ရိုးပုံပေါ် သွားကျသောကြောင့် အသက်မသေခဲ့ခြင်း ဖြစ်၏။ မဝင်းရီ အရွယ်ရောက်လာ၍ ဖြစ်ကြောင်းကုန်စင် မိခင်ကိုပြောပြရာ သားအမိနှစ်ယောက်လုံး ဓားပြခေါင်းဆောင်ထံမှ ထွက်ပြေးခဲ့ကြပြီး မြိတ်မြို့ပေါ် လာနေကြ၏။ ယခုအချိန်ထိ သူတို့သားအမိ ရှိနေကြ၏။ တဏှာကား စွဲလမ်းဖို့ တစ်ခုသာ သိ၏။ ပြတ်နေသောလက်ကို စွဲလမ်းလျှင် နောက်ဘဝ လက်ပြတ်လေး ဖြစ်လိမ့်မည်။ ဓားပြခေါင်းဆောင်ကို စွဲလမ်းလျှင် နောက်တစ်ကြိမ် အသတ်ခံရလိမ့်မည်ဟု တွေးခေါ်မြော်မြင်နိုင်မှု မရှိပေ။

အဘယ်ကြောင့်နည်း။ တဏှာ၏ အပေါင်းအဖော်သည် အမှန် (သစ္စာ) ကို မသိမှုအဝိဇ္ဇာ ဖြစ်နေသောကြောင့်ပင်တည်း။ ဤဖြစ်ရပ်၌ မဝင်းရီသည် သေခါနီးသောအခါ လက်ပြတ်အာရုံ၊ ဓားပြခေါင်းဆောင်အာရုံဟူသော မွှာရုံတို့ကို ဝိတက်ဖြင့်တွေးယူ၏။ ဝိတက်ကတွေးပြီးတင်ပေးသဖြင့်ပေါ်လာသောအာရုံကို တဏှာ

က စွဲယူပြီး နောက်ဘဝဖြစ်အောင် ကျန်တရားများ၏ အကူအညီဖြင့် ဖန်တီးခြင်း ဖြစ်၏။

ဘဝပြတ်ပြီး နိဗ္ဗာန်ဝင်လိုပါက ဘဝသစ်ကိုဖြစ်စေသော ဝိတက်တို့ကို မတွေးမိအောင်၊ နောင်မတွေးချင်အောင် ပညာဖြင့် ဆင်ခြင်တတ်ဖို့အတွက် မဇ္ဈိမနိကာယ၊ ဒွေဓါဝိတက္ကသုတ်၌ ဗုဒ္ဓက ယခုလို ဟောကြားတော်မူခဲ့၏။

ရဟန်းတို့၊ ငါသည် သစ္စာလေးပါးကို ထိုးထွင်း၍ မသိမြင်သေးမီ ဘုရားလောင်းဖြစ်စဉ်ကပင် ကြံစည်ခြင်း ဝိတက်တို့ကို နှစ်မျိုးနှစ်စား ခွဲခြား၍နေရပါမူ ကောင်းလေစွဟု စဉ်းစားခဲ့၏။

ထို့နောက် ငါသည် ကာမဂုဏ်နှင့် စပ်သော ကြံစည်မှု ကာမဝိတက်၊ ပျက်စီးစေလိုခြင်းနှင့် စပ်သော ကြံစည်မှု ဗျာပါဒဝိတက်၊ ညှဉ်းဆဲလိုမှုနှင့် စပ်သော ကြံစည်မှု ဝိဟိံသာဝိတက်တို့ကို တစ်ဖို့တစ်စု ပြုထားခဲ့၏။ လွတ်မြောက်ရေးနှင့် စပ်သော ကြံစည်မှု နေက္ခမ္မဝိတက်၊ မပျက်စီးစေလိုခြင်းနှင့် စပ်သော ကြံစည်မှု အဗျာပါဒဝိတက်၊ မညှဉ်းဆဲလိုခြင်းနှင့် စပ်သော ကြံစည်မှု အဝိဟိံသာဝိတက်တို့ကို တစ်ဖို့တစ်စု ပြုထားခဲ့၏။

❀ ❀ ❀ ❀ ❀

## မကောင်းသော ကြံစည်မှုများ ပျောက်သွားအောင် ဆင်ခြင်ပုံ

ရဟန်းတို့၊ မမေ့မလျော့သည်ဖြစ်၍ ကမ္မဋ္ဌာန်း အလုပ်ကို အပူတပြင်း ကြိုးစားအားထုတ်၍ နေသော ငါ့အား တစ်ခါတစ်ရံ ကာမဝိတက်သည် ဖြစ်ပေါ်လာ၏။ ထို အခါ ငါ့အား ကာမဝိတက် ဖြစ်ပေါ်လာ၏။ ဤ ကာမဝိတက်သည် မိမိ သူတစ်ပါး နှစ်ပါးလုံးကို ဆင်းရဲစေနိုင်၏။ အသိဉာဏ်ကို ပိတ်ပင်နိုင်၏။ ပင်ပန်းခြင်းသို့ ရောက်စေနိုင်၏။ ငြိမ်းချမ်းမှုကို မဖြစ်စေနိုင်ဟူ၍ ငါ သိမြင်ခဲ့၏။ ဤသို့ သိမြင်သည်ဖြစ်၍ ကာမဝိတက်၏ အပြစ်များကို ဆင်ခြင်သော ငါ့အား ကာမဝိတက်သည် ပျောက်ပျက်သွားခဲ့၏။ (ဗျာပါဒဝိတက်နှင့် ဝိဟိံသာ ဝိတက်တို့ကိုလည်း ကာမဝိတက်နည်းတူ ဆင်ခြင်၍ ပယ်ဖျောက်ရသည်)

ကာမဂုဏ်စိတ်သည် ကာမဂုဏ်အကြောင်းကို ကြံစည်စိတ်ကူးမှသာလျှင် ပေါ်လာနိုင် ကြောင်းကို မဟာနိဒ္ဒေသ ပါဠိတော်၊ ကာမသုတ္တနိဒ္ဒေသ၌ ယခုလို ဟောတော်မူခဲ့၏။

အဒ္ဒသံ ကာမ တေမူလံ၊
သင်္ကပ္ပါ ကာမဇာယတိ။
နတံ သင်္ကပ္ပယိဿာမိ၊
ဧဝံ ကာမ နဟောဟိသိတိ။

> အို . . . . . ကာမ သင်၏ ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းကို ငါ မြင်ရလေပြီ။ အသင်ကာမကို ကြံစည်စိတ်ကူး ခြင်းကြောင့်သာလျှင် အသင်ကာမ ဖြစ်ပေါ်လာရခြင်း ဖြစ်၏။ အသင့်ကို ဤသို့ ကြံစည်စိတ်ကူးခြင်း မပြုပါက အသင်ကာမသည် ဖြစ်ပေါ်မလာနိုင်တော့ချေ။

ဤဒေသနာညွှန်ကြားချက်အရ ကာမဂုဏ်၏ ညှင်းဆဲခံရမှုမှ လွတ်လိုလျှင်၊ ဘဝသစ်ဖြစ်ခြင်းမှ လွတ်လိုလျှင်၊ ကာမဝိတက်ကို လက်မခံဖို့သာ လို၏။ ဉာဏ်ဖြင့် ဝေဖန်ဆန်းစစ်ကြည့်လျှင် အာရုံ ၆ ပါးသည် ရုပ်တရား ဖြစ်၏။ ရုပ်တရားမှန်သမျှသည် ဒုက္ခသစ္စာ ထဲ၌ ပါ၏။ ဒုက္ခသစ္စာသည် ပယ်ရမည့် တရားမဟုတ်။ မမြဲ၊ ဆင်းရဲ၊ အစိုးမရသောတရားပါလားဟု သိရုံသိရမည့် တရားဖြစ်၏။ ပယ် သတ်ရမည့်တရားကား ထို အာရုံ ၆ ပါးအပေါ် တွယ်တာ တပ်မက် သော တဏှာသာ ဖြစ်၏။

အာရုံ ၆ ပါးကား ရဟန္တာများပင် ရှောင်လွှဲ၍မရ။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော အခံဓာတ် ၆ ပါးရှိနေသဖြင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေးအာရုံဟူသော အတိုက်ဓာတ် ၆ ပါးက လာတိုက်နေမည်သာ ဖြစ်၏။ ရဟန္တာများ ဆွမ်းဘုဉ်းပေးရခြင်းသည် ရသာရုံကို ခံစားခြင်းဖြစ်သလို နူးညံ့သောသင်္ကန်းကို ဝတ်ရခြင်းသည် အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းပင် ဖြစ်၏။

သို့သော် တဏှာကုန်ခန်းပြီးဖြစ်သောကြောင့် အာရုံ ၆ ပါးသည် ရဟန္တာအတွက် ပူလောင်သောအဆိပ် မဖြစ်တော့ပေ။

ပုတုဇဉ်များကား တဏှာဖြင့် စွဲလမ်းတပ်မက်သောကြောင့် အာရုံ ၆ ပါးသည် ပူလောင်သောအဆိပ် ဖြစ်ရခြင်းပင်။ ထို့ကြောင့် ကာမ အစစ်သည် အာရုံ ၆ ပါးမဟုတ်၊ အာရုံ ၆ ပါးအပေါ် တပ်မက်သော ရာဂ (တဏှာ) သာ ဖြစ်ကြောင်း ဗုဒ္ဓက ယခုလို ဟောကြား ခဲ့၏။

နတေကာမယာနိ၊
စိတြာနိလောကေ။
သင်္ကပ္ပရာဂေါ၊ ပုရိသဿကာမော၊
*(အင်္ဂုတ္တိုရ်ပါဠိတော်၊ ဆက္ကနိပါတ်)*

လောက၌ ဆန်းကြယ်ကုန်သော အကြင်ဝတ္ထုအာရုံ ကာမဂုဏ်တို့သည် ရှိကုန်၏။ စိတ်ကူး ကြံစည်အပ်သော ရာဂသည်သာလျှင် သတ္တဝါတို့၏ ကာမမည်၏။

မြွေဆိပ်သည် အသုံးမပြုတတ်သူကို သေစေနိုင်သော် လည်း၊ အသုံးပြုတတ်သူအတွက်ကား မြွေဆိပ်ဖြေဆေးတစ်မျိုး ပင် ပြန်ဖြစ်သွား၏။ ထို့အတူ အာရုံ ၆ ပါးသည် အသုံးမပြု တတ်သူအတွက် အပါယ်လေးပါးသို့ လားကြောင်းဖြစ်သော် လည်း အသုံးပြုတတ်သူ အတွက်ကား နိဗ္ဗာန်ရောက်ကြောင်း တရားပင် ဖြစ်၏။ အာရုံ ၆ ပါး တိုက်ဆိုင်လာတိုင်း ပေါ်လာ သော ပရမတ်ခန္ဓာငါးပါး၏ အနိစ္စ ဖြစ်ပျက်ကို ရှု၍ ရဟန္တာ ဖြစ်ခဲ့ရကြောင်း ရဟန္တာကြီးတစ်ပါးက တရားရှုမှတ်နည်း မေးမြန်းလာသော ပုထုဇဉ်ရဟန်းတစ်ပါးကို ထုတ်ဖော်ပြောဆို ခဲ့ဖူး၏။

*( သံယုတ်ပါဠိတော်၊ ကိံသု ကောပမသုတ် )*

ကာမဂုဏ်အာရုံ ၆ ပါးသည် အမိကရန်သူမဟုတ်။ ထိုကာမဂုဏ်အာရုံကို စွဲမက်သော တဏှာသည်သာ အမိကရန်သူ ဖြစ်ကြောင်း သိထားသော ဗုဒ္ဓက သစ္စာလေးပါးတွင် တဏှာကို ပယ်သတ်ရမည့် သမုဒယသစ္စာနေရာ၌ ထည့်သွင်းတော်မူခဲ့ခြင်း ဖြစ်၏။ ထိုတဏှာကို ပယ်သတ်နည်းလေးမျိုးဖြင့် ပယ်သတ်ရန် ဗုဒ္ဓက နည်းပေးခဲ့၏။ ယင်းနည်းများကား-

ဒါနပြု၍ ပယ်သတ်ခြင်း၊
ခုတင်ဆောက်တည်၍ ပယ်သတ်ခြင်း၊
အသုဘဘာဝနာရှု၍ ပယ်သတ်ခြင်း၊
ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် ပယ်သတ်ခြင်း
တို့ပင် ဖြစ်၏။

လောဘသည် အဆင့်သုံးဆင့်ဖြင့် တည်နေ၏။ ဗဟိဒ္ဓပစ္စည်းဥစ္စာများကို အဆင့်သုံးအနေဖြင့် တပ်မက်၏။ ခန္ဓာကိုယ်၊ အသွေးအသား၊ ခြေလက်အင်္ဂါများကို အဆင့်နှစ်အနေဖြင့် တပ်မက်၏။ အသက်ဝိညာဉ်ကို အဆင့်တစ်အနေဖြင့် တပ်မက်၏။ ငွေတစ်ထောင်ကို လှူနိုင်ခြင်းသည် ထိုငွေတစ်ထောင်အပေါ်၌ တပ်မက်သော လောဘကို ပယ်သတ်နိုင်သောကြောင့် ဖြစ်၏။

သွေးလှူခြင်း၊ မျက်ကြည်လွှာလှူခြင်း၊ ကျောက်ကပ်လှူခြင်းတို့သည် ထိုသွေးမျက်ကြည်လွှာ၊ ကျောက်ကပ်တို့အပေါ်၌ တပ်မက်သောလောဘကို ပယ်သတ်နိုင်သောကြောင့် ဖြစ်၏။ လေးမင်လေးဖိုလ်ရလျှင်ကား အသက်ဝိညာဉ်အပေါ်မှာ တပ်မက်သောတဏှာပါကုန်၏။ ထိုအဆင့်တစ် တဏှာကုန်သောနေ့သည် ရဟန္တာ ဖြစ်သောနေ့ပင် ဖြစ်၏။

အပါယ်ကျသောသူတစ်ရာတွင် ဝမ်းရေးကြောင့် ကျသောသူက ၉၉ ယောက်ထိရှိကြောင်း သိရ၏။ ဤအချက်ကို ထောက်၍

ပုထုဇဉ်လူသား၏ အစားလောဘသည် မည်မျှလောက်ထိ ကြီးမား ကြောင်း သတိပြုနိုင်၏။ ဓုတင် (၁၃) ပါးတွင် အစားနှင့်ပတ်သက် သော ဓုတင်သုံးပါးပါ၏။ ထိုသုံးမျိုးတွင် ပတ္တပိဏ်ဓုတင်ကား သက် သာလွယ်ကူသောကြောင့် လူပုဂ္ဂိုလ်များပါ ဆောင်သင့်၏။

ပတ္တပိဏ်ဓုတင်ဟူသည် ဟင်းများကို တစ်ခွက်စီ ထည့်မစားဘဲ ထမင်းခွက်ထဲတွင် အားလုံးရောနယ်ကာ စားခြင်းဖြစ်၏။ ဟင်းခွက် လေးခွက်၊ ထမင်းခွက်တစ်ခွက် စုစုပေါင်း ခွက်ငါးခွက်ဆိုလျှင် လောဘငါးမျိုး ဖြစ်နေ၏။ ထမင်းတစ်ခွက်ထဲမှာ ဟင်းများကို ရော နယ်စားလိုက်လျှင် ဟင်းခွက်လေးခွက် လျော့သွားသဖြင့် လောဘ လေးမျိုး လျော့သွား၏။ ဤကား ဓုတင်ဖြင့် လောဘကို သတ်ပုံတည်း။

"ရှေးခေတ်က ပညာရေးသည် ဘုန်းကြီးကျောင်းမှ လာ၏။ ဘုရင်မှစပြီး ဘုန်းကြီးကျောင်းသားများ ဖြစ်၏။ ပိဋကတ်စာပေ တတ်ကျွမ်းသူများသည် နန်းတွင်းတွင် နေရာရကြ၏။ တစ်ခါတရံ ပိဋကတ်စာပေ အလွန်ကျွမ်းကျင်သော ဆရာတော်ကြီးများကို လျှောက်ထားတောင်းပန်ပြီး လူဝတ်လဲကာ ပညာရှိအမတ်ကြီး သက် တော်ရှည်အမတ်ကြီးလို ရာထူးများကို ဘုရင်များက ပေးတတ်ကြ ၏။

တစ်ခါတွင် အမတ်ကြီးတစ်ဦးက ပိဋကတ်ကျွမ်းသော ညောင်ကန် ဆရာတော် ဦးဗုစ်ကို လူဝတ်လဲလျှင် ပညာရှိအမတ်ကြီးနေရာကို ရနိုင်ကြောင်းလျှောက်ထားရာ ဆရာတော်က မင်းတို့ အမတ်ရာထူး ကို တို့ရဟန်းဘဝ ကုဋီတစ်ခါတက်လောက်တောင် မမက်ဘူးဟု ပြန်ပြောခဲ့ဖူး၏။ အညစ်အကြေးစွန့်ချိန်တွင် အသုဘဘာဝနာ ရှုပွားလျှင် ခန္ဓာကိုယ်၌ တပ်မက်သောတဏှာ မြန်မြန်ကုန်စေ၏။

သကဒါဂါမ်အဆင့်မှ အနာဂါမ်အဆင့်သို့ မြန်မြန်ရောက်လို သောသူများသည် ဝိပဿနာနှင့်အတူ အသုဘဘာဝနာကိုပါ တွဲ

ဖက် ရှုပွားပေးရ၏။ ထိုအသုဘဘာဝနာကုသိုလ်ကို ရည်ရွယ်၍ ညောင်ကန်ဆရာတော်က အမတ်ရာထူးကို ရဟန်းဘဝ ကုဋီတစ်ခါ တက်လောက်တောင် မမက်ဟု ဆိုခဲ့ခြင်းဖြစ်၏။

မိမိခန္ဓာကိုယ်ကို မတင့်တယ်ပါဘဲလျက် တင့်တယ်သည်ဟု အယူမှားပြီး တပ်မက်စွဲလမ်းသောကြောင့်သာလျှင် သူတစ်ပါးခန္ဓာကိုယ်နှင့် ဗဟိဒ္ဓပစ္စည်းများကို စွဲလမ်းတပ်မက်နေခြင်း ဖြစ်၏။ မိမိခန္ဓာကိုယ်ကိုမှ မတပ်မက်သောသူသည် သူတစ်ပါး ခန္ဓာကိုယ်နှင့် ဗဟိဒ္ဓပစ္စည်းများကို တပ်မက်စရာအကြောင်း မရှိတော့ပေ။ ထို့ကြောင့် ခန္ဓာကိုယ်၌ တပ်မက်သော ကာမတဏှာ မြန်မြန်ကုန်စေရန် ဝိပဿနာနှင့်အတူ အချိန်တစ်ခု သီးခြားပေးပြီး အသုဘဘာဝနာကိုလည်း ပွားများရမည် ဖြစ်၏။

ဝိပဿနာကုသိုလ်နှင့် မဂ်ကုသိုလ်လေးပါးတို့က လောဘအားလေးပုံပုံပြီး တစ်ပုံစီသတ်ပုံကို ပြအံ့။ ဝိပဿနာဉာဏ်ကို ရသည်နှင့် သံသရာအစအထိ လှမ်းမျှော်ကြည့်လိုက်သောအခါ လူ၊ နတ်၊ ဗြဟ္မာ၊ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဟူသော ပညတ်များကို မတွေ့တော့ဘဲ တရစပ် ဖြစ်ပျက်နေသော ရုပ်နှင့် နာမ်ကိုသာ တွေ့၏။

ယခုဘဝခန္ဓာကို ကြည့်သောအခါတွင်လည်း ရုပ်နှင့် နာမ်ကိုသာ တွေ့၏။ နိဗ္ဗာန်မရမီစပ်ကြား နောင်လာလတ္တံ့ဘဝများကို ကြည့်သောအခါတွင်လည်း အဝိဇ္ဇာ၊ တဏှာ၊ ကံဟူသောအကြောင်းကြောင့် ဖြစ်သည့်အကျိုးတရား ရုပ်နာမ်ကိုသာတွေ့၏။ ရှိနေသော ရုပ်နာမ်သည်လည်း မမြဲသော အနိစ္စတရားသာ ဖြစ်၏။ မမြဲခြင်းဖြင့် နှိပ်စက်သောကြောင့် ဆင်းရဲသောဒုက္ခတရားသာ ဖြစ်၏။ မမြဲတာကို မြဲပါစေ၊ ဆင်းရဲတာကို ချမ်းသာပါစေဟု စေခိုင်းမရသောကြောင့် အစိုးမရ၊ ကိုယ်မပိုင်သော အနတ္တတရားသာ ဖြစ်၏။

ဤကဲ့သို့ ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်းသိလိုက်သည်နှင့် ဘဝအဆက်ဆက်က အထုအထည် အစိုင်အခဲအနေနှင့် ပါလာသော ဝိသမလောဘစာတ်ကြီးသည် အစိတ်စိတ်အမွှာမွှာ ကွဲသွား၏။ တရားသဖြင့်လိုချင်သော သမလောဘသာကျန်၏။ ထို့ကြောင့် ဝိပဿနာဉာဏ်ကို တကယ်ရသူသည် မတရားသော နည်းဖြင့် စီးပွား မရှာတော့ခြင်း ဖြစ်၏။ တရားစခန်းများကို နှစ်ပေါင်းများစွာ ဝင်နေသော်လည်း မတရားသောနည်းဖြင့် စီးပွားရှာနေသေးလျှင် ထိုသူသည် မဂ်ဉာဏ်မဆိုထားနှင့် ဝိပဿနာဉာဏ်ကိုမျှ မရသေးသူဟု ကောက် ဆုံးဖြတ်နိုင်၏။

ထို့ကြောင့် ဝိပဿနာပညာကို နိဗ္ဗေဓိကပညာဟု စာ၌ သုံးနှုန်း၏။ နိဗ္ဗေဓိကပညာဟူသည် ကိလေသာအစိုင်အခဲကို ဖောက်ခွဲ သောပညာဟု ဆိုလို၏။ ရန်ကုန်တိုင်း၊ လှိုင်သာယာ မြို့နယ်မှ ဦးစော်ဘွားအမည်ရှိ အမျိုးသားကြီးတစ်ဦးသည် စားသောက်ဆိုင်များ၊ တည်းခိုခန်းများဖွင့်ပြီး ကြီးပွားချမ်းသာနေသူ ဖြစ်၏။ ထိုလုပ်ငန်းတွင် အရက်များ၊ ပြည့်တန်ဆာများပါနေသဖြင့် မိစ္ဆာဇီဝပင် ဖြစ်၏။

တစ်ခါတွင် မိတ်ဆွေကောင်းများ၏ တိုက်တွန်းနှိုးဆော်မှုကြောင့် ၁၃၀၉ ခုနှစ်၊ လွတ်လပ်ရေးမရခင် သုံးလလောက်အလို ကတည်းက နယဒေသက ဆရာကြီးဦးကြင်ရွှေ ဟောကြားပြသလာ ခဲ့သော ပခုက္ကူ ဝိပဿနာသင်တန်းတရားကို နာကြားရသဖြင့် ဝိပဿနာဉာဏ်ကို ပိုင်နိုင်စွာ ရရှိသွားခဲ့၏။ ထိုဝိပဿနာဉာဏ်ကို ရသည်နှင့် ဝတ်သေချင်သေပါစေ။ မတရားသောနည်းဖြင့် စီးပွား မရှာတော့ဟု ဆုံးဖြတ်ပြီး လုပ်ငန်းအားလုံးကို စွန့်ပစ်လိုက်၏။

ထိုသို့ စွန့်ပစ်လိုက်သည့်အတွက် သူဌေးဘဝမှ သူဆင်းရဲဘဝ သို့ ရောက်သွားသော်လည်း သူကား စိတ်ဆင်းရဲခြင်းမဖြစ်။ အဘယ့်

ကြောင့်နည်း။ မသူတော်များနှစ်သက်သော ရွှေ ငွေ၊ ဥစ္စာ၊ ခြံမြေများ လျော့ပါးသွားသော်လည်း သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဟိရီ၊ ဩတ္တပ္ပဟုဆိုအပ်သော သူတော်ကောင်းများ နှစ်သက်သည့် ဥစ္စာများက တိုးပွားလာသောကြောင့်ပင်တည်း။ မသူတော်ဥစ္စာကို နှစ်သက်က မသူတော်သာ ဖြစ်နိုင်ပြီး သူတော်ကောင်းဥစ္စာကို နှစ်သက်မှသာ သူတော်ကောင်းဖြစ်နိုင်ကြောင်းကို ဉာဏ်ရှိသူများအတွက် သတိပြုစရာပင် ဖြစ်၏။

ဝိပဿနာဉာဏ်မှ တစ်ဆင့်တက်၍ သောတာပတ္တိမဂ်ကို ရပါက အပါယ်လေးပါးကျစေနိုင်သည့် လောဘအကြမ်းစားကြီးကို ပယ်သတ်လိုက်၏။ သကဒါဂါမိမဂ်က လူ့ကာမဂုဏ်၊ နတ်ကာမဂုဏ်ကို ခံစားချင်သည့် အရင့်စား ကာမတဏှာ (လောဘ) ကို ပယ်သတ်၏။ အနာဂါမိမဂ်က အနုစား ကာမတဏှာကို ပယ်သတ်၏။ အရဟတ္တမဂ်က နောက်ဆုံးကျန်နေသော ဗြဟ္မာဘဝမှာ နေချင်သည့် ရူပတဏှာ၊ အရူပတဏှာကို ပယ်သတ်ပစ်လိုက်၏။

ဤဖော်ပြချက်တို့ကို ထောက်၍ လောဘပွားစီးဖို့ ပြုသော ဒါနသည် ပါရမီမထိုက်သောဒါန ဖြစ်ပြီး၊ လောဘကုန်ခန်းဖို့ ပြုသော ဒါနသည် ပါရမီထိုက်သောဒါနဖြစ်ကြောင်းကို သိအပ်၏။ လောဘပွားစီးဖို့ ပြုသောဒါနဟူသည် နာမည်ကြီးဖို့၊ လူသိများဖို့၊ အခွင့်အရေးရဖို့၊ နောက်ဘဝ ချမ်းသာဖို့ စသော တစ်ခုခုသော မျှော်လင့်ချက်နှင့်လှူသော ဒါနပင် ဖြစ်၏။ ပါရမီမထိုက်သောဒါနသည် လူ့ချမ်းသာ၊ နတ်ချမ်းသာကိုသာ ပေးနိုင်ပြီး နိဗ္ဗာန်ချမ်းသာကို မပေးနိုင်။

ငါကောင်းစားဖို့ဟူသော ရည်ရွယ်ချက်ဖြင့် ပြုသော ဒါနမှန် သမျှ ပါရမီမထိုက်ဟု တစ်နည်း ထပ်မှတ်သင့်သေး၏။ ငါဟူသည် ဒိဋ္ဌိကိလေသာဖြစ်ပြီး ကောင်းစားဖို့ဟူသည်

လောဘကိလေသာ ဖြစ်၏။ ထိုကိလေသာနှစ်ပါး ဦးဆောင်ပြီး ပြုသောဒါနသည် အဘယ်မှာလျှင် ကိလေသာကုန်ရာ နိဗ္ဗာန်သို့ ပို့ပေးနိုင်ပါမည်နည်း။ ကေန်မုချ ပို့မပေးနိုင်သည်သာ။ ထို့ကြောင့် ငါကောင်းစားဖို့ ဟူသော မျှော်လင့်ချက်နှင့် လှူသောဒါနသည် ပါရမီမထိုက်ခြင်း ဖြစ်၏။

လောဘကုန်ခန်းဖို့ ပြုသောဒါနဟူသည် မည်သည့် မျှော်လင့်ချက်မှမထားဘဲ သူ ကောင်းစားဖို့ဟူသော ရည်ရွယ်ချက်ဖြင့် လှူဒါန်းသောဒါနပင် ဖြစ်၏။ အလှူခံပုဂ္ဂိုလ်တည်းဟူသော သူတစ်ပါး ကောင်းစားဖို့ဟု ရည်ရွယ်ချက်ထားလိုက်သည်နှင့် ဒိဋ္ဌိနှင့် လောဘကိလေသာကို ထိုဒါနက တစ်ခါတည်း ပယ်သတ်ပြီးသား ဖြစ်၏။ ကိလေသာကို ပယ်သတ်နိုင်သောကြောင့်လည်း ပါရမီထိုက် ၏။ ပါရမီထိုက်သောကြောင့်လည်း ကိလေသာကုန်ရာ နိဗ္ဗာန်သို့ ပို့ဆောင်ပေးနိုင်ခြင်း ဖြစ်၏။

ထို့ကြောင့် အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက ရတနာ့ဂုဏ်ရည်ကျမ်း- စာမျက်နှာ ၃၀၅ တွင် ယခုလို ရေးသားခဲ့၏။

> ပါရမီဟူသည် မြင့်မြတ်သူတို့၏ နိဗ္ဗာန်ကိုရည်မှန်း၍ လှူဒါန်းမှု၊ သီလဆောက်တည်မှု စသည်တို့သာတည်း၊ လောကီစည်းစိမ်ချမ်းသာကို ရည်မှန်း၍ လှူဒါန်းမှု စသည်တို့ကို ပါရမီဟု မဆိုထိုက်။

ပါရမီထိုက်သောဒါနကြောင့် နိဗ္ဗာန်ရောက်သွားသူများစွာတို့အနက်မှ ဓမ္မပဒဌ္ဌကထာလာရှိသော အမည်လေးခုရ သာမဏေတစ်ပါး အကြောင်းကို တင်ပြအံ့။ ဘဝတစ်ခုကပြုခဲ့သော ပါရမီထိုက်သော

ဒါနကြောင့် ခုနှစ်နှစ်သားနှင့် ရဟန္တာဖြစ်သွားသည့်သာမဏေကို အကြောင်းပြု၍ ယခု ဖော်ပြမည့်ဂါထာကို ဗုဒ္ဓက ဟောကြားတော်မူခဲ့၏။

**လာဘ်ရကြောင်းအကျင့်သည် တခြားတည်း။**
**နိဗ္ဗာန်ရောက်ကြောင်းအကျင့်သည် တခြားတည်း။**
**ဤအကျင့်နှစ်မျိုးနှစ်စားကို ခွဲခြားသိ၍ ဘုရားရှင်၏**
**တပည့်သားရဟန်းသည် လာဘ်ပူဇော်သက္ကာကို မနှစ်**
**သက်ရာ၊ ဝိဝေကတရားကိုသာ တိုးပွားစေရာ၏။**

ဘုရားရှင် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်တောကျောင်းနေ ဝနဝါသီတိဿသာမဏေကို အကြောင်းပြု၍ ဟောတော်မူခဲ့ခြင်း ဖြစ်၏။ အရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်လာမည့် တိဿသာမဏေသည် အရင်ဘဝကလည်း အရှင်သာရိပုတ္တရာကို ကိုးကွယ်ဆည်းကပ်ခဲ့သူပင် ဖြစ်၏။ သူသည် အရင်ဘဝက အရှင်သာရိပုတ္တရာ၏ဖခင် ဝင်္ကန္တပုဏ္ဏားကြီး၏ မိတ်ဆွေအရင်းအချာ တစ်ယောက်ပင် ဖြစ်၏။

နာမည်မှာ မဟာသေန ဖြစ်၏။ သူသည် အရှင်သာရိပုတ္တရာနှင့် ပတ်သက်ပြီး ငယ်ရွယ်စဉ်ဘဝကို ချစ်ခင်ကာ၊ ရဟန္တာဘဝကို လေးစားကြည်ညိုသူ ဖြစ်၏။ ထို့ကြောင့်လည်း မဟာသေနပုဏ္ဏားကြီးကို ချီးမြှောက်သောအားဖြင့် အရှင်သာရိပုတ္တရာက ဆွမ်းလာရပ်၏။ ရာဇဂြိုဟ်မြို့တွင်း၌ အရှင်သာရိပုတ္တရာကို ကြည်ညိုသော မင်းမျိုး၊ သူဌေးမျိုးများစွာ ရှိ၏။

သို့ဖြစ်ပါလျက် ဆင်းရဲနွမ်းပါးသောဘဝသို့ ရောက်နေသည့် မဟာသေနပုဏ္ဏားကြီးအိမ်၌ ဆွမ်းရပ်သည်မှာ သံသရာတွင် ချမ်းသာ

ကို ရစေလို၍ ဖြစ်၏။ ဤဖြစ်ရပ်ကိုကြည့်၍ တကယ့် သူတော်စင်များ မိမိထံအလှူခံခြင်းသည် သူတို့အတွက်မဟုတ် မိမိအတွက်သာ ဖြစ်ကြောင်း အထူးသတိပြုသင့်၏။ ထိုအချိန်က မဟာသေနပုဏ္ဏားကြီးသည် မနက်စာ၊ ညစာ မမှန်လောက်အောင် ဆင်းရဲနေချိန် ဖြစ်၏။ ထို့ကြောင့် လောင်းလှူစရာ ဘာမျှမရှိသဖြင့် ပုဏ္ဏားကြီးသည် အိမ်ထဲတွင် ပုန်းနေရရှာ၏။

ဒုတိယရက် ကြွလာသောအခါတွင်လည်း ထို့အတူ ပုန်းနေ၏။ တတိယနေ့တွင်ကား ပုဏ္ဏား စကားပြောပွဲတစ်ခုမှ ပုဆိုးကြမ်းတစ်စနှင့် နို့ယနာတစ်ခွက် ရလာသဖြင့် အရှင်သာရိပုတ္တရာ လာလျှင် လောင်းလှူနိုင်ရန် အသင့်စောင့်နေ၏။ ထိုနေ့မှာပင် အရှင်သာရိပုတ္တရာကလည်း ဈာန်သမာပတ်မှထ၍ ပုဏ္ဏားကြီးထံ ဆွမ်းခံကြွလာ၏။

ပုဏ္ဏားကြီးသည် ဝမ်းသာအားရ နို့ယနာဆွမ်းနှင့် ပုဆိုးကြမ်းစကို သင်္ကန်းအဖြစ် ကပ်လှူ၏။ ရှေးခေတ်က ယခုခေတ်လို ချုပ်ဆိုးပြီး သင်္ကန်းများမရှိ။ ဒကာ၊ ဒကာမများက နှစ်တောင်စ၊ သုံးတောင်စ လှူထားသော အဝတ်စများကို စုထားပြီး တစ်စုံပြည့်သောအခါတွင်မှ ကိုယ်တိုင်ချုပ်ဆိုးပြီး ဝတ်ရ၏။

ဆွမ်းနှင့် သင်္ကန်းကို လှူပြီးသောအခါ မဟာသေနပုဏ္ဏားကြီးက ဤကောင်းမှုကြောင့် အရှင်ဘုရားတို့ သိမြင်ထားသော တရားထူး၊ တရားမြတ်ကို သိရပါလို၏ဟု ဆုတောင်း၏။ ဘဝကောင်းစားရေး၊ ငါကောင်းစားရေးကို ဆုမတောင်းဘဲ မဂ်ဖိုလ်နိဗ္ဗာန်ကို ဆုတောင်းသောကြောင့် မဟာသေနပုဏ္ဏားကြီး၏ ဒါနသည် ပါရမီထိုက်သော ဒါနဖြစ်သွား၏။

ယင်းအတွက်ကြောင့် ထိုဒါနသည် နိဗ္ဗာန်သွားမည့် လမ်းကြောင်းပေါ် ရောက်အောင်ပို့ပေးမည် ဖြစ်၏။ ပုဏ္ဏားကြီး

ထိုဘဝမှ စုတေ မနေ သေလွန်သောအခါ သာဝတ္ထိပြည်တွင် အရှင်သာရိပုတ္တရာအား ကိုးကွယ်ဆည်းကပ်သော သူဌေးကတော် တစ်ယောက်ဝမ်း၌ ပဋိသန္ဓေနေ၏။ ထိုသတို့သား ပဋိသန္ဓေနေသည်နှင့် သူဌေးကတော်သည် ထူးခြားသော ချင်ခြင်းတစ်ခု တပ်၏။

ထိုချင်ခြင်းကား အရှင်သာရိပုတ္တရာအမှူးပြုသော သံဃာငါးရာကို ရေမရောသော နို့ယနာဆွမ်းကို ဆက်ကပ်ချင်၏။ မိမိကိုယ်တိုင်လည်း ဖန်ရည်စွန်းသော (အညိုရောင်) အဝတ်ကို ဝတ်ပြီး သံဃာတော်များကို ကြည်ညိုနေချင်၏။ သံဃာတော်များမှ ကြွင်းကျန်သော နို့ယနာကို ရွှေခွက်နှင့် စားချင်၏။

မိဘများသည် ထိုချင်ခြင်းအတိုင်း အားလုံးပြုလုပ်ပေးကြ၏။ သူငယ်မွေးဖွားပြီးနောက် နာမည်တပ်သောနေ့တွင်လည်း အရှင်သာရိပုတ္တရာအမှူးပြုသော သံဃာငါးရာပင့်ဖိတ်ပြီး ဆွမ်းကပ်လှူကြပြန်၏။ သရဏဂုံနှင့် ငါးပါးသီလ ဆောက်တည်ခါနီးသောအခါ သူငယ်ကို မထေရ်မြတ်၏ရှေ့၌ ချထားရန် သွား၍ ပွေ့ချီကြ၏။

သူငယ်သည် ဇာတိဿရဉာဏ်ပါလာ၍ မထေရ်မြတ်ကို မှတ်မိနေ၏။ သည်မထေရ်ကြီးကို နို့ယနာတစ်ခွက်နှင့် ပိတ်စတစ်စ လှူခွင့်ရခဲ့၍ ငါသည် ယခုလို သူဌေးသားဘဝသို့ ရောက်ရခြင်းဖြစ်၏။ ထိုကျေးဇူးကိုဆပ်ရန် ငါ့အား ခင်းသိပ်ထားသော တစ်သိန်းတန်ကမ္ဗလာကို လှူမည်ဟူသောအကြံဖြင့် ကမ္ဗလာအခင်းကို လက်ဖြင့် ဆွဲယူလာ၏။

လူကြီးများက မတော်တဆ ဆွဲမိဆွဲရာ ပါလာသည် ထင်မှတ်၍ ကမ္ဗလာကို ပြန်ဆွဲယူသောအခါ သူငယ်သည် အယူမခံဘဲ ငိုကြွေး၏။ မိဘများက သူငယ်၏အလိုဆန္ဒကို ရိပ်မိသဖြင့် ဆွဲယူသူများကို တားမြစ်ပေးကြပြီး မထေရ်အား သူငယ်ဆန္ဒအတိုင်း ကမ္ဗလာ

အခင်းကို လျှုလိုက်၏။ သူငယ်အား မထေရ်မြတ်၏နာမည် တစ်စိတ် တစ်ဒေသပါသော တိဿဟူသော အမည်ကို မှည့်၏။

အရှင်သာရိပုတ္တရာ၏ ငယ်နာမည်ကား ဥပတိဿ ဖြစ်၏။ သူငယ် ခုနစ်နှစ်အရွယ်ရောက်သောအခါ ပြုခဲ့သော ပါရမီထိုက်ခဲ့ သည့်ဒါနက ရှင်ဘဝသို့ရောက်အောင် ပို့ပေးခဲ့၏။ မိဘများသည် ကျောင်းတွင် (၇) ရက်တိုင်တိုင် ဆွမ်းကပ်ပြီး ရှင်ပြုပွဲကြီးကို ဆင်နွှဲ ကြ၏။ (၇) ရက်စေ့၍ မိဘများပြန်သွားကြသောအခါ ရှင်တိဿ သည် သာဝတ္ထိမြို့တော်တွင်းသို့ ဆွမ်းခံဝင်၏။

ထိုဆွမ်းခံစထွက်သော ပထမရက်မှာပင် ဆွမ်းအုပ်ငါးရာတိတိ ရရှိသဖြင့် သံဃာတော်ငါးရာကို ခွဲဝေလှူဒါန်းရ၏။ နောက်ရက်များ တွင်ကား မြို့ထဲထိပင် သွားစရာမလိုဘဲ အလှူရှင်များသည် ဆွမ်း အုပ်ငါးရာကို ကျောင်းဥပစာနားထိ ရောက်အောင်လာပြီး လှူကြ ၏။ ထို့ကြောင့် နေ့စဉ် ဆွမ်းအုပ်ငါးရာကို သံဃာငါးရာအား လှူဒါန်း ပေးရ၏။

ထို့ကြောင့် တိဿဟူသောဘွဲ့အပြင် ပိဏ္ဍဒါယကတိဿ ဟူ သောဘွဲ့တစ်ခုကို ထပ်ရ၏။ အဓိပ္ပာယ်ကား ဆွမ်းအုပ်ငါးရာကို လှူဒါန်းတတ်သော တိဿဟု ဖြစ်၏။ ပါရမီထိုက်သောဒါနသည် နိဗ္ဗာန်ချမ်းသာကိုလည်း ပေး၏။ နိဗ္ဗာန်မရမီစပ်ကြား လူ့ချမ်းသာ၊ နတ်ချမ်းသာကိုလည်း ပေးနိုင်၏ဟူသောအချက်ကို သက်သေပြ ခြင်းပင်တည်း။

ဆောင်းတွင်းကာလရောက်သောအခါ မီးလှုံနေကြသော ရဟန်းတစ်ထောင်ကို တွေ့သဖြင့် ကိုရင်က မေးမြန်း၏။

"အရှင်ဘုရားတို့ ဘာကြောင့် မီးလှုံနေကြတာပါလဲ"

"ချမ်းလွန်းလို့ပေါ့ ကိုရင်လေးရဲ့"

"ချမ်းရင် တပည့်တော်ခြုံထားတဲ့ ကမ္ဗလာခြုံထည်မျိုးကို ခြုံပါ့လားဘုရား၊ မီးလှုံစရာမလိုအောင် နွေးပါတယ်"

"တစ်သိန်းတန်ကမ္ဗလာခြုံထည်မျိုးဆိုတာ ကိုရင်လေးလို ဘုန်းကံရှိတဲ့သူလောက်ပဲ ခြုံနိုင်တာ၊ ဘုန်းကံမရှိတဲ့ ငါတို့မှာတော့ ကမ္ဗလာခြုံထည် လှူမယ့်သူမရှိတော့ မီးပဲ လှုံရတာပေါ့"

"ဒါဆိုရင် အရှင်ဘုရားများ ကမ္ဗလာခြုံထည်များရရင် ယူကြမလားဘုရား"

"လှူမယ့်သူရှိရင်တော့ လိုချင်တာပေါ့ ကိုရင်လေးရာ"

"ဒါဆိုရင် တပည့်တော် နောက်က ကမ္ဗလာခြုံထည်အလိုရှိတဲ့ ရဟန်းမှန်သမျှ လိုက်ခဲ့ကြပါဘုရား"

ထိုအခါ ရဟန်းပေါင်းတစ်ထောင်သည် သက်န်းများရုံလျက် ခုနစ်နှစ်သား ကိုရင်လေးနောက်မှ စီတန်းပြီးလိုက်ကြ၏။ မွေးဖွားစနေ့က အရှင်သာရိပုတ္တရာအား တစ်သိန်းတန် ကမ္ဗလာခြုံထည်လှူခဲ့သောကုသိုလ်က ပထမဇောအနေဖြင့် ယခုဘဝမှာပင် ကောင်းကျိုးပေး၏။ သာဝတ္ထိမြို့ ဆင်ခြေဖုံးရပ်ကွက်မှာပင် ကမ္ဗလာခြုံထည် ငါးရာရသဖြင့် ပါလာသော ရဟန်းငါးရာကို ချက်ချင်း လှူလိုက်၏။

နောက်ထပ် အထည်ငါးရာလိုနေသေးသဖြင့် မြို့အတွင်းပိုင်းထဲထိ ဆက်ကြွလာ၏။ မကောင်းမြင်ဝါဒရှိသော အမျိုးသားတစ်ယောက်သည် ကမ္ဗလာထည်ရောင်းသူတစ်ဦးကို မိတ်ဆွေ၊ ကမ္ဗလာထည်တွေကို ဝှက်ထားပါ။ ကိုရင်လေးတစ်ပါးသည် တွေ့သမျှ ကမ္ဗလာထည်တွေကို လိုက်သိမ်းယူနေတယ်ဟု သွားပြော၏။ ကမ္ဗလာဆိုင်ရှင်က ပြန်မေး၏။

"ကိုရင်သည် လှူမှ ယူသလား၊ မလှူဘဲ လုယူသလား"

"လှူမှ ယူပါသည်"

"လှူမှ ယူလျှင် ဝှက်ထားစရာမလို ကိုယ့်ပစ္စည်း ကိုယ်လှူလိုမှ ဖြစ်သည်"

ဟု ပြောပြီး ဆိုင်ခင်းမြဲ ခင်းထား၏။ ကိုရင်လေး သူ့ဆိုင်ရှေ့ ရောက်သောအခါတွင်ကား သားဟူသော ချစ်ခြင်းဖြင့် ချစ်ခင်သွားပြီး ကမ္ဗလာထည်ငါးရာလုံးကို တစ်ခါတည်း လှူဒါန်းလိုက်တော့၏။ ထိုကဲ့သို့ ကမ္ဗလာခြုံထည်တစ်ထောင်ကို တစ်ရက်တည်း လှူဒါန်းသောကြောင့် ကမ္ဗလဒါယက တိဿဟု ဘွဲ့အမည်တစ်ခု ထပ်တိုးခဲ့၏။

တိဿသာမဏေသည် ဘုန်းကံကြီးမားစွာဖြင့် ဇေတဝန်ကျောင်းတော်တွင်နေရသော်လည်း မပျော်မွေ့ချေ။ သူသည် ပစ္စည်းလေးပါးနှင့် အခြံအရံအကျော်အစောအတွက် ရှင်ဝတ်လာသည်မဟုတ်။ မဂ်ဖိုလ်နိဗ္ဗာန်ရဖို့အတွက်သာ ရှင်ဘဝရောက်လာခြင်းဖြစ်ကြောင်း ဘယ်သောအခါမှ မမေ့။ ထို့ကြောင့် ဘုရားရှင်ထံသင့်တော်သော ကမ္မဋ္ဌာန်းတစ်ခုတောင်းပြီးလျှင် သာဝတ္ထိမြို့နှင့် ယူဇနာ (၁၂၀) ဝေးသော တောအရပ်သို့ ထွက်ခဲ့၏။

*( မှတ်ချက်။ ။တစ်ယူဇနာ ၈ မိုင် ရှိ၏။ )*

တောကြိုအုံကြားမှ ရွာလေးတစ်ရွာသို့ ရောက်သောအခါ အဖိုးအိုတစ်ယောက်က သားကဲ့သို့ ချစ်မြတ်နိုးကာ အသင့်ရှိနေပြီးသော တောရကျောင်းသို့ ပို့ဆောင်ပေး၏။ ယင်းကဲ့သို့ တောရဆောက်တည်ပြန်သောကြောင့် မူရင်းရပြီး သုံးဘွဲ့အပြင် ဝနဝါသီတိဿဟု အမည်တွင်ပြန်၏။ ထိုတောကျောင်းလေးမှာ ဝါကပ်ရင်းရွာတွင်းသို့ ဆွမ်းခံကြွကာ မျှတစွာ သီတင်းသုံးနေထိုင်ရင်း သုံးလအရမှာပင် ရဟန္တာဖြစ်တော်မူ၏။

*မှတ်ချက်။ ။ ယခုခေတ်ဗုဒ္ဓဘာသာဝင်အများစုသည် ရဟန္တာ ဟုတ်၊ မဟုတ်ကို ခတ်တော်ကျ၊ မကျဖြင့် တိုင်းတာတတ်*

ကြ၏။ ခတ်တော်မကျသော ရဟန္တာများစွာရှိသောကြောင့် ထို အယူအဆသည် မှားယွင်း၏။ ဗုဒ္ဓလက်ထက်က ခုနစ်နှစ်သား အရွယ်ကတည်းက ရဟန္တာဖြစ်တော်မူသော အရှင်ဒဗ္ဗသည် ဝဋ်ကြွေးကြောင့် မိန်းမနှင့် သုံးကြိမ်တိတိ သမုတ်ခံခဲ့ရ၏။

ထိုမထေရ် ပရိနိဗ္ဗာန်စံသောအခါ ကောင်းကင်တွင် တင်ပလ္လင် ခွေထိုင်ပြီး တေဇောကသိုဏ်းဝင်စားကာ ထွက်လာသောမီးတို့ဖြင့် ခန္ဓာကိုယ်ကို လောင်ကျွမ်းစေခဲ့သည်။ ပြာမျှပင်မကျန်ဘဲ အားလုံး ပျောက်ကွယ်သွားခဲ့သည်။ ထိုပုဂ္ဂိုလ်မျိုးကို ခတ်တော်မကျသည့် အတွက် ရဟန္တာမဟုတ်ဟုဆိုခဲ့သော် ဆိုသူသည် အဝီစိသို့ ကျရုံသာ ရှိမည်။

ထီးချိုင့်မြို့ စာရေးဆရာ အကျော် တည်တောဆရာတော် ဘုရားကြီးက အသားဖြစ်စေ၊ အရိုးဖြစ်စေ ရုပ်တရားမှန်သမျှကို ရုပ်ခတ်ဟု သုံးနှုန်း၏။ လူသည် အရိုးရှိသော သတ္တဝါဖြစ်သော ကြောင့် မီးရှို့ပြီးသောအခါ အရိုးများ ကျန်၏။ ရဟန္တာများ၏ ကြွင်းကျန်ရစ်သော အရိုးများကို လေးစားရိုသေသောအားဖြင့် အရိုးခတ်တော်ဟု သုံးနှုန်းရာမှ ကာလကြာညောင်းသောအခါ အရိုးပျောက်သွားပြီး ခတ်တော်ဟု ဖြစ်လာခြင်းပင်၊ ထို့ကြောင့် ခတ်တော်ဟူသည် လူအများထင်မြင်ယူဆသလို ဘုရားရှင်၏ ခတ်တော်များကဲ့သို့ အလုံးအလုံးများမဟုတ်၊ အရိုးများသာ ဖြစ်သည်။

ဘုရားရှင်များကား ဝေနေယျများအား ချေချွတ်ရမည့် တာဝန်ရှိသောကြောင့် ခတ်တော်များကို ထားရခြင်း ဖြစ်၏။ ရဟန္တာများကား ဘုရားရှင်၏တာဝန်မျိုး မရှိ။ ထို့ကြောင့် ဘုရားရှင် ကဲ့သို့ အလုံးအလုံး ခတ်တော်များ မကျနိုင်။

အလောင်းတော် ကဿပနောက်သို့လိုက်လာသော ရဟန်း ငါးရာကို အရှင်မဟာကဿပက ဆက်လိုက်မလာဘဲ ရဟန္တာဖြစ် အောင် တရားကျင့်သုံးကြရန် ဩဝါဒများကို ကျောက်နံရံများတွင် ရေးထားခဲ့၏။

ထိုစာများကိုဖတ်ရပြီး ဆက်မလိုက်ကြဘဲ တရားအားထုတ် ကြရာ ငါးရာလုံး ရဟန္တာဖြစ်ကြပြီး ပရိနိဗ္ဗာန်လည်း တစ်ချိန်တည်း ပြုကြသည်ဟု သမိုင်းရှိသောကြောင့် ထိုမုံရွာနယ်မှ ဆရာတော် တစ်ပါးနှင့် ဒကာများ တောနင်းပြီး ဓာတ်တော်ရှာကြရာ ရဟန္တာများ၏ အရိုးဓာတ်တော်ငါးရာလုံးကို တွေ့ကြရ၏။ သာမန်လူသားတို့၏ အရိုးပုံစံမျိုးပင်ဖြစ်ကြောင်း သိရ၏။

*(ယခုထက် အကျယ်သိလိုလျှင် တည်တော်ဆရာတော်ကြီးရေး- ယနေ့ ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ (ဒုတိယတွဲ) ကို ဖတ်ရှုပါ)*

"မဟာစည်ဆရာတော်ဘုရားကြီး အိန္ဒိယနိုင်ငံရောက်စဉ်က အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့၏ ဓာတ်တော်များကို ဖူးကြည့်ရာ ပကတိလူသားတို့၏ အရိုးအတိုင်းပင် တွေ့ရ၏။ ထို့ကြောင့် မိမိတို့ကြည်ညိုသော ဆရာတော်တစ်ပါး ဓာတ်တော် အလုံးအလုံး ကျသည်ဆိုသော စကားကို ချင့်ချိန်၍ ယုံသင့်သည်ဟု ဟောကြား တော်မူ၏။ အဂ္ဂသာဝကရဟန္တာနှစ်ပါး၏ ဓာတ်တော်ပင် သာမန် အရိုးမျှသာဖြစ်လျက် ပကတိ သာဝကရဟန္တာများ၏ ဓာတ်တော်ကျ မှ အလုံးအလုံး ဖြစ်နိုင်မဖြစ်နိုင် ဝိဘဇ္ဇဉာဏ်ဖြင့် ဝေဖန်ကြည့်နိုင်၏။ *(သာမဏေကျော်ရေး- မဟာစည်ဆရာတော်ဘုရားကြီး၏ ထူးခြား သော အတွေးအမြင်များ စာအုပ်မှ)*

"လောဘ၊ ဒေါသစသော ကိလေသာများသည် နာမ်တရား ဖြစ်၏။ နာမ်တရားဖြစ်သော ကိလေသာများ ကုန်မကုန်ကို

ရုပ်တရား ဖြစ်သောအရိုးမှာ သွား၍ အဖြေရှာခြင်းသည် ယုတ္တိ မရှိပေ။ နာမ်တရားတစ်မျိုးဖြစ်သော စိတ်၌ ထိုကိလေသာမျိုး ပေါ်မပေါ်ကိုသာ ကြည့်၍ ရဟန္တာ ဟုတ်မဟုတ် ဆုံးဖြတ် သင့်၏။

ဥပမာအားဖြင့် ကားစုတ်ဖြင့်လာပင့်သောအခါ ထို ရဟန္တာဟု သတ်မှတ်ခံရသူသည် မျက်နှာတွင်မကျေနပ်သော အမူအရာ (ဒေါသ) ပေါ်လာသလား၊ လာဘ၊ သက္ကာရ၊ သိလောကများ များစွာ ဖြစ်ထွန်းလာသောအခါ မျက်နှာတွင် ကျေနပ်သော အမူအရာ (လောဘ) ပေါ်လာသလား။ သံဃာ တော်များသုံးသည့် ကုဋီများ ညစ်ပတ်နေသည်ကို တွေ့ရသော အခါ ဆေးကြောသုတ်သင်သလား၊ ရှောင်ထွက်သွားသလား ဆိုသည်ကို အကဲခတ်ရမည်။

ရှောင်ထွက်သွားလျှင် မာနရှိသူ ဖြစ်သည်၊ ဆေးကြော လျှင် မာနကင်းသူ ဖြစ်သည် စသောအချက်များနှင့်သာ တိုင်း တာသင့်သည်။ ဗုဒ္ဓကလည်း ရဟန္တာ ဟုတ်မဟုတ်ကို ခေတ် တော်ကျမကျ ဟူသောနည်းဖြင့် တိုင်းတာရမည်ဟု ဟောကြား ခဲ့ခြင်းမရှိ။ အာရုံ ၆ ပါးနှင့် တိုက်ဆိုင်လာသောအခါ လောဘ၊ ဒေါသ စသော ကိလေသာများ ဖြစ်မဖြစ်ဟူသော အချက်နှင့်သာ တိုင်းတာစစ်ဆေးရမည် ဖြစ်ကြောင်း ဟောကြားခဲ့၏။

မဇ္ဈိမနိကာယ်၊ ဆဗ္ဗိသောဓနသုတ်တွင် ရဟန္တာဟု ဝန်ခံလာသူ တစ်ဦးအား ရဟန္တာ ဟုတ်မဟုတ်ကို ဖော်ပြပါအချက်တို့ဖြင့် မေးမြန်း စစ်ဆေးရန် ဗုဒ္ဓက နည်းပေးခဲ့၏။

❀ ❀ ❀ ❀ ❀

## ပြောဆိုခြင်းလေးမျိုး

ရဟန်းတို့၊ ဤသာသနာ၌ ရဟန်းတစ်ပါးက မိမိသည် အကျင့်မြတ်ကို ကျင့်သုံးပြီးဖြစ်၍ နောက်ထပ် ပြုဖွယ်ကိစ္စ မရှိတော့ဟု အရဟတ္တဖိုလ်ကို ထုတ်ဖော်ပြောကြားခဲ့သော် ထိုရဟန်း၏ စကားကို ကျေနပ်နှစ်သက်ခြင်း၊ ကန့်ကွက်တားမြစ်ခြင်းမပြုဘဲ ပြဿနာမေးရမည်။

မေး (၁) ငါ့ရှင်၊ သိတော်မူ၊ မြင်တော်မူသော မြတ်စွာဘုရားသည် မြင်သည်ကို မြင်၏ဟု ပြောခြင်း၊ ကြားသည်ကို ကြား၏ဟု ပြောခြင်း၊ တွေ့သည်ကို တွေ့၏ဟု ပြောခြင်း၊ သိသည်ကို သိ၏ဟု ပြောခြင်းဟူ၍ ပြောဆိုခြင်းလေးမျိုးကို ဟောကြားအပ်၏။ ဤပြောဆိုခြင်းလေးမျိုးတို့၌ အဘယ်သို့ သိမြင်သည်ဖြစ်၍ အရှင်၏ စိတ်သည် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်မြောက်ပါသနည်း။

ရဟန်းတို့၊ အာသဝေါကုန်ခမ်း၍ ကိလေသာမှ လွတ်မြောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား ဤသို့ လျော်ကန်သင့်မြတ်သော ဖြေဆိုခြင်းသည် ဖြစ်ပေရာ၏။

ဖြေ (၁) ငါ့ရှင်တို့၊ ငါသည် မြင်အပ်သော အာရုံ၊ ကြားအပ်သောအာရုံ၊ တွေ့အပ်သော (အနံ့၊ အရသာ၊ အတွေ့အထိ) အာရုံ၊ သိအပ်သောအာရုံ၌ ရာဂဖြင့်တွယ်ကပ်ခြင်း၊ ဒေါသဖြင့် ရှောင်ခွာခြင်းမရှိ၊ မှီတွယ်ခြင်း၊ ဖွဲ့နှောင်ခြင်းမရှိဘဲ လွတ်မြောက်ကင်းကွာလျက် အပိုင်းအခြားကင်းသော စိတ်ဖြင့် နေ၏။ ငါ့ရှင်တို့ ဤပြောဆိုခြင်းလေးမျိုးတို့၌ ဤသို့ သိမြင်သည်ဖြစ်၍ ငါ၏စိတ်သည် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်မြောက်ခဲ့ပေ၏။

❀ ❀ ❀ ❀ ❀

## ဥပါဒါနက္ခန္ဓာငါးပါး

မေး (၂) ရဟန်းတို့၊ ထိုရဟန်း၏ ဖြေဆိုချက်ကို ကောင်းလှ ပေ၏ဟု နှစ်သက်ဝမ်းမြောက်ပြီး ပြဿနာကို တစ်ဆင့်တက်၍ မေးမြန်းရမည်။

ငါ့ရှင်၊ သိတော်မူ၊ မြင်တော်မူသော မြတ်စွာဘုရားသည် ဥပါဒါနက္ခန္ဓာငါးပါးကို ဟောကြားအပ်ပေ၏။ ထို ဥပါဒါနက္ခန္ဓာငါးပါးတို့၌ အဘယ်သို့ သိမြင်သည်ဖြစ်၍ အရှင်၏စိတ်သည် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်မြောက်ခဲ့ပါသနည်း။

ဖြေ (၂) ငါ့ရှင်တို့ ငါသည် ရုပ်ဝေဒနာစသော တရားငါးပါးကို အမြဲမရှိ၊ ပျက်စီးခြင်းသဘော ရှိ၏။ သက်သာရာမရှိဟု သိ၍ ထို တရားတို့၌ ကပ်ရောက်စွဲလမ်းခြင်း၊ စိတ်စွဲမြဲခြင်း၊ မှားယွင်းစွာ နှလုံးသွင်းခြင်း၊ ကိန်းဝပ်ခြင်းတို့၏ ကုန်ခန်းကင်းကွာခြင်း၊ ချုပ်ငြိမ်းခြင်း၊ ယင်းတို့ကို စွန့်ခွာခြင်းကြောင့် ငါ၏စိတ်သည် လွတ်မြောက်ပြီဟု သိ၏။ ငါ့ရှင်တို့၊ ထိုဥပါဒါနက္ခန္ဓာငါးပါးတို့၌ ဤသို့ သိမြင်သည် ဖြစ်၍ ငါ၏စိတ်သည် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်မြောက်ခဲ့ပေ၏။

## ဓာတ်ခြောက်ပါး

မေး (၃) ငါ့ရှင်၊ သိတော်မူ၊ မြင်တော်မူသော မြတ်စွာဘုရားသည် ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ်၊ ဝိညာဏဓာတ်ဟူ၍ ဓာတ်ခြောက်ပါးကို ဟောကြားအပ်၏။ ထိုဓာတ်ခြောက်ပါးတို့၌ အဘယ်သို့ သိမြင်သည် ဖြစ်၍ ငါ့ရှင်၏စိတ်သည် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်မြောက်ခဲ့ပါသနည်း။

ဖြေ (၃) ငါ့ရှင်တို့ ငါသည် ထိုဓာတ်ခြောက်ပါးကို အတ္တဟူ၍ မချဉ်းကပ်၊ ထိုဓာတ်ခြောက်ပါးကို မှီသောတရားကိုလည်း အတ္တဟူ၍ မချဉ်းကပ်၊ ထိုဓာတ်ခြောက်ပါးကိုမှီသော ကပ်ရောက်ခြင်း၊ စွဲလမ်းခြင်း၊ စိတ်စွဲမြဲခြင်း၊ မှားယွင်းစွာ နှလုံးသွင်းခြင်း၊ ကိန်းဝပ်ခြင်းတို့၏ ကုန်ခန်းခြင်း၊ ကင်းကွာခြင်း၊ ချုပ်ငြိမ်းခြင်း၊ စွန့်ခွာခြင်းတို့ကြောင့် ငါ၏စိတ်သည် လွတ်မြောက်ပြီဟု သိ၏။ ငါ့ရှင်တို့ ထိုဓာတ်ခြောက်ပါးတို့၌ ဤသို့သိမြင်သည်ဖြစ်၍ ငါ၏စိတ်သည် မစွဲလမ်းဘဲ အာသဝေါ တရားတို့မှ လွတ်မြောက်ခဲ့ပေ၏။

## အာယတန ခြောက်ပါး

မေး (၄) ငါ့ရှင်၊ မြတ်စွာဘုရားသည် အတွင်းအာယတန ခြောက်ပါး၊ အပြင်အာယတနခြောက်ပါးတို့ကို ဟောကြားအပ်၏။ ထိုအာယတနတို့၌ အဘယ်သို့သိမြင်သည်ဖြစ်၍ ငါ့ရှင်၏စိတ်သည် မစွဲလမ်းဘဲ အာသဝေါတို့မှ လွတ်မြောက်ခဲ့ပါသနည်း။

ဖြေ (၄) ငါ့ရှင်တို့၊ ထိုအာယတနတို့၌ စွဲမက်ခြင်း၊ နှစ်သက်ခြင်း၊ ဆာလောင်ခြင်း၊ တွယ်ကပ်စွဲလမ်းခြင်း၊ စိတ်စွဲခြင်း၊ မှားယွင်းစွာ နှလုံးသွင်းခြင်း၊ ကိန်းဝပ်ခြင်းတို့၏ ကုန်ခန်းခြင်း၊ ကင်းကွာခြင်း၊ ချုပ်ငြိမ်းခြင်း၊ စွန့်ခွာခြင်းတို့ကြောင့် ငါ၏စိတ်သည် လွတ်မြောက်ပြီဟု သိ၏။ ငါ့ရှင်တို့ ထိုအာယတနတို့၌ ဤသို့ သိမြင်သည်ဖြစ်၍ ငါ၏စိတ်သည် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်မြောက်ခဲ့ပေ၏။

မေး (၅) ငါ့ရှင်၊ ဝိညာဏ်နှင့်တကွသော ဤကိုယ်၌လည်းကောင်း၊ အလုံးစုံသော ဗဟိဒ္ဓနိမိတ်အာရုံတို့၌လည်းကောင်း၊

အဘယ်သို့ သိမြင်သည်ဖြစ်၍ အရှင်သည် ငါ၊ ငါ့ဟာဟူသော ထင်မှတ်မှုများ ကိန်းဝပ်ခြင်းတို့ကို ပယ်အပ်ပါကုန်သနည်း။

ဖြေ (၅) ရဟန်းတို့၊ အာသဝေါကုန်ခန်း၍ ကိလေသာမှ လွတ်မြောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ တရားကို ကြားနာရ၍ ရဟန်းပြုပြီး သီလကို ဖြည့်ကျင့်ခဲ့ပုံ၊ ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှုသတိကို စွဲမြဲစွာထားသဖြင့် ဈာန်အဆင့်ဆင့်ကို ရရှိခဲ့ပုံ၊ အာသဝေါ ကုန်ခန်းကြောင်းဖြစ်သော ဉာဏ်အလို့ငှာ စိတ်ကို ရှေးရှုညွတ်စေသဖြင့် မိမိစိတ်သည် အာသဝေါတရားလေးပါးတို့မှ လွတ်မြောက်ခဲ့ပုံတို့ကို ဖြေကြားပြောဆိုရာ၏။

ရဟန်းတို့ ထိုရဟန်း၏ ဖြေဆိုချက်ကို ကောင်းလှပေ၏ဟု နှစ်သက်ဝမ်းမြောက်ပြီး အရှင်ကဲ့သို့သော သီတင်းသုံးဖော်ကို တွေ့မြင်ရသော ငါတို့အား အရတော်လှပေကုန်စွဟူ၍ ချီးကျူး ပြောဆိုအပ်ပေသည်။

ဗုဒ္ဓပေးထားသော ဤရဟန္တာ ဟုတ်မဟုတ် စစ်ဆေးနည်းကို ထောက်လိုက်လျှင် ဓာတ်တော် ကျမကျ ဟူသော ပေတံဖြင့် ရဟန္တာ ဟုတ်မဟုတ် တိုင်းတာခြင်းသည် အမှားသာဖြစ်ကြောင်း ထင်ရှား၏။ ကိလေသာ ကုန်မကုန်ဟူသော ပေတံဖြင့်သာလျှင် ရဟန္တာ ဟုတ်မဟုတ်ကို တိုင်းတာသင့်၏။

ဓာတ်တော်ကျမှ ရဟန္တာဟူ၍ အတင်းသတ်မှတ်ကြသော အခါ ငရဲကို မကြောက်သော နှောင်းလူအချို့က မိမိတို့ ကိုးကွယ်သော ဆရာတော်ကို ရဟန္တာဟုထင်စေရန် ဓာတ်တော်အတုလုပ်လာကြ၏။ အင်္ဂလိပ်ဖိုသမားများ နားလည်သော ဓာတ်တစ်မျိုးကို အလောင်းကောင်၏ပါးစပ်ထဲမှ လောင်းထည့်လိုက်ရ၏။ အချိန်

ကျ၍ မီးရှို့သောအခါ ထိုဓာတ်ပြာများသည် မီးမစွဲဘဲ အလုံးအလုံး လေးများဖြစ်ပြီး ကျန်ခဲ့၏။ ထိုအရာများကို ဓာတ်တော်ဟုပြပြီး လိမ်ညာကြ၏။

ဒသက၊ အင်္ဂုတ္တရတွင်-
နိန္ဒိယ ပသံသာယပိ၊
ပသံသိယ နိန္ဒာယစ
သမကော၀ ဝိပါကော
ဟု ဖွင့်ပြ၏။

**အဓိပ္ပာယ်ကား -**

ကဲ့ရဲ့ထိုက်သော ပုထုဇဉ်ကို ရဟန္တာအဖြစ် ချီးမွမ်းလျှင် ချီးမွမ်းထိုက်သော ရဟန္တာကို ပုထုဇဉ်အဖြစ် ကဲ့ရဲ့လျှင် အကျိုးပေးခြင်း (အရိယူပဝါဒကံ ထိုက်တာချင်း) အတူ တူပင် ဖြစ်သည်။

ဟူ၍ ဖြစ်၏။ အရိယူပဝါဒကံထိုက်သော လိမ်ညာမှုသာ ဖြစ်ကြောင်း သိရှိကြပြီး ဝေးဝေးမှ ရှောင်ကြဉ်နိုင်ကြပါစေ။

ရဟန္တာဖြစ်သွားသော. တိဿသာမဏေအကြောင်းကို ပြန် ဆက်အံ့။ ရှင်တိဿ ဝါတွင်းသုံးလအတွင်း သီတင်းသုံးစဉ်ကာလ က တရားဟောစရာကြုံသောအခါတိုင်း 'သုခိတာဟောထ၊ ဒုက္ခာ မုစ္စထ' ဟူသော တရားတစ်ပုဒ်ကိုသာ အမြဲတမ်း ဟော၏။

**အဓိပ္ပာယ်ကား-** ချမ်းသာကြပါစေ၊ ဆင်းရဲမှလွတ်ကြပါစေ ဟူ၍ ဖြစ်၏။

## တရားထပ်ရင် ဟင်းထပ်တယ်

တရားတစ်မျိုးတည်းသာ ဟောသဖြင့် ဟင်းတစ်မျိုးတည်းသာကပ်သော ရွာတစ်ရွာမှ ဘုန်းကြီးတစ်ပါးအကြောင်းကို ဖတ်ရဖူး၏။ ထိုဘုန်းကြီးသည် ရွာမှာ ကျောင်းထိုင်တာ သုံးနှစ်ခန့်ရှိပြီဖြစ်သော်လည်း ယသော်ဓယာချွတ်ခန်း တရားတစ်ပုဒ်တည်းကိုသာ ဟောလေ့ရှိ၏။ ထို့ကြောင့်လောမသိ ရွာသူရွာသားများကလည်း ထိုကျောင်းသို့ ဆွမ်းပို့သောအခါ မျှစ်ကြော်ဟင်းတစ်မျိုးသာ အမြဲပို့ကြ၏။

ယသော်ဓယာချွတ်ခန်းတရားနှင့် မျှစ်ကြော်ဟင်းတို့ စစ်ဖြစ်နေကြရာ သုံးနှစ်ကျော်လာသည်နှင့် ဒကာများက လက်နက်ချကြ၏။ တရားပြောင်းဟောပေးပါ၊ ဟင်းပြောင်းပို့ပါမည်ဟု ဆိုလာ၏။ ထိုအခါ ဘုန်းတော်ကြီးကလည်း ဟင်းပြောင်းလျှင် တရားပြောင်းဟောမည်ဟု ကတိပေးလိုက်၏။ နောက်နေ့တွင် ဒကာများက ဟင်းပြောင်းလာ၏။ သို့သော် နာမည်သာပြောင်းလာ၏။ ဟင်းကိုယ်ထည်ကား မပြောင်း၊ မျှစ်ကြော်ဟင်းများမှ မျှစ်သုပ်ဟင်းများ ဖြစ်လာသောကြောင့်ပင်တည်း။

ထိုအခါ ဘုန်းတော်ကြီးကလည်း တရားပြောင်းဟော၏။ သို့သော် ဒကာများ၏အပြုအမူအတိုင်း နာမည်သာ ပြောင်း၏။ တရားကိုယ်ထည်ကား မပြောင်း၊ ယခင်က ဆရာတော်ဟောခဲ့သည်ကား ယသော်ဓယာချွတ်ခန်းတရား၊ ယခု ပြောင်းဟောသည်ကား ရာဟုလာမယ်တော်ချွတ်ခန်းတရားတည်း။

ရှင်တိဿ၏ ဒကာဒကာမများသည် ဆွမ်းဟင်းများ အမျိုးမျိုးပြောင်းကပ်သော်လည်း တရားကား သုံးလသာ ပြည့်သွားသည် ပြောင်းမသွား။

ဝါကျွတ်သည်နှင့် ရဟန္တာဖြစ်သွားသော ရှင်တိဿကို အားပေးဂုဏ်ပြုရန်အတွက် အဂ္ဂသာဝကကြီးနှစ်ပါးနှင့် ရဟန္တာအပါးငါးရာတို့ ကြွလာကြ၏။ ထိုအခါ ရွာသူရွာသားများသည် ဝမ်းသာအားရဆွမ်းကပ်လှူကြ၏။ ရှင်တိဿကို ဆွမ်းအနုမောဒနာ တရားဟောရန် အဂ္ဂသာဝကကြီးနှစ်ပါးက တာဝန်ပေးကြ၏။ ရှင်တိဿ ဓမ္မာသနပလ္လင်ပေါ်သို့ တက်လာသောအခါ ရွာသူရွာသားများက 'သုခိတာဟောထ၊ ဒုက္ခာ မုစ္စထ' လေးဟောပြီး ဆင်းသွားဦးမှာဘဲဟု ထင်နေကြ၏။

ရဟန္တာဟူသည် အသိဉာဏ်သာ ပြောင်းလဲသွားခြင်းဖြစ်ပြီး၊ ရုပ်တရားကား ပြောင်းလဲမသွားသောကြောင့် ရွာသူရွာသားများ သည် ရှင်တိဿ ရဟန္တာဖြစ်သွားသည်ကို မသိနိုင်ကြခြင်း ဖြစ်၏။ ချမ်းသာကြပါစေ၊ ဆင်းရဲမှ လွတ်ကြပါစေဟူသောတရားကို ရှင်တိဿ သည် ပုထုဇဉ်ဘဝကလည်း ဟောခဲ့၏။ ယခု ရဟန္တာဘဝ၌လည်း ဟော၏။ သို့သော် အသံထွက်နာမည်ချင်းတူသော်လည်း အဓိပ္ပာယ် အယူအဆ မတူကြတော့။

ပုထုဇဉ်ဘဝက ချမ်းသာကြပါစေဟု ဟောခြင်းသည် ခံစားရသော ဝေဒယိတသုခကို ဆိုလိုခြင်း ဖြစ်၏။ ရဟန္တာဘဝ၌ ချမ်းသာပါစေဟု ဟောခြင်းကား ငြိမ်းအေးသော သန္တိသုခချမ်းသာကို ဆိုလိုခြင်းဖြစ်၏။ ပုထုဇဉ်ဘဝက ဆင်းရဲခြင်းမှ လွတ်ကြပါစေဟု ဟောခြင်းသည် ရန်သူမျိုးငါးပါးမှ လွတ်ခြင်း၊ ရောဂါဝေဒနာမှ လွတ်ခြင်းတို့ လောကကိုသာ ဆိုလိုခြင်း ဖြစ်၏။ ရဟန္တာဘဝ၌ ဆင်းရဲမှ လွတ်ပါစေဟု ဟောခြင်းကား ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဆင်းရဲတို့မှ လွတ်ခြင်းကို ဆိုလိုခြင်း ဖြစ်၏။

ထိုဆိုလိုချက်များကို ပေါ်လွင်ထင်ရှားအောင် ပိဋကတ်အကိုးအကားဖြင့် အကျယ်ချဲ့၍ဟောရာ ဒကာဒကာမတို့မှာ အံ့သြ

ကြည်ညိုလွန်းသဖြင့် မိမိတို့နားကိုပင် မိမိတို့ မယုံနိုင်အောင် ဖြစ်ကြရ၏။ ပုထုဇဉ်မှ အနာဂါမ်ထိ ပုဂ္ဂိုလ်များသည် ဘဝသစ်များဖြစ်ပြီး အို၊ နာ၊ သေ ဒုက္ခများကို ခံကြရဦးမည်ဖြစ်၍ တကယ်လည်း မချမ်းသာကြ၊ တကယ်လည်း ဆင်းရဲမှ မလွတ်ကြ၊ ရဟန္တာများသည်သာ အို၊ နာ၊ သေ ဒုက္ခမှ လွတ်ပြီးဖြစ်၍ တကယ်လည်း ချမ်းသာ၏။ တကယ်လည်း ဆင်းရဲမှ လွတ်၏။

ထို့ကြောင့် တကယ်ချမ်းသာလိုလျှင် တကယ်ဆင်းရဲမှ လွတ်လိုလျှင် ရဟန္တာဖြစ်အောင် အားထုတ်ကြရမည် ဖြစ်၏။ ရဟန္တာဖြစ်ရန်အတွက် လေးမဂ်၊ လေးဖိုလ်ကို ရ ရမည် ဖြစ်၏။ ထိုလေးမဂ်လေးဖိုလ်ကိုလည်း တစ်ပြိုင်နက် ရနိုင်သည်မဟုတ်။ သူ့မဂ်နှင့်သူ့ဖိုလ် တစ်တွဲစီ အဆင့်ဆင့် တက်ရ၏။ မဂ်ဖိုလ်နိဗ္ဗာန်နှင့် ပတ်သက်သမျှ ဉာဏ်အလုပ်ချည်း ဖြစ်၏။ ထို့ကြောင့် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဟု သုံးနှုန်းခြင်း ဖြစ်၏။

ဉာဏ်ဟူသည် ပညာစေတသိက်ပင် ဖြစ်၏။ စေတသိက်ဟူသည် နာမ်တရားဖြစ်သောကြောင့် ဝိပဿနာသည် နာမ်၏အလုပ် ဖြစ်၍ အချိန်မရွေး၊ နေရာမရွေး၊ ဣရိယာပုဒ်မရွေး ရှုပွားနိုင်ရမည် ဖြစ်၏။ အချိန်၊ နေရာ၊ ဣရိယာပုဒ် ရွေးနေရပြီဆိုလျှင် ဝိပဿနာ မဟုတ် သမထသာဖြစ်ကြောင်း သိအပ်၏။ ဗုဒ္ဓလက်ထက်က ဥဂ္ဂါသေနအမည်ရှိ ကျွမ်းဘားမင်းသားသည် အတောင်ခြောက်ဆယ်မြင့်သည့် ဝါးလုံးထိပ်တွင် အကကို ခဏရပ်ပြီး ဗုဒ္ဓ၏တရားကို နာကြားရင်း ဉာဏ်ဖြင့်ရှုပွားရင်း လေးမဂ်လေးဖိုလ် တစ်ဆင့်ချင်းတက်ပြီး ရဟန္တာဖြစ်ခဲ့ရ၏။

သီဟိုဠ်မှ ရဟန်းတစ်ပါးသည် မြူဆွယ်သည့်အနေဖြင့် ပြုံးပြလာသော အမျိုးသမီးတစ်ဦး၏ မျက်နှာကိုကြည့်ရင်း ဉာဏ်သွင်းပြီး

ခန္ဓာအဖြစ်အပျက်ကို ရှုပွားနိုင်သောကြောင့် ရဟန္တာဖြစ်ခဲ့ရ၏။ ထေရိကာအမည်ရှိ အမျိုးသမီးဆိုလျှင် အစိမ်းကြော် ကြော်ရင်း ဉာဏ်သွင်းကာ ရှုပွားသောကြောင့် အိမ်မှုကိစ္စလုပ်ရင်း အနာဂါမ် တည်ခဲ့၏။

အားထုတ်ခြင်း ဝီရိယသည် နာမ်ဝီရိယ၊ ရုပ်ဝီရိယဟု နှစ်မျိုး ရှိ၏။ လောကီစီးပွားဥစ္စာရှာရာ၌ကား ရုပ်ဝီရိယကို အဓိက ထားရ၏။ လောကုတ္တရာ စီးပွားဥစ္စာရှာရာ၌ နာမ်ဝီရိယကို အဓိက ထားရ၏။ ရုပ်ဝီရိယကို အသုံးချနေကျဖြစ်သောကြောင့် တရားအားထုတ်သောအခါ ကြာကြာထိုင်မှ ရမည်ဟု ယူဆပြီး တအား ထိုင်ကြ၏။ မချိမဆန့်ခိုင်းသောအခါ ရုပ်နာမ်များဖောက်ပြန်ပြီး တချို့ စိတ္တဇဝေဒနာသည်များ ဖြစ်သွားကြ၏။

ထို့ကြောင့် တရားထိုင်သောအခါ ကိုယ်နိုင်သလောက်သာ ထိုင်သင့်၏။ ဆရာများကလည်း မနိုင်ဝန်ကို မထမ်းခိုင်းသင့်။ ဝိပဿနာဟူသည် ကိလေသာကို ပယ်သတ်နေခြင်းပင် ဖြစ်၏။ ထို ကိလေသာသည် အချိန်မရွေးဖြစ်နေသည်မဟုတ်။ ပေါ်သည့်အခါ ပေါ်၏။ မပေါ်သည့်အခါ မပေါ်။

ထို့ကြောင့် မဟာသတိပဋ္ဌာနသုတ် ပါဠိတော်တွင်-

သရာဂံစိတ္တံ သရာဂံစိတ္တန္တိ ပဇာနာတိ
ဝီတရာဂံစိတ္တံ ဝီတရာဂံစိတ္တန္တိ ပဇာနာတိ
သဒေါသံစိတ္တံ သဒေါသံစိတ္တန္တိ ပဇာနာတိ
ဝီတဒေါသံစိတ္တံ ဝီတ ဒေါသံစိတ္တန္တိ ပဇာနာတိ
လောဘစိတ်ဖြစ်နေလျှင် လောဘစိတ်ဖြစ်မှန်းသိ
လောဘကင်းသောစိတ် ဖြစ်နေလျှင်
လောဘကင်းသောစိတ် ဖြစ်မှန်းသိ

ဒေါသစိတ်ဖြစ်နေလျှင် ဒေါသစိတ် ဖြစ်မှန်းသိ
ဒေါသကင်းသောစိတ် ဖြစ်နေလျှင်
ဒေါသကင်းသောစိတ် ဖြစ်မှန်းသိ
စသည်ဖြင့် ဟောထားခြင်းဖြစ်၏။

ကိလေသာစိတ်ဖြစ်နေလျှင်၊ ဖြစ်မှန်းသိလျှင် ဝိပဿနာ ရှုပွားခြင်းပင် ဖြစ်၏။ ကိလေသာစိတ် မဖြစ်လျှင်လည်း မဖြစ်မှန်း သိနေခြင်းသည် ဝိပဿနာ ရှုပွားခြင်းပင် ဖြစ်၏။ နောက်စိတ် ရှုဉာဏ်ဖြင့် ကြည့်လိုက်သည်နှင့် ရှေ့စိတ် အရှုခံသည် ပျက်သွား၏။ ဤကား အနိစ္စကို မြင်ခြင်းပင် ဖြစ်၏။ ဖြစ်ပျက်ဟူ၍ နှုတ်ကဖြစ်စေ၊ စိတ်ကဖြစ်စေ ဆိုနေစရာမလိုပေ။ ကိလေသာပေါ်တိုင်း သိပေးခြင်းသည် ကိလေသာကို သတ်ခြင်းပင်ဖြစ်၏။

သီဟိုဠ်ကျွန်းမှ မထေရ်တစ်ပါးသည် စေတီရင်ပြင်ပေါ် တံမြက်စည်းလှဲရင်း ဖြစ်ပေါ်လာသောပီတိကို အနိစ္စရှု၍ ရဟန္တာဖြစ်ဖူး၏။ ရုပ်ဝီရိယကို ဒဲ့မိကထားသူများအတွက် တရားထိုင်တာမဟုတ်ဘဲ တံမြက်စည်းလှဲရင်း ဘယ်လိုများ ရဟန္တာဖြစ်ပါလိမ့်ဟု တွေးမရစရာပင် ဖြစ်၏။ ဝိပဿနာသည် နာမ်အလုပ်ဖြစ်သောကြောင့် ရုပ်ခန္ဓာက တံမြက်လှည်းသော်လည်း နာမ်ဝီရိယက ရှုပွားလိုက်သည့်အတွက် ရဟန်းကိစ္စ ပြီးရခြင်း ဖြစ်၏။

မိုင်ပေါင်း တစ်သောင်းရှိသောခရီးကို ပထမခြေတစ်လှမ်းဖြင့် စ ရသကဲ့သို့ ရဟန္တာဖြစ်သည်အထိ အရောက်လှမ်းရသည့် အရိယာခရီးကို နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် စ ရ၏။ နာမရူပ ပရိစ္ဆေဒဉာဏ်ဟူသည် မိမိတွင် အမှန်တကယ်ရှိသော နာမ်နှင့်ရုပ်ကို ပိုင်းခြား၍ သိသောဉာဏ်ပင် ဖြစ်၏။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော အခံဓာတ်ခြောက်ပါးကို အဆင်း၊ အသံ၊ အနံ့၊ အရသာ၊

အတွေ့အထိ၊ အတွေးအာရုံဟူသော အတိုက်ခာတ်ခြောက်ပါးက တိုက်သောအခါ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ် ဟူသော စိတ်နာမ်နှင့် ခံစားခြင်း၊ မှတ်သားခြင်း၊ စေ့ဆော်ခြင်းဟူသော စေတသိက်နာမ်တို့ ဖြစ်ပေါ်လာ၏။

ပြခဲ့သော အခံခာတ်ခြောက်ပါး၊ အတိုက်ခာတ်ခြောက်ပါး၊ အပေါ်ခာတ်ခြောက်ပါးထဲတွင် ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိ၊ သဘောတရားဖြစ်သော ရုပ်နှင့်နာမ်သာ ရှိ၏။ ဤသို့ အာရုံခြောက်ပါး တိုက်ဆိုင်လာတိုင်း ရုပ်နာမ်သာ ရှိသည်ဟူ၍ ပိုင်းခြားပြီးသိသောဉာဏ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်ဟု ခေါ်၏။

ငါဟူသည်မရှိ၊ ရှိသော ရုပ်နာမ်သည်လည်း မမြဲသော တရားပါတကား၊ ဆင်းရဲသော တရားပါတကား၊ အစိုးမရသော တရားပါတကားဟု ရှုပွားသောဉာဏ်ကိုပင် ဝိပဿနာဉာဏ်ဟု ခေါ်၏။ စည်မျက်နှာပြင်ကို တုတ်နှင့်ရိုက်သောအခါ စည်သံပေါ်၏။ ထိုစည်သံသည် စည်ထဲမှာလည်း ကြိုပြီး မရှိနှင့်၊ တုတ်ထဲမှာလည်း ကြိုပြီး မရှိ နှင့်၊ သို့သော် စည်မျက်နှာပြင်ပေါ် တုတ်ဖြင့် ရိုက်လိုက်သည်နှင့် စည်သံသည် ပေါ်ထွက်လာရ၏။

ထို့အတူ စည်မျက်နှာပြင်နှင့်တူသော အခံခာတ်ခြောက်ပါးထဲ၌လည်း နာမ်တရားများ မရှိ။ အတိုက်ခာတ်ခြောက်ပါးထဲ၌လည်း နာမ်တရားများမရှိ။ သို့သော် အခံခာတ်ရုပ်နှင့် အတိုက်ခာတ်ရုပ်များ ထိခိုက်မိသည်နှင့် သိစိတ်၊ နာမ်နှင့် ခံစားမှတ်သား စေ့ဆော်သော စေတသိက်နာမ်များ ပေါ်ထွက်လာရ၏။ ထိုနာမ်တရားသည် တစ်စက္ကန့်အတွင်း ကုဋေတစ်သိန်းခန့် ဖြစ်ပျက်၏။ နာမ်တရားများသည် ကြိုတင်ပြီး ရှိမနေသောကြောင့်လည်းကောင်း၊

တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေတစ်သိန်း ဖြစ်ပျက်သွား သောကြောင့်လည်းကောင်း မမြဲသောအနိစ္စတရားသာ ဖြစ်၏။

မမြဲခြင်းဖြင့် အမြဲနှိပ်စက်နေသောကြောင့် ဆင်းရဲသော ဒုက္ခ တရားသာ ဖြစ်၏။ မမြဲတာကို မြဲပါစေ၊ ဆင်းရဲတာကို ချမ်းသာပါ စေဟု အမိန့်မပေးနိုင်သောကြောင့် အစိုးမရသော၊ ကိုယ်မပိုင်သော၊ ခိုင်မြဲသည့် အနှစ်သာရမရှိသော အနတ္တတရားသာ ဖြစ်၏။ နာမ် တရားသည် တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေတစ်သိန်း ပျက်သကဲ့သို့ အခံဓာတ်နှင့် အတိုက်ဓာတ်ရုပ်တရားများသည်လည်း တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေ (၅၈၈၀) ကျော် ဖြစ်ပျက် သွား၏။

နာမ်တရား၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်လွယ်သော်လည်း ရုပ်တရား၌ မမြင်လွယ်နိုင်အောင် ဖြစ်တတ်ကြ၏။ အဘယ့်ကြောင့် နည်း။ နာမ်တရား၌ အလုံးအခဲစသော အထင်မှားစရာ ပညတ်မရှိ ဘဲ၊ ရုပ်တရား၌သာလျှင် အတုံး အလုံး အခဲစသော ပညတ်များရှိနေ သောကြောင့်ပင်တည်း။

အနိစ္စကို သန္တတိ ဖုံး၏။

ဒုက္ခကို ဣရိယာပထ ဖုံး၏။

အနတ္တကို ဃန ဖုံး၏။

ဟူသော စကားသုံးခွန်းရှိ၏။ ရှေ့တစ်ခွန်းကို အကျယ်ပြဆုံ။ မမြဲခြင်းအနိစ္စကို ဖုံးသောတရားသည် သန္တတိဖြစ်၏။ သန္တတိဟူ သည် ဖြစ်စဉ်ကိုဆိုခြင်း ဖြစ်၏။ မျက်စိအကြည်ရုပ်သည် တစ် စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေငါးထောင်ကျော် ဖြစ်ပျက်သွား ၏။ သို့သော် ပျက်ပြီးနောက် ဖြစ်တာကလည်း မြန်လွန်းသောကြောင့် အနိစ္စကို မသိရခြင်းဖြစ်၏။ ထိုသို့ ဖြစ်စဉ်က အတန်းကြီးလို ဖြစ်ပြီး

အပျက်ကို ဖုံးကွယ်နေသလို ဖြစ်သောကြောင့် အနိစ္စကို သန္တတိ ဖုံးသည်ဟုဆိုကြခြင်း ဖြစ်၏။

မှောင်မိုက်သောညအခါတွင် မီးတုတ်တစ်ခုကို ကြိုးစတစ်ဖက်တွင်ချည်ပြီး အမြန်ဝှေ့ရမ်းပါက အဝေးကကြည့်လျှင် မီးကွင်းကြီး အဖြစ် မြင်ရ၏။ အမှန်ကား မီးကွင်းကြီးမဟုတ်၊ တစ်ထွာလောက်ရှိသော မီးစလေးက တစ်နေရာမှ တစ်နေရာသို့ အစားထိုးသွားပေးတာ မြန်လွန်းသောကြောင့် မီးကွင်းကြီးဟု ထင်ရခြင်း ဖြစ်၏။ တစ်ထွာလောက် မီးစလေးပါလားဟု မသိအောင် မီးကွင်းကြီးက ဖုံးလွှမ်းပေး၏။

ထို့အတူ ရုပ်တရားများသည် တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေငါးထောင်ကျော်ပျက်နေသော အပိုင်းအစတွေပါလားဟု မသိအောင် သန္တတိရုပ်ဖြစ်စဉ်ကြီးက ဖုံးလွှမ်းပေးထား၏။ မီးကွင်းကြီး မဟုတ်၊ တစ်ထွာခန့်ရှိသော မီးစလေးသာဖြစ်သည်ဟု ဉာဏ်ဖြင့်သိနိုင်သလို ရုပ်ဟူသည် အတုံး အလုံး အခဲ အပြင်လိုက်ကြီး မဟုတ်၊ တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေငါးထောင်ကျော် ပျက်နေသော တရားသာတည်းဟု ဝိပဿနာဉာဏ်ဖြင့် သိနိုင်၏။

အကြည်ရုပ်ငါးမျိုးကို နာမ်တရားကဲ့သို့ သဘောတရားမျှသာ ရှိပြီး၊ အလုံးအတုံးအခဲမရှိပုံ ထင်ရှားစေရန် ပညတ်နှင့် ပရမတ်ကို ခွဲပြအံ့။ မြင်နေရသော၊ ကိုင်ယူ၍ရသော မျက်လုံးကြီးသည် မရှိသော ပညတ်သာ ဖြစ်၏။ ထံကြောင့်ဖြစ်သော အကြည်ရုပ်ကား ကိုင်၍မရ။ မြင်၍မရ။ ရူပါရုံ (ခေါ်) အဆင်းရုပ်၏ အရိပ်လာထင်သော သဘောတရားလေးသာ ရှိ၏။ မျက်လုံးကြီးကား သေသည်အထိ ရှိ၏။ မပျက်။

တစ်စက္ကန့်အတွင်း ကုဋေငါးထောင်ကျော် ပျက်သွားသော မျက်စိအကြည်ရုပ်ဟူသည် ယခု ဖော်ပြခဲ့သည့် သဘောတရားလေး

သာ ဖြစ်၏။ ထိုအကြည်ရုပ်လေးကိုသာ ပရမတ်ဟု ခေါ်၏။ မြင်နေရသော ကိုင်ယူ၍ရသော နားရွက်ကြီးကား မရှိသော ပညတ်၊ အသံရိပ်ထင်ရာ နားအကြည်ရုပ်လေးကား ပရမတ်။ ထိုနားအကြည်ရုပ်လေးကား မျက်စိအကြည်ရုပ်ကဲ့သို့ အလုံး၊ အခဲ၊ ပုံသဏ္ဍာန်၊ အလေးအပေါ့ စသည်မရှိဘဲ သဘောတရားလေးသာ ဖြစ်၏။ ထိုသဘောတရားရုပ်ကိုသာ အနိစ္စရှုခြင်း ဖြစ်၏။

ကိုင်၍ရသော နှာခေါင်းဖူးကြီးကား မရှိသော ပညတ်၊ အနံ့ရိပ်ထင်ရာ သဘောတရားရုပ်လေးသည်သာ ပရမတ် ဖြစ်၏။ ထိ၍ရသော လျှာကြီးတစ်ခုလုံးကား ပညတ်။ အရသာအရိပ်ထင်ရာ လျှာအလယ်မှ မမြင်ရသော အကြည်ရုပ်ကား ပရမတ်။ ကိုင်၍ရသော၊ ထိ၍ရသော၊ ခေါင်း၊ ကိုယ်၊ ခြေ၊ လက် တစ်ကိုယ်လုံးကား ပညတ်။ ထိ၍မရသော၊ ယူ၍မရသော ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိ အရိပ်ထင်ရာ ကိုယ်အကြည်ရုပ်လေးကား ပရမတ် ဖြစ်၏။ ထိုပရမတ် အကြည်ရုပ်လေးများ၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ရှုနိုင်မှ ဝိပဿနာ စစ်စစ် ဖြစ်၏။ ကျန်ပညတ်ရုပ်ကြီးများကို ရှုပွားနေလျှင် သမထသာ ဖြစ်၏။

*မှတ်ချက် ။ ။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အထိ ရုပ်တို့၏ ပညတ်၊ ပရမတ်ခွဲပုံကို စာရေးသူရေးသားသော မဂ်တား၊ ဖိုလ်တား အန္တရာယ်များ စာအုပ်၌ ကြည့်ရှုပါ။*

လူ၊ သစ်ပင်၊ တော၊ တောင် မည်သည့် အဆင်းအာရုံကိုပဲ မြင်မြင်၊ လူ၊ သစ်ပင် စသော ပညတ်ပေါ် တင်မနေတော့ဘဲ ရုပ်၊ နာမ်၊ အနိစ္စ (သို့မဟုတ်) ခန္ဓာငါးပါး အနိစ္စဟု ရှုပွားဖို့သည် ယောဂီ၏ တာဝန် ဖြစ်၏။ အချိန်တန်သောအခါ ကိလေသာကို အမြစ်ပြတ် ပယ်သတ်ဖို့သည် မဂ္ဂ၏တာဝန် ဖြစ်၏။ မဂ်စိတ်၊ ဖိုလ်စိတ်ပေါ်ပုံ၊ ကိလေသာသေသွားပုံ၊

နိဗ္ဗာန်ကို မျက်မှောက်ပြုပုံ အစီအစဉ်များသည် ဓမ္မ၏ တာဝန်သာ ဖြစ်၏။ ယောဂီ၏ တာဝန်မဟုတ်ပေ။

ဓမ္မ၏အလုပ်ကို ယောဂီက ဝင်လုပ်သောကြောင့် ကိလေသာ မသေဘဲ စိတ်ရောဂါသည်ဘဝသို့ ရောက်ကြရသူ အလွန်များ၍ ဤအချက်ကို အထူးသတိထားသင့်၏။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဟူ သည် ရွှေ၊ ငွေ၊ ဥစ္စာကဲ့သို့ လောဘ၊ ကာယဖြင့် ရှာဖွေရသည်မဟုတ် အလောဘ၊ ဉာဏတို့ဖြင့်သာ ရှာဖွေရ၏။ ရွှေငွေဥစ္စာများကား များများလိုချင် များများရ၏။ မြန်မြန်လိုချင် မြန်မြန်ရ၏။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကား ထိုသို့မဟုတ်။

များများလိုချင်လျှင် နည်းနည်းသာ ရတတ်၏။ မြန်မြန်လိုချင် လျှင် နှေးနှေးသာ ရတတ်၏။ အာရုံခြောက်ပါး တစ်ပါး ပါးနှင့် တိုက်ဆိုင်လာတိုင်း ရုပ်နာမ်အနိစ္စ (သို့မဟုတ်) ခန္ဓာငါးပါး အနိစ္စဟု ရှုပွားခြင်းသည် မဂ္ဂင်နှင့် ညီ၊ မညီ စစ်ဆေးပြအံ့။ မည်သည့် ရှုပွားနည်းမဆို မဂ္ဂင်နှင့်ညီလျှင် မှန်သည်။ မညီလျှင် မမှန်ဟု ဘုရား မျက်နှာကြည့်ပြီး ဆုံးဖြတ်ရ၏။

အာရုံနှင့် ဒွာရတိုက်ဆိုင်လာတိုင်း ပညတ်ပေါ်တင်မနေဘဲ ဖောက်ပြန်သောရုပ်နှင့် အာရုံကို သိတတ်သောနာမ်တို့သာ ဖြစ်ပျက် သွားသည်ဟု ပညာဖြင့်ပိုင်းခြား၍ သိခြင်းသည် သမ္မာဒိဋ္ဌိမဂ္ဂင်၊ အသိမှန်၍ ရုပ်နာမ်သာရှိသည်၊ ငါဆိုတာမရှိဟု အတွေးအကြံ မှန်ခြင်းသည် သမ္မာသင်္ကပ္ပမဂ္ဂင်၊ အာရုံနှင့် ဒွာရ တိုက်ဆိုင်လာတိုင်း ရုပ်နာမ်အနိစ္စဟူ၍ အားထုတ်ရှုပွားခြင်းသည် သမ္မာဝါယာမမဂ္ဂင်၊ ရှုပွားဖို့ သတိရခြင်းသည် သမ္မာသတိမဂ္ဂင်၊ ရှုပွားသခိုက်၌ ရှုစိတ် သည် ရုပ်နာမ်အပေါ် စူးစိုက်တည်ငြိမ်နေခြင်းသည် သမ္မာသမာဓိ မဂ္ဂင်၊ ဤကား ဝိပဿနာရှုပွားတိုင်း ပါဝင်သော မဂ္ဂင် ငါးပါးတည်း။

မဂ်စိတ်ကျတော့မည်ဆိုလျှင် သီလမဂ္ဂင်သုံးပါးပါ တစ်ပြိုင်နက် ဝင်လာပြီး မဂ္ဂင်ရှစ်ပါး ဖြစ်၏။ ရှုပွားဆဲခဏ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းသည် သမ္မာဝါစာမဂ္ဂင်၊ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်းသည် သမ္မာကမ္မန္တမဂ္ဂင်၊ ဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက်သုံးပါးမှ လွတ်အောင် အသက်မွေးဝမ်းကျောင်း စင်ကြယ်ခြင်းသည် သမ္မာအာဇီဝမဂ္ဂင် ဖြစ်၏။

ထိုသို့ ရှုပွားဉာဏ်သည် မဂ္ဂင်ရှစ်ပါးကိုက်သည်နှင့် သစ္စာလေးပါးဆိုက်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရ၏။ သစ္စာလေးပါးတွင် ဒုက္ခသစ္စာသည် ဆင်းရဲဟု သိရမည့်တရား ဖြစ်၏။ သမုဒယသစ္စာသည် ဆင်းရဲဖြစ်ကြောင်း အမှန်ဟုနားလည်ပြီး ပယ်စွန့်ရမည့်တရား ဖြစ်၏။ နိရောဓသစ္စာသည် ဆိုက်ရောက် မျက်မှောက်ပြုရမည့်တရား ဖြစ်၏။ မဂ္ဂသစ္စာကား ပွားများရမည့်တရား ဖြစ်၏။

ရုပ်နာမ်အနိစ္စဟု သိခြင်းသည် ဒုက္ခသစ္စာကို သိခြင်းပင် ဖြစ်၏။ ပရမတ်အရာ၌ မမြဲသောတရားကိုပင် ဆင်းရဲဟုဆိုခြင်း ဖြစ်၏။ ကြာကြာဖိထိုင်၍ နာလာခြင်းမျိုး၊ ရောဂါတစ်ခုခုကြောင့် နာလာခြင်းမျိုးကို ဆင်းရဲဟု ဆိုခြင်းမဟုတ်။ ရုပ်နာမ်၏ အနိစ္စကို ရှုပွားတတ်သောဉာဏ်သည် မဂ္ဂသစ္စာပင် ဖြစ်၏။ ဆင်းရဲဟု သိလိုက်သည်နှင့် ထိုရုပ်နာမ်ကို နောက်ထပ်မလိုချင်တော့ခြင်းသည် သမုဒယသစ္စာကို ပယ်ခြင်းပင် ဖြစ်၏။ ထိုခဏ၌ ခန္ဓာလည်းသိမ်း၍ တဏှာလည်း ငြိမ်းခြင်းသည် နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းပင် ဖြစ်၏။

သောတာပတ္တိမဂ်ကို ရသောအခါ အောက်ပါပုံစံအတိုင်း ဝီထိစဉ်ခေါ် စိတ်အစဉ် ဖြစ်၏။

| |
|---|
| တီ န ဒ မ ပ ဥ နု ဂေါ မဂ်- ဖိုလ်- ဖိုလ် ဘ ဘ ဘ ဘ ဘ |

| | | |
|---|---|---|
| အတီတဘွင် | - | လွန်သွားသောဘွင် (ဘဝင်ဟုဖတ်) |
| ဘဝင်္ဂစလန | - | လှုပ်သွားသောဘွင် |
| ဘဝင်္ဂုပစ္ဆေဒ | - | ပြတ်သွားသောဘွင် |
| မနောဒွါရာဝဇ္ဇန်း | - | စိတ်၌ဖြစ်သောအာရုံကို ဆင်ခြင်သောစိတ် |
| ပရိကမ် | - | မဂ်ဖိုလ်ရရန် ပြုပြင်ပေးသောစိတ် |
| ဥပစာ | - | မဂ်ဖိုလ်အနီး၌ ဖြစ်သောစိတ် |
| အနုလုံ | - | မဂ်ဖိုလ်အားလျော်သောစိတ် |

ဤစိတ်သုံးပါးလုံး ရုပ်နာမ်၏ အနိစ္စကို ဖြစ်စေ၊ ခန္ဓာငါးပါး၏ အနိစ္စကိုဖြစ်စေ၊ ရှုပွားပြီး သိနေသော ဝိပဿနာစိတ်များပင် ဖြစ်၏။ ဤအချက်ကိုထောက်၍ ဘာမျှမသိလိုက်ဘဲ မေ့ခနဲ၊ ငိုက်ခနဲ ဖြစ်သွားခြင်းမျိုးသည် မဂ်စိတ်၊ ဖိုလ်စိတ် ကျခြင်းမျိုး မဟုတ်။ အိပ်ပျော်သွားခြင်း၊ စတုတ္ထစျာန်ကျခြင်း၊ တစ်မျိုးမျိုးသာ ဖြစ်ဖို့များ၏။

| | | |
|---|---|---|
| ဂေါတြဘူ | - | ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာ အနွယ်သို့ သက်ဝင်သောစိတ်၊ နိဗ္ဗာန်ကို အာရုံပြုသော လောကီဝိပဿနာ စိတ်။ |
| သောတာပတ္တိမဂ်စိတ် | - | ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အမြစ်ပြတ်ပယ် သတ်သောစိတ်၊ နိဗ္ဗာန်ကို အာရုံပြု သည်။ |
| သောတာပတ္တိဖိုလ်စိတ် | - | နိဗ္ဗာန်ချမ်းသာကို ခံစားသောစိတ် နိဗ္ဗာန်ကိုပင် အာရုံပြုသည်။ |

မြင်စိတ်၊ ကြားစိတ် စသည်တို့သည် တစ်စက္ကန့်လျှင် အကြိမ်ပေါင်း ကုဋေတစ်သိန်း ဖြစ်ပျက်၏။ စက္ကန့်နှင့် အမျှ နေ့စဉ် ကုဋေတစ်သိန်းထိ ဖြစ်ပျက်နေသော မြင်စိတ်၊ ကြားစိတ် စသည်တို့ကိုပင် ဘုရားရှင် ဟောထားခဲ့သောကြောင့် အပေါင်းအားဖြင့် သိနိုင်ကြခြင်း ဖြစ်ရာ တစ်ကြိမ် နှစ်ကြိမ် ခန့်သာ ဖြစ်ပျက်သွားသော မဂ်စိတ်၊ ဖိုလ် စိတ်တို့ကို သာဝက များ သေချာကျနစွာ သိလိုက်ဖို့ဆိုသည်ကား အလွန်ခဲယဉ်းလှ၏။

ဘုရားရှင်က သင် မည်သည့်မဂ်ရပြီဟု ဟောပြသော အခါမှ ဖြစ်စေ (သို့မဟုတ်) ဆိုင်ရာကိလေသာများ ပေါ်မလာ တော့သော အခါမှဖြစ်စေ မိမိရသောမဂ်ဖိုလ်ကို သိနိုင်ပေ သည်။ မြတ်စွာဘုရား ၏ နောင်တော်မဟာနာမ်မင်းကြီးသည် သကဒါဂါမ်ပုဂ္ဂိုလ် ဖြစ်၏။ သို့သော် သူကိုယ်သူ သကဒါမိမဂ်ဖိုလ်ကို ရပြီးပုဂ္ဂိုလ်ဟု မသိ။ ထို့ကြောင့် ဗုဒ္ဓကို ယခုကဲ့သို့ မေးလျှောက်ဖူး၏။

"မြတ်စွာဘုရား . . . တပည့်တော်သည် ရတနာသုံးပါးကို ကြည်ညိုလွန်းသောကြောင့်သာလျှင် နိဂြောဓာရုံကျောင်းသို့ နေ့စဉ် လာရောက်ခြင်း ဖြစ်ပါသည်၊ ကပိလဝတ်မြို့ပေါ်မှ မြင်းရထားများ သည် အလွန် အမောင်းကြမ်းကြပါသည်၊ ရုတ်တရက် မြင်းရထား တိုက်၍ ရတနာသုံးပါးအာရုံကို လွတ်လျက် သေဆုံးခဲ့သော် အပါယ် လေးပါးသို့ ကျရောက်နိုင်ပါသလား ဘုရား"

"မဟာနာမ် . . . မကျရောက်နိုင်ပေ၊ သင် နားလည်အောင် ဥပမာဖြင့် ဟောအံ့၊ ရေတွင်း၊ ရေကန်ထဲတွင် ထောပတ်အိုး၊ ဆီအိုး ကို ခွဲချလိုက်သောအခါ အိုးကွဲများသာ ရေအောက်မှာ ကျန်ခဲ့သော် လည်း ထောပတ်များ၊ ဆီများကား ရေပေါ်တက်သကဲ့သို့ ကြာမြင့် စွာ ကာလက ရတနာသုံးပါးကို ကြည်ညိုဆည်းကပ်နေသူ တစ်

ယောက်သည် ရုတ်တရက် ဥပစ္ဆေဒကကံဖြင့် သေသော်လည်း အပါယ်သို့ မကျနိုင်၊ သူ၏ ခန္ဓာဟောင်းသည်သာ လူ့လောကတွင် ပျက်စီး၍ ကျန်ခဲ့မည်ဖြစ်သော်လည်း သူ၏ခန္ဓာသစ်ကား နတ်ရွာ သုဂတိသို့ ရောက်ရမည် ဖြစ်၏”

ထို့ကြောင့်လည်း ဗုဒ္ဓက သံယုတ်ပါဠိတော်၊ ပထမဂိဇ္ဈကာ ဝသထသုတ်၌ သောတာပန် ဟုတ်မဟုတ်ကို ဆုံးဖြတ်ပေးရာ၌ **မဂ်စိတ်၊ ဖိုလ်စိတ်ကျပုံကိုသိမှ၊ ဖိုလ်ဝင်စားနိုင်မှဟု မဟောခဲ့၊ ရတနာသုံးပါးကို အသက်ထက်ဆုံး ကြည်ညိုလျှင်၊ ငါးပါး သီလကို အသက်ထက်ဆုံး လုံခြုံလျှင် သောတာပန်ဟု သိနိုင် ကြောင်း ဟောခဲ့၏။** ဤနေရာ၌ ဖလသမာပတ်နှင့် ပတ်သက် သော မေးခွန်းနှင့် အဖြေ များကို ဝိပဿနာယောဂီတိုင်း အရေး တကြီးသိထားသင့်၍ ဖော်ပြအံ့။

ပထမမေးခွန်းမှာ အရိယာတိုင်း ဖိုလ်ဝင်စားနိုင်၊ မဝင်စား နိုင်ဟူသော ပြဿနာပင် ဖြစ်၏။ ဒုတိယမေးခွန်းမှာ ဖိုလ်ဝင်စားနေ စဉ် ဘုရားရှင်ကဲ့သို့ ပြင်ပ၌ မိုးကြိုးပစ်တာကိုပင် ကြားသိခြင်း မရှိရ ဟူသော စကားကို မုချ ယူသင့်မယူသင့် ဖြစ်၏။ တတိယမှာ ဖိုလ်ဝင်စားခြင်း အတုနှင့် အစစ်ကို ခွဲခြားပြဖို့ပင် ဖြစ်၏။ သံလျင် တောရဆရာတော်ကြီး ရေးသားသော သုခဒုက္ခဒီပနီ (၁၉၆၄) ကျမ်းလာအတိုင်း ယင်းမေးခွန်း၏ အဖြေတို့ကို ရေးအံ့။

အရိယာတိုင်း ဖလသမာပတ် ဝင်စားနိုင်မှု ရှိ၊ မရှိနှင့် ပတ် သက်၍ ဆရာတော်ကြီးက ယခုလိုရေးသားခဲ့၏။

၁။ ယခုဘဝ အရိယာဖြစ်၍ ဖလသမာပတ်ဝင်စားရာ၌ အတိတ် ဘဝတို့၌ ဈာနသမာပတ် အားကောင်းခဲ့လျှင် အရိယဖလ သမာပတ်မှာလည်း အဖက်ဖက်မှ အားကောင်းကြသည်။

အတိတ်ဘဝတို့၌ ဈာနသမာပတ် အားနည်းခဲ့လျှင် အရိယဖလ သမာပတ်မှာလည်း အဖက်ဖက်မှာ အားနည်းတတ်သည်။

၂။ ထို့ပြင် သောတာပန်အဖြစ်နှင့် ဖလသမာပတ် ဝင်စားမှုများပြီး သေလွန်သွားသူသည် လူ၊ နတ်၊ ဗြဟ္မာ ရောက်ရာဘဝတွင် ဖိုလ်ဝင်စားခဲ့သော် အဖက်ဖက်မှ အားကောင်းပြန်သည်။ အလေ့ အလာ အားနည်းစွာနှင့် ကွယ်လွန်သွားပြန်လျှင်လည်း ရောက်ရာဘဝမှာ ဖလသမာပတ်ကိစ္စအတွက် အားနည်းတတ်သူဟု ဆိုလိုပေ သတည်း။

**ဤရေးသားချက်အရ ဘဝအဆက်ဆက်က ဈာနသမာပတ်၊ ဖလသမာပတ် အထုံပါခဲ့သူများသာလျှင် ဖိုလ်ဝင်စားနိုင်ကြောင်း ထင်ရှား၏။ ဤအချက်အရ ဖလသမာပတ်ဝင်စားပြနိုင်မှ အရိယာဟု ဆုံးဖြတ်မည့်အစား ဆိုင်ရာ ကိလေသာများအကြောင်းတိုက်ဆိုင်သောအခါ ပေါ်မလာတော့မှ အရိယာဟု ဆုံးဖြတ်ခြင်းက ပိုမိုစိတ်ချရကြောင်း ထင်ရှား၏။**

ဖိုလ်ဝင်စားပြတိုင်း အရိယာဟု မဆုံးဖြတ်နိုင်ခြင်းမှာ **ဖိုလ်ဝင်စားမှုအတုတွေ ရှိနေသောကြောင့်ပင် ဖြစ်၏။** ဖိုလ်ဝင်စားမှုအတုများ၏ အကျယ်ကို တတိယမေးခွန်း၏အဖြေတွင် ဆက်ရေးအံ့။ ယခု ဖိုလ်ဝင်စားနေစဉ် ဘုရားရှင်များကဲ့သို့ ပြင်ပမှ မိုးကြိုးပစ်သံကိုပင် မကြားနိုင်ဟူသော စကားကို မုချ ယူသင့် မယူသင့်ဟူသော ပြဿနာကို ရှင်းအံ့။ ထိုအချက်နှင့် ပတ်သက်၍ ဆရာတော်ကြီးက ဒုက္ခ၊ သုခဒီပနီကျမ်းစာ ၁၆၅ တွင် ယခုလို ရေးသားဖြေရှင်းခဲ့၏။

## အထူးသတိပြုရန်

ဖလသမာပတ်ဝင်စားနေလျှင် နားရင်းမှာကပ်ပြီး ခရုသင်းနှင့်ပဲ မှုတ်လိုမှုတ်၊ မိုးကြိုးပဲ ပစ်လိုပစ်စေ၊ သမာပတ်မှ ထခြင်း၊ နိုးခြင်း မရှိရဟု တစ်ဖက်သတ် ပြောဆိုရေးသားချက်များ တွေ့ရှိရပေသည်။

## ပုဂ္ဂိုလ်မခွဲတတ်၍ မှားယွင်းချက်သာ

ရင်းယူဆချက်သည် ကျမ်းဂန်ပြအရကိုလည်း မသိ၊ ပုဂ္ဂိုလ်ကိုလည်း မခွဲခြားတတ်၍ အယူမှားသက်သက်သာ ဖြစ်သည်။ အမှားဖြစ်ပုံမှာ . . . သမာပန္နောနာမ . . . ပုဒ်၏အရသည် (ဘဂဝါ) ဟု ရှေ့နှင့် နောက်မှာပြထားသဖြင့် ဘဂဝါ (ခေါ်) ဘုရားတစ်ဦးတည်းနှင့်သာ သက်ဆိုင်သည်။ အများနှင့် မဆိုင်ပေ။ ထိုသို့ ဘုရားအတွက် သက်သက်ပြနေသည်ကို အများအတွက်လည်း ဖြစ်နိုင်သည်ဟု ယူဆမိ၍ မှားယွင်းသွားခြင်း ဖြစ်လေသည်။

တိဋ္ဌတုနေမိသဒ္ဒေါ၊ သမာပန္နောနာမ အန္တောသမာပတ္တိယ
ကဏ္ဏမူလေဇမမာနဿ သခ်ယုဂဋ္ဌဿာပိ အသနိသန္ဒိ
ပါတဿာပိ သဒ္ဒံနသုဏာတိ

ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်၊ သက္ကပဉှာသုတ်လာ ဤပါဠိကို ဆိုလိုခြင်း ဖြစ်၏။

## အရိယာတွေကို ပြစ်မှားနေခြင်း

ယင်းမှားယွင်းချက်သည် အရိယာတွေကို ပြစ်မှားသော အရိယူပဝါဒန္တရာယ်ပါ သင့်နေတော့သည်။ သင့်ပုံမှာ . . . ဥပမာ

သောတာပန်တို့လည်း သူရထားသော ဧ ၊တာပတ္တိဖိုလ်ကို ဝင်စား နိုင်ကြသည်။ ထိုသို့ဝင်စားနိုင်သော်လည်း သောတာပန်နှင့် သကဒါဂါမ် တို့မှာ ကိလေသာ အကျန်များသေးခြင်း၊ သမာဓိ အားနည်းသေးခြင်း တို့ကြောင့် မိမိတို့ရရှိသော အောက်ဖိုလ်တို့ကို ဝင်စားရာမှာ ဖိုလ် ဈာန် အကြိမ်များစွာ ကျနိုင်သေးသည်။ ကျယ်လောင်ဆူညံသံတို့ ၏ဒဏ်ကို မခံနိုင်သေးပေ။ အနည်းငယ်သောအသံကိုပင် နားမှ တစ်ဆင့် မနေမှာ ကြားလာသေးသည်။ ထိုအသံကို ကြားမှုကြောင့် အရိယာအဆင့်က လျှောမကျနိုင်ပေ။

## အသံကြားလျှင် အရိယာမဟုတ်တဲ့

သို့ပါလျက် ဖော်ပြပါအများယူသူတို့သည် ဖိုလ်ဝင်စားနေခိုက် အသံတွေကြားသေးလျှင် အရိယာမဟုတ်ဟု စွပ်စွဲသောစာအုပ်များ ကို ထုတ်ဝေနေချက်တွေ့ရှိရရာ ထိုသူတို့အဖို့ သနားဖွယ် ကောင်း လှတော့သည်။ ၎င်းတို့စွဲယူချက်မှာ . . . ဖလသမာပတ် ဝင်စား နိုင်သူဖြစ်လာတိုင်း ဘုရားနှင့် တန်းတူဝင်စားနိုင်မှ ဖလသမာပတ် ဝင်စားနိုင်သူ ဖြစ်ရမည်။ ဘုရားနှင့် တန်းတူမဖြစ်သေးလျှင် 'အရိယာ မဟုတ်သေး' (ဝါ) 'သောတာပန် စသည် မဟုတ်သေး'ဟု မှားယွင်း နေခြင်းပင် ဖြစ်သည်။

ထိုအယူဖြင့် အရိယူပဝါဒန္တရာယ် ဖြစ်နေတော့သည်။ ကြောက်လျှင် စွန့်လေ။ မကြောက်လျှင် ဆက်၍ ကျူးလွန်နိုင်သည်။ ကိုယ်မှားလျှင် ကိုယ်ပင်ခံရလတ္တံ့။

ဖလသမာပတ်အတုများအကြောင်းကိုလည်း ဆရာတော် သည် ယခုလို ဆက်လက်ရေးသားခဲ့၏။

## ဖလသမာပတ်အတုကို သတိပြုဖွယ်

ဖလသမာပတ် ဝင်စားနိုင်သူသည် အရိယာအစစ်ဖြစ်၍ လေးစား ပူဇော်ခံထိုက်သူ ဖြစ်လာသည်။ ထိုအချက်ကို ဝိသမလောဘဝင်၍ ဖလသာမပတ်အတုတွေ ကြားညှပ်ဝင်လာတော့သည်။ ဝင်ပုံမှာ ဖလသမာပတ်ဝင်စားနိုင်သူသည် အာရုံခြောက်ပါးလုံး ချုပ်နေနိုင်သည်ဟု တစ်စွန်းတစ်စ ကြားဖူးချက်အမှားကို မှတ်ပြီး အာရုံခြောက်ပါးချုပ်စေတဲ့နည်းကို ကြံဖန်ပြုလုပ်လာကြတော့သည်။ ပြုလုပ်ပုံမှာ -

၁။ အချို့သည် ထွက်လေဝင်လေကို အောင့်၍ ချုပ်တည်းမှုအလေ့ကိုပြုခြင်းဖြင့် မေ့မြောသွားကာ အာရုံခြောက်ပါးချုပ်သွားတော့သည်။ ၎င်းကိုပင် ဖလသမာပတ်ဟု အမည်တပ်ကာ မျက်လှည့်ပြသည့်ပမာ လူစုလာချိန်မှာ လုပ်ပြခြင်းတစ်မျိုး၊ ၎င်းကဲ့သို့ မေ့မျော ချုပ်နေသူမှာ တောင့်တင်းနေသဖြင့် ကုလားထိုင်နှစ်လုံးယူပြီး ခေါင်းနှင့် ခြေကို တင်ထားရုံနှင့် သစ်တုံးကြီးပမာ ဆန့်ဆန့်ကြီး ထားနိုင်ပေသည်။

၂။ လောကီစိတ်ညို့အတတ်ဖြင့်လည်း အာရုံခြောက်ပါး ချုပ်စေနိုင်ပြန်၍ ၎င်းစိတ်ညို့ပညာဖြင့် ချုပ်နေသူကိုလည်း နံပါတ် (၁) အတိုင်း လုပ်ပြနိုင်သည်။ ၎င်းကိုလည်း ဖလသမာပတ်ဟု အမည်ပေးထားတော့သည် တစ်မျိုး။

၃။ ဟိန္ဒူယောဂီနည်းဖြင့်လည်း အာရုံခြောက်ပါး ချုပ်နိုင် စေ၍ ၎င်းကိုလည်း ဖလသမာပတ်ဟု အမည်ပေးထားပြန်သည် တစ်မျိုး။

၄။ လောကီအောက်လမ်းအတတ်ဖြင့် အသိကို လစ်စေနိုင်ပြန်၍ အသိကို မလစ်စေမီ အဓိဋ္ဌာန်ပြုခိုင်းသည်မှာ . . . . အာရုံခြောက်ပါးချုပ်၍ နိဗ္ဗာန်ကိုအာရုံပြုနေချိန်မှာ လက်အုပ်ချီနေပါစေ

သတည်းဟူ၍ လည်းကောင်း၊ ဘယ်လက်တစ်ဖက်တည်း မြောက်နေပါစေဟူ၍ လည်းကောင်း၊ ညာလက်က တန်းနေပါစေသတည်းဟူ၍ လည်းကောင်း၊ ပတ်ဝန်းကျင်က ကြည့်နေသူတို့ အယုံဝင်လာစေရန် ကြိုတင်အမိန့်ခိုင်းပြီး အသိလစ်သွားချိန်မှာ အောက်လမ်းဆိုင်ရာတို့၏ ပယောဂဖြင့် အမိန့်ပြဆိုချက်အတိုင်း လုပ်ပြသူတို့က တစ်မျိုး။

၅။ ဈာန်ကိုးဆင့်ကို ဦးစွာဝင်စားပြမည်။ ထို့နောက်မှ ဖလ သမာပတ်ကို ဝင်စားပြမည်ဟု ခေါင်းဆောင်လုပ်သူက ရှေ့က လမ်းကြောင်းပေးသွားပြီး ဈာန်ကိုးဆင့်တို့ကို အဆင့်ဆင့်ဝင်စားကြရန် တပည့်ဖြစ်သူတို့အား (ဝါ) ကြိုတင်စည်းဝါးကိုက်ထားပြီး သူတို့အား ညွှန်ကြားချက်ပေးလေ၏။ ထို့နောက် ဈာန်ကိုးဆင့်အတွက် တစ်ဆင့်လျှင် အမိန့်တစ်မျိုးစီ ခွဲခြားကာ လက်တစ်ချောင်းကားခြင်း၊ နှစ်ချောင်း ကားခြင်း၊ ထောင်ခြင်း၊ ရှေ့ပစ်ခြင်း၊ နောက်ပစ်ခြင်း၊ ရှိခိုးခြင်းစသည်ဖြင့် ဈာန်အဆင့်ကူးနေပုံကို အပြင်က ကြည့်နေသူတို့ စိတ်ဝင်စားမှု၊ ယုံကြည်မှုရှိစေအောင် လုပ်ပြစေတော့သည်။ ထို့နောက် ဈာန်ကိုးဆင့်မှ ဖလသမာပတ်သို့ ကူးနေကြောင်း ခေါင်းဆောင်ဆရာက အနားက ပြောပြနေပြီး အမိန့်ပုံဟန်တစ်မျိုးပြောင်းပြီး လုပ်ပြစေသောသူတို့က တစ်မျိုး။

၆။ ထို့ပြင် နှစ်ရက်၊ သုံးရက် မလှုပ်မယှက် ထမင်းမစား၊ ရေမသောက်ဘဲ ကုလားယောဂီနည်းမျိုးဖြင့် ဖလသမာပတ်ဝင်စားပြသူတို့က တစ်မျိုးဟု ခေတ်သစ် ဖလသမာပတ်အမည်ခံ (တရားဆန်း) များစွာ ရှိနေတော့သည်။

ဖလသမာပတ်အတုများကို ပြပြီး၍ ဖလသမာပတ်အစစ်ဝင်စားပုံကိုလည်း ပဋိသမ္ဘိဒါမဂ်ပါဠိတော် အဋ္ဌကထာအတိုင်း ယခုလို ဆက်လက်ရေးသား၏။

## ဖလသမာပတ်အစစ် ဝင်စားပုံနည်းညွှန်

ယသ္မာပန သောတာပန္နာဒယော အရိယာ သကံ သကံ ဖလသမာပတ္တိ သမာပဇ္ဇမာနာ ဥဒယဗ္ဗယဉာဏာဒီဟိ နဝဟိဝိပဿနာဉာဏေဟိ အ- ဝိပဿိတွာ သမာပဇ္ဇိတုံ နသက္ကောန္တိ၊ တသ္မာပဋိသခ်ါယဝါဖလသာမပတ္တံသမာပဇ္ဇတီတိဝုတ္တံ . . .

*(ပဋိသမ္ဘိဒါမဂ်- သခ်ါရုပေက္ခာဉာဏ ဝဏ္ဏနာ)*

**သတိပြုဖွယ်** . . . . အရိယာပုဂ္ဂိုလ်ဖြစ်လာသူပင်လျှင် ဖလသမာပတ်ဝင်စားရာ၌ နည်းမှားနှင့် နည်းမှန် နှစ်လမ်းရှိနေ၍ နည်းမှားဖြင့် ဝင်စားပါက အရိယာအစစ်ပင် ဖြစ်စေကာ ဖလသမာပတ်ဝင်စား၍မရပုံနှင့် နည်းမှန်မှ ဝင်စား၍ရပုံကို ရှင်းပြလို၍ အဋ္ဌကထာဆရာသည် ယသ္မာပန စသောစကားကို ညွှန်ပြတော်မူသည်။

## ရှင်းလင်းချက်

သောတာပန်အစ ရဟန္တာအဆုံးရှိကြသော ဖလဋ္ဌာန် ပုဂ္ဂိုလ်လေးဦးတို့သည် မိမိ၊ မိမိတို့ရရှိထားပြီးဖြစ်သော ဖိုလ်ကို သမာပတ်အဖြစ် ဝင်စားလိုကြသော် ဥဒယဗ္ဗယဉာဏ်မှအစ အနုလောမဉာဏ်အထိ ကိုးပါးသော ဝိပဿနာဉာဏ်အစဉ်တို့ဖြင့် မဝင်စားခဲ့လျှင် ဖလသမာပတ်ကို ဝင်စားကြရန် မတတ်နိုင်ကြကုန်ဟု လမ်းစဉ်မကျ၍ ဖလသမာပတ် ဝင်စား၍မရပုံ တစ်ပိုင်းကို ပြသည်။

**ဝင်စား၍ရပုံ**- ၎င်းအမှားကို ထောက်ထားပြီး ဓမ္မလမ်းစဉ်အတိုင်း ဝိပဿနာဉာဏ်တို့ကို ရှုပွားယူပြီးမှသာ ဖလသမာပတ်ကို ဝင်စားနိုင်ကြသည်ဟု ရှင်းလင်းပြထားသည်။

## ဝင်စားနိုင်ရန် စနစ်ပြချက်

အယံပနေတ္တသမာပဇ္ဇနက္ကမော ဖလသမာပတ္တိကေန
(ပ) နမဂ္ဂေါ

*(ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ၄င်းအဖွင့်)*

ယခုဖော်ပြမည့်အချက်ကား ဖိုလ်ဝင်စားပုံလုပ်ငန်းစဉ် ဖြစ်တော့သည် (ဝါ) ဖလသမာပတ်ဝင်စားရပုံ လုပ်ငန်းစဉ်တည်း။

ဖလသမာပတ်ကို မှန်ကန်အောင်မြင်စွာ ဝင်စားလိုသော အရိယာသာဝကသည် ဆိတ်ငြိမ်သောနေရာမှာ တစ်ဦးတည်း ကိန်းအောင်းပြီးလျှင် ဥဒယဗ္ဗယဉာဏ်ကစ၍ (ဝါ) ရူပပရိစ္ဆေဒ၊ နာမပရိစ္ဆေဒဉာဏ်မျိုးကစ၍ မထင်လာဘဲ ဗလဝ ဝိပဿနာဉာဏ်အဆင့်ရှိ ဥဒယဗ္ဗယဉာဏ်အမြင်မျိုးက ဦးစွာ ထင်မြင်ရှုပွားနိုင်မှုကစ၍ သင်္ခါရ (ခေါ်) ရုပ်နှင့် နာမ်တို့ကို အဖြစ်နှင့် အပျက် ထင်ရာက အပျက်သက်သက်ထင်လာ၊ ထင်နေအောင် ရှုပွားနိုင်ရာ၏။

ယင်း ဖော်ပြပါ ဉာဏ်အမြင် ဖြစ်ပေါ်စဉ်အတိုင်း ရှေ့ပြေးအနေဖြင့် ရှုပွားနိုင်သော ထိုထိုအရိယာပုဂ္ဂိုလ်အား ဖိုလ် ဟူသော သင်္ခါရပေါ်မှာ အာရုံရှိသော ဂေါတြဘူဉာဏ်၏အခြားမဲ့၌ မိမိရပြီးသော ဖိုလ်ကို ဝင်စားခြင်းနှင့် စပ်သောအားဖြင့် (ဝါ) စပ်သောအနေဖြင့် ရုပ်နာမ်တို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်၌ ဖိုလ်စိတ်သည် ကပ်ရောက်တော့၏။

**သတိပြုဖွယ်ကား** - မဂ်ဉာဏ် ပေါ်ရန် ကိစ္စမဟုတ်၊ ဖိုလ်ဉာဏ် ပေါ်ရန်သာ ရှုပွားသော ဤဖလသမာပတ်ကိစ္စအရာ၌ ဖိုလ်ဝင်စားရေးအတွက်မှာသာ စူးစိုက်ထားပြီး ညွှတ်ထားပြီး ဖြစ်သောကြောင့် အောက်ဖလဋ္ဌာန်သုံးဦးဖြစ်သော သေက္ခပုဂ္ဂိုလ် သုံး

ယောက်တို့မှာ မိမိတို့ဆိုင်ရာ ဖိုလ်ဇော ဖိုလ်ဉာဏ်တွေသာ ဖြစ်ရှိလာ၏။ အထက် အထက်ဖြစ်သော မဂ်ဇော မဂ်ဉာဏ်တို့ ဖြစ်ပေါ်ရန် လမ်းမရှိ (ဝါ) ဖြစ်ဖို့မလိုသောကိစ္စဟု ဆိုလိုသည်။

ဤကား ဝိပဿနာလောကတွင် အငြင်းပွားမှုများသော ဖိုလ်ဝင်စားပုံပြဿနာကို ရှင်းလင်းချက်တည်း။

သောတာပန်တည်သည်နှင့် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အမြစ်ပြတ်ပယ်သတ်သည်ဟု ဟောထားရာ ထိုနှစ်မျိုး၏ အဓိပ္ပာယ်ကို သေချာမသိဘဲနှင့် သောတာပန် ဟုတ်၊ မဟုတ် စစ်တမ်းထုတ်၍ မရနိုင်ပေ။ စစ်တမ်းထုတ်တတ်ရန် ထိုနှစ်မျိုး၏အဓိပ္ပာယ်ကို ရှင်းဦးအံ့။

သက္ကာယဒိဋ္ဌိ၏ အဓိပ္ပာယ်မှာ ထင်ရှားရှိနေသော ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဟု မှားယွင်းစွာယူဆခြင်းပင် ဖြစ်၏။ ဝိစိကိစ္ဆာဟူသည် ရတနာသုံးပါးနှင့် ရုပ်နာမ်နှစ်ပါးအပေါ်တွင် ယုံမှားသံသယ ဖြစ်ခြင်း၊ မဆုံးဖြတ်နိုင်ခြင်းပင် ဖြစ်၏။ ကျမ်းဂန်တို့၌ ဝိစိကိစ္ဆာရှစ်မျိုး ရှိကြောင်းပြ၏။ ယင်းတို့ကား-

## ဝိစိကိစ္ဆာရှစ်မျိုး

၁။ ဘုရားအပေါ် ယုံမှားခြင်း
၂။ တရားအပေါ် ယုံမှားခြင်း
၃။ သံဃာအပေါ် ယုံမှားခြင်း
၄။ အကျင့်သိက္ခာ၌ ယုံမှားခြင်း
၅။ ရှေ့အစွန်းအပေါ် ယုံမှားခြင်း
၆။ နောက်အစွန်းအပေါ် ယုံမှားခြင်း

## ၇။ ရှေ့အစွန်း၊ နောက်အစွန်း နှစ်မျိုးလုံးအပေါ် ယုံမှားခြင်း
## ၈။ ပဋိစ္စသမုပ္ပါဒ်အပေါ် ယုံမှားခြင်း တို့ပင် ဖြစ်၏။

ရှေ့အစွန်းအပေါ် ယုံမှားခြင်းဟူသည် ဖြစ်ခဲ့ပြီး အတိတ်ဘဝတို့၌ ရုပ်နာမ်သာရှိပါလျက် ငါများ ဖြစ်လေမလား . . . စသောအားဖြင့် ယုံမှားခြင်းမျိုးပင် ဖြစ်၏။ နောက်အစွန်းဟူသည် အနာဂတ်ဘဝများကို ဆိုလို၏။ ပဋိစ္စသမုပါဒ်အပေါ် ယုံမှားခြင်းဟူသည် အဝိဇ္ဇာ၊ တဏှာ၊ ကံဟူသော အတိတ်အကြောင်း သုံးပါး၊ အာဟာရ၊ ဖဿ၊ နာမ်၊ ရုပ် ဟူသော ပစ္စုပ္ပန်အကြောင်းသုံးပါးတို့ကြောင့် ဤခန္ဓာကြီး ဖြစ်လာရပါလျက် တန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းလို့များ ဖြစ်လာလေသလား။ အကြောင်းမဲ့ သူ ဖြစ်စေချင်သလို ဖြစ်လာလေသလား စသောအားဖြင့် ယုံမှားသံသယဖြစ်ခြင်းပင် ဖြစ်၏။

ထို ဝိစိကိစ္ဆာကိလေသာသည် ဒိဋ္ဌိကိလေသာကိုမှီပြီး ဖြစ်ရ၏။ ဒိဋ္ဌိသေသည်နှင့် ဝိစိကိစ္ဆာ တစ်ခါတည်း လိုက်သေရ၏။ ဥပမာအားဖြင့် သိုးပုပ်သွားသော ကြက်သားပေါက်စီတစ်လုံးကို စွန့်ပစ်လိုက်သောအခါ အထဲမှ ကြက်သားသည် အလိုလိုပါသွားသကဲ့သို့ပင်တည်း။ ဤဥပမာ၌ ဒိဋ္ဌိသည် ပေါက်စီ၏ကိုယ်ထည်နှင့် တူ၏။ ဝိစိကိစ္ဆာသည် အတွင်းမှ ကြက်သားနှင့် တူ၏။

သက္ကာယဒိဋ္ဌိကို အတ္တဒိဋ္ဌိဟူ၍လည်း သုံးနှုန်း၏။ ပုထုဇဉ်များ အပါယ်လေးပါးသို့ မကျချင်ဘဲ ကျနေရသည်မှာ ထိုသက္ကာယဒိဋ္ဌိကြောင့်ပင် ဖြစ်၏။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်ဒီပနီ- စာ ၁၆ ၌ လယ်တီဆရာတော်က ယခုလို ရေးသားခဲ့၏။

> **စိတ်နှလုံးထဲမှာ သက္ကာယဒိဋ္ဌိအပြီး ပါရှိနေသမျှ**
> **ကာလပတ်လုံး ပဥ္စနန္တရိယကံကြီးငါးပါးလည်း**

အပြီးပါရှိ၍ နေလေတော့သည်။ ဘယ်မကောင်းမှုမျိုး၊ ဘယ်အမိုက်အမဲမျိုး၊ ဘယ်အမှောက်အမှားမျိုး ငါ၌မဖြစ်လတ္တံ့ဟု တစ်စုံတစ်ခုမှ မရှိ။ လူ့ပြည်မှာ လူဖြစ်သော်လည်း ရင်ထဲမှာ အပါယ်လေးဘုံ အပြီးပါ၏။ နတ်ပြည်ခြောက်ထပ်မှာ နတ်မင်းကြီး၊ သိကြားမင်းကြီးဖြစ်သော်လည်း ရင်ထဲမှာ အပါယ်လေးဘုံ အပြီးပါ၏။ ဗြဟ္မာပြည်မှာ ဗြဟ္မာမင်းကြီးဖြစ်သော်လည်း ရင်ထဲမှာ အပါယ်လေးဘုံ အပြီးပါ၏။

ထိုသို့ အပါယ်မျိုးစေ့ဖြစ်နေသော သက္ကာယဒိဋ္ဌိကြီးအား ဉာဏ်ဖြင့်ပယ်သတ်ပုံကို ဝိပဿနာဒီပနီ ၅၂၊ ၅၃ ၌ ယခုလို ဆက်လက် ရေးသားခဲ့၏။ သက္ကာယဒိဋ္ဌိ ကွာလိုသူများ သေချာစဉ်းစား၍ ဖတ်သင့်၏။

## လယ်တီဆရာတော်၏ သက္ကာယဒိဋ္ဌိခွာပုံ

အတ္တဟူသောစကား၏ အနက်များကို ရှေးဦးစွာ သိထိုက်၏။ အတ္တဟူသည်ကား သတ္တဝါ၊ အနှစ်အသားဟု ဆိုလိုသည်။ အနှစ်အသားဆိုသည်ကား မြေအိုးဟူသော စကား၌ မြေသည် အိုး၏ အနှစ်အသား ဖြစ်၏။ အိုး၏ အနှစ်အသားဆိုသည်ကား အိုးဟူသောစကားသည် သဏ္ဌာနပညတ်၏အမည်တည်း။ မြေ၏အမည် မဟုတ်။ သဏ္ဌာနပညတ်သည်လည်း ပရမတ္ထတရားကဲ့သို့ ခဲတ်နှစ်ခဲတ်သားရှိသည် မဟုတ်။ မြေသာလျှင် ပရမတ္ထ ဖြစ်၍ ခဲတ်နှစ်ခဲတ်သား ရှိ၏။

လောက၌ အိုးဟူ၍ ရှိ၏လောဟုဆိုခဲ့သော် ပရမတ်နှင့် ပညတ်ခြားနားမှုကို မသိသောသူတို့က အိုး ဟူ၍ ရှိ၏ဟု ပြောကြားလတ့်။ အိုးဟူ၍ ရှိ၏ဟုဆိုလျှင် ထိုအိုးကို ပြစမ်းပါဟု မေးရာ၏။ ထိုအခါ အနီး၌ရှိသော အိုးကို လက်ညှိုးထိုး၍ ဤသည်ကား အိုးမဟုတ်လောဟု ပြကုန်လတ့်။ ထိုသို့ပြခြင်းသည် အိုးမဟုတ်သော မြေကို အိုးဟု စွပ်စွဲခြင်း ဖြစ်၏။ အစွပ်စွဲ မှား၏။ မှားပုံကား မြေဟူသည် ပညတ်မျိုးဖြစ်၍ အနှစ်အသား မရှိ၊ ကောင်းကင်ကဲ့သို့ အချည်းနှီးတည်း။

မြေကို အိုးဟူ၍ စွပ်စွဲခြင်းသည် မြေကို အိုး၏ အတ္တ ပြုခြင်း ဖြစ်၏။ အနှစ်အသားရှိသော မြေကို အနှစ်အသား မရှိသော အိုး၏ အထည်ခံ၊ အမာခံ အနှစ်အသား ပြုခြင်းဖြစ်၏။ ထိုအခါ မရှိသောအိုးသည် ရှိသောအိုး ဖြစ်လေ၏။ မြေသည် အိုး၏အတ္တ ဖြစ်လေ၏။ အတ္တ ဖြစ်ခဲ့သော် မြေသည်ပင် အိုး၊ အိုးသည်ပင်လျှင် မြေဟူ၍ မြေနှင့် အိုး တစ်ခုတည်း ဖြစ်လေ၏။ ဤသို့ဖြစ်သည်ကို စွပ်စွဲမှားခြင်း (ဒိဋ္ဌိ) ဆိုသတည်း။

## ပရမတ်နှင့် ပညတ်ခွဲပုံ

မြေအိုးဟူသော စကား၌ မြေကား တခြား၊ အိုးကား တခြား။ မြေသည် ပရမတ်၊ အတ္တမျိုးတည်း။ ထို့ကြောင့် မြေသည် အိုးမဟုတ်၊ အိုးသည် မြေမဟုတ်၊ မြေကို အိုးဟုဆိုလျှင် မှား၏။ အိုးကိုမြေဟုဆိုလျှင် မှား၏။ မြေသည် အိုး၏ အတ္တမဟုတ်ပြီ၊ အနတ္တ ဖြစ်လေ၏။ အိုး

သည်လည်း သင်္ခါနပညတ်မျှဖြစ်၍ ကောင်းကင်ပညတ်ကဲ့သို့ အချည်းနှီးသာ ထင်ရှားသတည်း။ ထို့ကြောင့် ခန္ဓာငါးပါး၊ ရုပ်နာမ်တရားသည် တခြား၊ ပုဂ္ဂိုလ်သတ္တဝါသည် တခြား၊ ခန္ဓာငါးပါး ရုပ်နာမ်တရားသည် ပရမတ်မျိုး၊ ပုဂ္ဂိုလ်သတ္တဝါကား သင်္ခါနပညတ်၊ သန္တတိပညတ်မျိုးတည်း။ ထို့ကြောင့် ရုပ်တရား၊ နာမ်တရားသည် ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါသည် ရုပ်တရား၊ နာမ်တရားမဟုတ်၊ ရုပ်တရား၊ နာမ်တရားကို ပုဂ္ဂိုလ်သတ္တဝါဟုဆိုလျှင် မှား၏။ ပုဂ္ဂိုလ်သတ္တဝါကို ရုပ်တရား၊ နာမ်တရားဟုဆိုလျှင် မှား၏။

ဤသို့ မြင်နိုင်မှုကား ရုပ်တရား၊ နာမ်တရားသည် ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တမဟုတ်ပြီ။ အနတ္တဖြစ်လေ၏။ ပုဂ္ဂိုလ်သတ္တဝါသည်လည်း သင်္ခါနပညတ်၊ သန္တတိပညတ်မျှဖြစ်၍ အချည်းနှီးသာတည်း။

သက္ကာယဒိဋ္ဌိခွာပုံကို လယ်တီဆရာတော် ရေးသားချက်အတိုင်း ဖော်ပြပြီး၍ သဿတဒိဋ္ဌိနှင့် ဉစ္ဆေဒဒိဋ္ဌိခွာပုံကို ခေတ်လူငယ်များ နားလည်လွယ်အောင် ငွေပို့သည့်ဥပမာနှင့် နှိုင်းယှဉ်ပြအံ့။ သဿတဒိဋ္ဌိဟူသည် ရုပ်နာမ်နှစ်ပါးကို မြဲသည်၊ မည်သည့်ဘဝရောက်ရောက် ပျက်စီးမသွားဟု အယူမှားခြင်း ဖြစ်၏။ ဉစ္ဆေဒဒိဋ္ဌိဟူသည် သေလျှင် ပြတ်သည် နောက်ထပ် ဘာမျှထပ်မဖြစ်ဟု အယူမှားခြင်း ဖြစ်၏။

သဿတဒိဋ္ဌိကို 'ဆက်မှား'ဟု ခေါ်၏။ ဉစ္ဆေဒဒိဋ္ဌိကို 'ပြတ်မှား'ဟု ခေါ်၏။ ဗုဒ္ဓဘာသာအများစု၌ သဿတဒိဋ္ဌိအယူရှိကြ၏။

ဥစ္ဆေဒဒိဋ္ဌိကား မရှိကြ။ ရှိလျှင်လည်း အလွန်နည်း၏။ မည်သည့်ဒိဋ္ဌိ ရှိနေသည်ဖြစ်စေ မဂ်ဖိုလ်မရအောင် တားထားတတ်၏။ ထို့ကြောင့် ဝိပဿနာဉာဏ်ဖြင့် ခွာပစ်ရ၏။ ဤဒိဋ္ဌိနှစ်မျိုးကို မြင်သာအောင် ပုံစံပြရလျှင် ကျောင်းအစ်မကြီး ဝိသာခါ သေသောအခါ လူ့သက် အားဖြင့် ၂၃၀ ကုဋေနှင့် ၄ သန်း အသက်ရှည်သော နိမ္မာနရတိ နတ်ဘုံတွင် သုနိမ္မိတမည်သော နတ်မင်းကြီး၏ နတ်မိဖုရားကြီး အဖြစ် နတ်စည်းစိမ်ကို ခံစားလျက် ရှိ၏။

ဤဖြစ်ရပ်၌ သဿတဒိဋ္ဌိ အယူရှိသူတို့က ဝိသာခါ၏ လူ့ဘဝ က ရုပ်တရားသာ ပျက်စီးကျန်ခဲ့၏။ နာမ်တရားကား နတ်ပြည်သို့ တက်၍ နတ်သမီးသွားဖြစ်သည် ယုံကြည်ယူဆ၏။ ဥစ္ဆေဒဒိဋ္ဌိအယူ ရှိသူတို့က ဝိသာခါ၏ လူ့ဘဝက ရုပ်နာမ်များသည် သေသည်နှင့် အစပျောက် ချုပ်ငြိမ်းသွားပြီ ဖြစ်၏။ နတ်ပြည်သို့ သွားဖြစ်သည်ဆို သည်မှာ မဟုတ်နိုင်ဟု ယုံကြည်ယူဆ၏။ အယူအဆနှစ်မျိုးလုံး အမှားချည်းသာ ဖြစ်၏။

အမှား အစွန်းနှစ်ပါးသို့မရောက်ရန် ငွေပို့ဥပမာနှင့် ဟပ်၍ ယခုလို မှတ်ရမည်။ မြိတ်မြို့မှ ရန်ကုန်သို့ ငွေတစ်သောင်း ပို့လိုက် ၏။ တစ်ထောင်တန်အသစ် ဆယ်ရွက် ဖြစ်၏။ ရန်ကုန်သို့ ရောက် သောအခါ ငါးရာတန်အရွယ်နှစ်ဆယ် ဖြစ်နေ၏။ ထို့ကြောင့် တစ် ထောင်တန်ငွေစက္ကူဆယ်ရွက်သည် ရန်ကုန်သို့ ပါ မသွားသည်မှာ သေချာ၏။ ထို့အတူ ဝိသာခါ၏ လူ့ဘဝမှ ရုပ်နာမ် နှစ်ပါးလုံး နတ်ဘဝသို့ ပါမသွားသည်မှာ အသေအချာပင် ဖြစ်၏။

ဤအချက်ကို သဘောပေါက်လျှင် ရုပ်နာမ်ကို မြဲသည်ဟု အယူမှားသော သဿတဒိဋ္ဌိ ကွာ၏။ ရန်ကုန်သို့ ငါးရာတန်ငွေ စက္ကူ တစ်သောင်းရောက်ခြင်းသည် အကျိုးတရား ဖြစ်၏။ ထို

အကျိုးတရားသည် မြိတ်မှ တစ်ထောင်တန် တစ်သောင်းပို့လိုက်ခြင်းဟူသော အကြောင်းတရားကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်၏။ ထိုသို့ အကြောင်းနှင့်အကျိုးကား ဆက်စပ်မှု ရှိနေ၏။

ထို့အတူ နိမ္မာနရတိနတ်ဘုံသို့ နတ်မိဖုရားကြီး လာဖြစ်ရခြင်းသည် အကျိုးတရား ဖြစ်၏။ ထိုအကျိုးတရားသည် ဝိသာခါ လှူဘဝက ကျောင်းဆောက်လှူခြင်းဟူသော အကြောင်းတရားကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်၏။ ထိုသို့ အကြောင်းနှင့်အကျိုးကား မကောင်းကောင်းဟု နားလည်သဘောပေါက်လျှင် ဥစ္ဆေဒဒိဋ္ဌိ ကွာ၏။

ထိုသို့ သောတာပန်ဖြစ်သည်နှင့် ဒိဋ္ဌိကိလေသာဟူသော ကိလေသဝဋ် ချုပ်ပျောက်၏။ ငါစွဲဒိဋ္ဌိပြုတ်သောအခါ မတရားနည်းဖြင့် စီးပွားရှာသော ဒုစရိုက်၊ ဒုရာစီဝခေါ် အကုသိုလ်ကံ ကမ္မဝဋ် ချုပ်ပျောက်၏။ မီးပုံကြီးမရှိသောအခါ မီးရောင်များ မရှိတော့ သကဲ့သို့ပင်တည်း။ မီးပုံကြီးသည် သက္ကာယဒိဋ္ဌိ (ခေါ်) ကိလေသ ဝဋ်နှင့် တူ၏။ မီးရောင်များသည် ဒုစရိုက်မှု (ခေါ်) ကမ္မဝဋ်နှင့် တူ၏။

မီးပုံကြီး အားကောင်းသလောက် အလင်းရောင်တောက်ပသကဲ့သို့ ငါစွဲ အားကြီးသလောက် အကုသိုလ်ဒုစရိုက် များကို လက်ရဲ ဇက်ရဲပြု၏။ အပါယ်ကျမည်ဆိုလျက်နှင့် မကောင်းမှုကို လုပ်ဝံ့ခြင်း သည် ငါစွဲ (ခေါ်) သက္ကာယဒိဋ္ဌိကြောင့်ပင် ဖြစ်၏။ အကြောင်းဖြစ်သော ကိလေသဝဋ်နှင့်ကမ္မဝဋ်ချုပ်သောအခါ အကျိုးဖြစ်သည့် အပါယ်ခန္ဓာဖြစ်ရမည့်ဝိပါကဝဋ်ပါ ချုပ်ငြိမ်းသွားခြင်းသည် ပထမ နိဗ္ဗာန်ချမ်းသာကို ခံစားရခြင်းပင် ဖြစ်၏။

*မှတ်ချက်။ ။ ပထမနိဗ္ဗာန်၊ ဒုတိယနိဗ္ဗာန်၊ တတိယနိဗ္ဗာန်တို့၏ အဓိပ္ပာယ်အကျယ်ကို စာရေးသူရေးသားသော သညာသိနှင့် ပညာသိစာအုပ်မှာ ဖြစ်စေ၊ လယ်တီဆရာတော်ရေးသားသော အနတ္တဒီပနီ ကျမ်းသစ်မှာဖြစ်စေ ကြည့်ရှုနိုင်ပါသည်။*

ပြခဲ့သော နည်းကိုမှီ၍ အာရုံခြောက်ပါးနှင့် တိုက်ဆိုင်လာသည့်အခါတိုင်း ဖြစ်ပျက်သွားသော ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ရှုပွားရင်း ရှင်တိဿသည် သကဒါဂါမိမဂ်ကို ဆက်၍ ရရှိ၏။ သကဒါဂါမိမဂ်သည် ကာမရာဂအကြမ်းစားလောဘနှင့် အကြမ်းစားဒေါသတို့ကို ပယ်သတ်၏။ သီးသန့်ပယ်သတ်သော ကိလေသာဟူ၍ မရှိပေ။ ကျန်နေသည့် ကာမရာဂ အနုစားလောဘနှင့် အနုစားဒေါသတို့ကို အနာဂါမိမဂ်က ပယ်သတ်မည် ဖြစ်၏။

ကာမဂုဏ်အာရုံကို ခံစားလိုခြင်း၏ အဓိကအကြောင်းသည် မိမိခန္ဓာကိုယ်နှင့် သူတစ်ပါးခန္ဓာကိုယ်ကို တင့်တယ်သည်ဟု အမှတ်မှား၊ အသိမှားရှိနေသောကြောင့် ဖြစ်၏။ အယူမှား ဒိဋ္ဌိ ဝိပလ္လာသကိုကား အောက်မဂ်နှစ်မဂ်က ပယ်သတ်လိုက်၍ မရှိတော့ပေ။ မိမိခန္ဓာကိုယ်ကိုမှ မတပ်မက်လျှင် သူတစ်ပါးခန္ဓာကိုယ်ကိုလည်း တပ်မက်စရာ အကြောင်းမရှိတော့ပေ။

ထို့ကြောင့် ဗုဒ္ဓက ကာယနုပဿနာ သတိပဋ္ဌာန်ကို ရှုပွားနည်းဟောကြားရာ၌ ကာမရာဂအမြန်ကုန်၍ အနာဂါမိမဂ်နှင့် အရဟတ္တမဂ်သို့ အမြန်တက်ရောက်နိုင်စေရန် ၃၂- ကောဋ္ဌာသနှင့် အသုဘဆယ်ပါးတို့ကိုပါ ထည့်သွင်း ဟောကြားတော်မူခဲ့ခြင်းဖြစ်၏။

ဤ၌ မိမိအိမ်တွင်းမှာပင် လွယ်ကူစွာရှုပွားနိုင်ရန် ၃၂- ကောဋ္ဌာသ ရှုပွားနည်းကို ရေးအံ့။ ဤ ကောဋ္ဌာသကမ္မဋ္ဌာန်းသည်

ရှုပွားရလွယ်သလို မဂ်ဖိုလ်အရလည်း လွယ်၏။ လူသိများသော ဗုဒ္ဓညီတော် နန္ဒမင်းသားသည် ဤ ကောဋ္ဌာသကမ္မဋ္ဌာန်းဖြင့် ရဟန္တာဖြစ်ခဲ့ပြီး မာတိကမာတာအမည်ရှိ အမျိုးသမီးကြီးသည် လည်း ဤ ကောဋ္ဌာသကမ္မဋ္ဌာန်းဖြင့်ပင် အနာဂါမ် ဖြစ်ခဲ့ရ၏။

ဤရုပ်ခန္ဓာကြီးကို တူရာပေါင်းလိုက်လျှင် အဖို့အစု (၃၂) မျိုး ရ၏။ ကောဋ္ဌာသ၏ မြန်မာပြန်မှာ အဖို့အစုပင် ဖြစ်၏။ ကား တစ်စီးကို ဘော်ဒီအိမ်တခြား၊ ဘီးတခြား၊ အင်ဂျင်တခြား၊ စီယာ တိုင်တခြား စသည်ဖြင့် တစ်ခုစီခွဲလိုက်လျှင် ကားဟူသော အမည် သည် ပျောက်သွား၏။ အမှန်မှာ နဂိုကတည်းက မရှိခြင်း ဖြစ်၏။ ဖော်ပြပါပစ္စည်းမျိုးစုံ စုပေါင်းထားသော ပုံသဏ္ဌာန်တစ်ခုကိုပင် ကားဟု နာမည်တပ်ထားခြင်း ဖြစ်၏။

ထို့အတူ လူတစ်ယောက်ကို ဆံပင်၊ အမွေး၊ ခြေသည်း၊ လက် သည်း စသည်ဖြင့် တစ်ခုစီခွဲပုံလိုက်လျှင် လူဟူသောအမည်သည် ပျောက်သွား၏။ အမှန်မှာ နဂိုကတည်းက မရှိခြင်း ဖြစ်၏။ ဆံပင်၊ မွေးညင်းစသော ၃၂- ကောဋ္ဌာသ စုပေါင်းထားသော ပုံသဏ္ဌာန် တစ်ခုကိုပင် လူဟု နာမည်တပ်ထားခြင်း ဖြစ်၏။ ၃၂- ကောဋ္ဌာသ ပုံကြည့်လိုက်သောအခါ လူမရှိတော့။

လူမရှိလျှင် ယောကျာ်း၊ မိန်းမလည်းမရှိနိုင်တော့။ ယောကျာ်း၊ မိန်းမမှမရှိလျှင် ငါ၊ သူတစ်ပါး၊ ပုဂ္ဂိုလ်၊ သတ္တဝါဟူသည် အဘယ်မှာ ရှိပါတော့မည်နည်း။ ဤကဲ့သို့ သမထကမ္မဋ္ဌာန်းမှတစ်ဆင့် ဝိပဿနာ ကမ္မဋ္ဌာန်းသို့ ဉာဏ်ကစားခြင်း ပြုပေးရသည်။ ၃၂- ကောဋ္ဌာသ ကမ္မဋ္ဌာန်း ရှုပွားသောအခါ စိတ်ထဲမှ ရွတ်ဆိုရှုပွားနိုင်သလို နှုတ်မှ တိုးတိုးရွတ်ပြီးလည်း ရှုပွားနိုင်သည်။

## ခွတ်ဆိုပွားများရန် ၃၂– ကောဋ္ဌာသ

ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်၊

***ခွတ်ဆိုပွားများသောအခါ အဖို့အစုတို့ကို မျက်စိထဲ တွင် မြင်နေစေရန် ယင်းတို့၏ တည်ရှိနေပုံတို့ကို ယခုလို သိရမည်။***

- ဦးခေါင်းပေါ်၌ ဆံပင်သည် နှစ်ကုဋေလေးသန်း ရှိ၏။ တစ်ကိုယ်လုံး၌ မွေးညင်းသည် ကိုးသောင်းကိုးထောင် ရှိ၏။
- ခြေသည်းလက်သည်းသည် နှစ်ဆယ် ရှိ၏။
- သွားသည် သုံးဆယ်နှစ်ချောင်း ရှိ၏။
- တစ်ကိုယ်လုံးရှိ အရေပြားသည် လုံးလိုက်လျှင် ဆီး (ဇီး) စေ့ ပမာဏ ရှိ၏။
- အရေထူသည် လုံးလိုက်လျှင် ခွက်တောင်းပမာဏ ရှိ၏။
- အသားစိုင်သည် ကိုးရာမျှ အရေအတွက် ရှိ၏။
- အကြောသည်လည်း ကိုးရာ အရေအတွက် ရှိ၏။
- အရိုးသည် သုံးရာ အရေအတွက် ရှိ၏။

- ခြင်ဆီသည် အရိုးရှိသလောက် လိုက်ရှိ၏။
- အညှို့သည် သရက်သီးနှစ်လုံးပြွတ်ကဲ့သို့ အစိုင်အခဲ နှစ်ခု တွဲနေ၏။
- နှလုံးသည် ပဒုမ္မာကြာငုံကဲ့သို့ ငုံချန်းလျက် အောက်သို့ စိုက်ကျနေ၏။
- အသည်းသည် ပင်လယ်ကသစ်ရွက်ကဲ့သို့ အရင်း၌ တစ်ခုတည်းဖြစ်၍ အဖျား၌ ချို့ဟက်လျက် အစုံလိုက် တည်နေ၏။
- အမြှေးသည် ပုဆိုးဖြူကဲ့သို့အဆင်းရှိ၍ နှလုံးသားနှင့် အညှို့ကို ဖုံးလွှမ်းထားသော အမြှေးကတစ်မျိုး၊ တစ်ကိုယ်လုံးရှိ အရေထူအောက်မှ အသားတို့ကို ဖုံးလွှမ်းထားသော အမြှေးကတစ်မျိုးဟူ၍ စုစုပေါင်း နှစ်မျိုး ရှိ၏။
- အဖျဉ်း (ခေါ်) သရက်ရွက်သည် နွားနက်ငယ်၏ လျှာနှင့် တူ၏။
- အဆုတ်သည် မညီမညာဖြတ်တောက်ရာရှိသော မုန့်ပိုင်းအစကဲ့သို့ အကန့် (၃၂) ကန့် ရှိ၏။
- အူမသည် သွေးပွက်အိုင်ထဲ၌ ဦးခေါင်းပြတ်၍ ခွေထားသော မြွေခွေကဲ့သို့ ခုနစ်ရစ် ပတ်ခွေလျက် ယောကျာ်း၌ (၃၂) တောင်၊ မိန်းမ၌ (၂၈) တောင် ရှိ၏။
- အူသေး၊ အူဖွဲ (ခေါ်) အူသိမ်သည် ကြာသိမ်မြစ်ကဲ့သို့ ရှိ၍ ထိုထို အူမကြီးများ၌ ရစ်ပတ်လျက် ရှိ၏။
- အစာသစ်သည် ပဝါဖြင့် လျော့လျော့ရဲရဲ ထုပ်ထားသော ဆန်ကဲ့သို့လည်းကောင်း၊ ခွေးအန်ဖတ်ကဲ့သို့ လည်းကောင်း တည်ရှိ၏။

- အစာဟောင်းသည် ဝါးကျည်တောက်၌ ထည့်သွင်း၍ ထားသော မြေစိုင်အခဲ ရွှံ့နှစ်ကွဲကဲ့သို့ တည်ရှိ၏။
- ဦးနှောက်သည် မှန့်ညက်ဖတ်အခဲကဲ့သို့ ပျစ်ခဲလျက် ဦးခေါင်းချုပ်စပ် လေးခုစုံအရပ်၌ တည်နေ၏။
- သည်းခြေသည် ပျစ်ချွဲသော သစ်မည်စည်သီး၏ အဆီအနှစ်ကဲ့သို့ အဆင်းရှိပြီး သပွတ်ခါးသီးအိမ်နှင့်တူသော ဗဒ္ဓသည်းခြေ၊ ညှိုးနွမ်းသော တောင်ကြည်းပွင့်ကဲ့သို့ အဆင်းရှိပြီး တစ်ကိုယ်လုံးရှိ စိုစွတ်ရာအသားတို့၌ တည် သော အဗဒ္ဓသည်းခြေ ဟု နှစ်မျိုးရှိ၏။
- သလိပ်သည် ရေပြင်ကြီးအထက်၌ တည်ရှိသော ရေမှော်ကဲ့သို့ တည်ရှိ၏။ ရေကန်ကဲ့သို့ ခဲတစ်လုံးပစ်ချလိုက်သောအခါ ထိုခဲသည် ရေမှော်များကို ကျော်ဖြတ်ပြီးမှ ရေအောက်ရောက်သကဲ့သို့ လည်ချောင်းမှ မျိုချလိုက်သော ထမင်းလုပ်သည် အစာသစ်အိမ်အထက်တွင် အပြင်လိုက်တည်လျက်ရှိသော သလိပ်အုံကြီးကို ကျော်ဖြတ်ပြီးမှ အစာသစ်အိမ်ထဲသို့ ရောက်ရ၏။
- ပြည်သည် ပျစ်ချွဲသော ထမင်းကစီရည်ကဲ့သို့ အနာဖြစ်ရာ ကာလ၌ တည်တတ်၏။
- သွေးသည် ချက်အပ်ပြီးသော ပျစ်ချွဲချွဲ ချိပ်ရည်ကဲ့သို့ စုဝေးနေသော သွေး၊ ချက်အပ်ပြီးသော အရည်ကြည် ချိပ်ရည်ကဲ့သို့ ရွေ့လျား ပြေးသွားနေသောသွေး ဟု နှစ်မျိုး ရှိ၏။
- ချွေးသည် နှမ်းဆီအဆင်းကဲ့သို့ရှိ၍ ဥတုနှင့်စိတ် တစ်ခုခု ဖောက်ပြန်သောအခါ ကြာနွယ်ကြာရိုးတို့မှ ယိုထွက် ကျသော ရေကဲ့သို့ နေ၏။

- အဆီသည် နနွင်းကဲ့သို့ အဆင်းရှိပြီး ပိန်သူ၌ သလုံးမြင်း ခေါင်း၊ ခြေဆစ်၊ လက်ဆစ် စသည့် အရိုးဆက် နှစ်ခု နှစ်ခုတို့၏အကြား၌ တည်သောအဆီ၊ ဝသူ၌ တစ်ကိုယ် လုံး အရေထူနှင့် အသားတို့အကြား နနွင်းရောင်ဆိုး ဘွဲ့ဖြူပုဆိုးကဲ့သို့ တည်သောအဆီဟု နှစ်မျိုးရှိ၏။
- မျက်ရည်သည် ဆီကြည်အဆင်းကဲ့သို့ရှိပြီး မျက်တွင်း၌ တည်ကာ ငိုသောကာလ၊ ရယ်သောကာလ၊ မျက်စိစပ် သောကာလတို့၌ ထွက်ပေါ်လာတတ်၏။
- တံထွေးသည် ဖြူသော ရေမြှုပ်ကဲ့သို့ရှိ၍ ပါးစောင်နှစ်ခု ကြားမှ ထွက်ကာ လျှာပြင်အရပ်၌ တည်၏။ အာဟာရ ဖြစ်သော အရသာကို ခံစားသောအခါ၊ ထိုထိုအရသာ ကို အောက်မေ့တသသောအခါ၊ အော့နှလုံးနာရာ အခါတို့၌ ထွက်ပေါ်လာတတ်၏။
- နှပ်သည် ထန်းစေ့ဆံ နုဖတ်ဖတ်ကဲ့သို့ ရှိ၍ နှာခေါင်း၌ တည်၏။ ဥတု ဖောက်ပြန်သောအခါ၊ ငိုသောအခါတို့၌ ဖြစ်ပေါ်လာတတ်၏။
- အစေးသည် မဟာလှေကားပွင့်၏ အစေးနှင့်တူသော အဆင်းရှိ၍ အရိုးဆက်တို့၏အကြား၌ တည်၏။
- ကျင်ငယ်သည် ပဲကြီးပြာရည်ကဲ့သို့ အဆင်းရှိပြီး မှောက်၍ ထားအပ်သော အိုးအတွင်းရှိ ရေကဲ့သို့ စည် ပေါင်း ဆီးအိမ်အတွင်း၌ တည်၏။

ဤကား (၃၂) ကောဋ္ဌာသ၏ တည်နေပုံကို အကျယ်ပြခြင်း တည်း။ (၃၂) ကောဋ္ဌာသ ကမ္မဋ္ဌာန်းနည်းတူ ကာမရာဂကို ကူညီ

ပယ်သတ်ပေးသော အသုဘဘာဝနာကိုလည်း ကျင်ကြီးကျင်ငယ် စွန့်တိုင်း ဆင်ခြင်ပွားများပေးသင့်၏။ လက်တွေ့ပွားများကြည့်ပါက အလွန်ထိရောက်ကြောင်းကို တွေ့ရမည်။

ကျင်ကြီးကျင်ငယ်စွန့်ချိန်သည် ခန္ဓာကိုယ်ကြီး၏ မတင့်မတယ် ရွံရှာဖွယ်ရာ အကောင်းဆုံးအချိန်ပင် ဖြစ်၏။ မတင့်တယ်ဆုံးအချိန်၊ ရွံရှာဖွယ်ရာ အကောင်းဆုံးအချိန်တွင် မတင့်တယ်ပုံ၊ ရွံရှာဖွယ်ရာ ကောင်းပုံ၊ အသုဘဘာဝနာကို ရှုပွားနိုင်လျှင် အရင်းနည်းနည်းဖြင့် အမြတ်များများ ရနိုင်၏။ ထို့ကြောင့် ညောင်ကန်ဆရာတော် ဦးဗုဓ်က လူထွက်ပြီး ဝန်ကြီးရာထူးယူရန် တိုက်တွန်းသော ဒကာတစ်ဦးအား မင်းတို့ ဝန်ကြီးရာထူးကို ငါတို့ ရဟန်းဘဝ ကုဋီတစ်ခါတက်ချိန်လောက်တောင် မမက်ပါဘူးဟု ပြောခဲ့ခြင်း ဖြစ်၏။

ငရဲသို့ ကျသူတစ်ရာတွင် ၉၉ ယောက်သည် ဝမ်းရေးကြောင့် ဖြစ်ကြောင်း မှတ်သားရဖူး၏။ အလွန် ယုတ္တိရှိသော စကားတစ်ခွန်းပင် ဖြစ်၏။ သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာ ခိုးယူခြင်း၊ လိမ်ညာ ပြောခြင်း စသော ဒုစရိုက်မှုများသည် ဝမ်းရေးကြောင့်သာ အဖြစ် များ၏။ ဝမ်းရေးနှင့်ပတ်သက်လာလျှင် သူတစ်ပါးအသက်ကို သတ်ရဲသည်အထိ ဖြစ်ရသည်မှာ အစားအစာအပေါ် တပ်မက်သော လောဘစိတ် အားကြီးမှုကြောင့်ပင် ဖြစ်၏။

ထို့ကြောင့် အနာဂါမ် အဆင့်သို့ တက်လှမ်းလိုသူသည် ဝိပဿနာ ကို သာမက အာဟာရေပဋိကူလသညာကိုလည်း အစာစားတိုင်း ပွားများသင့်၏။

## မစားခင် ဆင်ခြင်ပုံ

ဤအစာအာဟာရများကြောင့်သာ (၉၈) ပါးသော ရောဂါများ ဖြစ်ပွားရသည်။ ဤအစာအာဟာရများကြောင့် ကိုးပေါက်သော ဒွါရမှ ရွံရှာ ဖွယ်ရာ အပုပ်ရည်များ နေ့စဉ် ယိုထွက်ရသည်။ ဤအစာအာဟာရများကြောင့် ကိလေသာများ ဖြစ်ပေါ်ရ သည်။

## စားဆဲ စိတ်ထားပုံ

မြို့တစ်မြို့တွင် ကပ်ရောဂါကြီးတစ်ခုဖြစ်သဖြင့် ဇနီးခင်ပွန်း နှစ်ယောက်သည် လသားအရွယ် သားလေးကိုချီပိုးကာ သဲကန္တာရကြီးအား ကျော်ဖြတ် ထွက်ပြေးကြ၏။ ခရီးပင်ပန်းမှု၊ အစာရေစာပြတ်မှုကြောင့် ကလေးငယ်သည် လမ်းခုလတ်တွင် သေသွား၏။ မိဘနှစ်ပါးလည်း အစာပြတ်လပ်မှုကြောင့် လမ်းဆက်မသွားနိုင်ကြတော့ဘဲ သားလေးအလောင်းဘေးတွင် ပုံလျက်လဲကျနေကြ၏။ အစားအစာသာ အနည်းငယ်စားရလျှင် သူတို့နှစ်ယောက်သည် မှုန်ပျပျ လှမ်းမြင်နေရသော ရွာတစ်ရွာကို ရောက်အောင်သွားပြီး အသက်ရှင်ခွင့်ရကြမည် ဖြစ်၏။

ထို့ကြောင့် မိဘနှစ်ပါးသည် သူတို့ အသက်ရှင်စေခြင်းအကျိုးငှာ သားသေ၏အသားကို စိတ်မကောင်းစွာဖြင့် စားပြီး မြင်နေရသော ရွာသို့ အရောက်သွားကြ၏။ ဤဥပမာ၌ မိဘနှစ်ပါးသည် သားလေး၏အသားကို စားရာ၌ မည်သို့မျှ ရသတဏှာ မပေါ်စေဘဲ အသက်မသေဖို့အတွက် စားသကဲ့သို့ အနာဂါမ်အဆင့်သို့ လှမ်းတက်လိုသော ယောဂီသည် အစာစားတိုင်း ရသတဏှာကို ဖြစ်ခွင့်မပေးဘဲ ဤခန္ဓာမသေဖို့အတွက် ရင်သွေး၏အသားကို မစားမဖြစ်လို့ စားရခြင်းမျိုး စိတ်ထဲတွင်ထားပြီး စားသုံးရမည်။

ဝိပဿနာကားရှေ့တွင် ပြခဲ့သည့်နည်းအတိုင်း ရှုပွားနေရမည် ဖြစ်၏။ အချိန်တန်သောအခါ အနာဂါမိမဂ်ကိုရမည် ဖြစ်၏။ ထိုမှဆက်၍ရှုလျှင် အရဟတ္တမဂ်ကိုရမည် ဖြစ်၏။ အထက်မဂ် ၃ ပါး ဝီထိစဉ်ချသောအခါ ပုထုဇဉ်အနွယ်ကို ဖြတ်စရာမလိုတော့သောကြောင့် ဂေါတြဘူနေရာတွင် ဝေါဒါန်ဆိုသောစကားကို ပြောင်းထည့်ရုံသာ ရှိ၏။ မဂ်၊ ဖိုလ်များကိုလည်း သူ့ဆိုင်ရာအလိုက် ပြောင်းပေးရမည်။

ဥပမာအားဖြင့် အရဟတ္တမဂ္ဂဝီထိချမည်ဆိုလျှင် မဂ်နေရာတွင် အရဟတ္တမဂ်စိတ်ကို ထည့်ပြီး ဖိုလ်နေရာတွင် အရဟတ္တဖိုလ်စိတ်ကို ထည့်ပေးရုံပင် ဖြစ်၏။ ရဟန္တာဖြစ်ပြီး ဟောကြားသောရှင်တိဿ၏တရားကို နာရသောအခါ ဒကာ၊ ဒကာမများသည် နှစ်ဖို့နှစ်စု ကွဲသွား၏။ တစ်စုမှာ မကောင်းမြင်ဝါဒရှိပြီး ကျန်တစ်စုမှာ အကောင်းမြင်ဝါဒရှိသူများ ဖြစ်၏။

မကောင်းမြင်ဝါဒရှိသူများသည် အမြဲတမ်း အကုသိုလ်ချည်းဖြစ်နေရပြီး အကောင်းမြင်ဝါဒရှိသူများသည်ကား အမြဲတမ်းကုသိုလ်ချည်း ဖြစ်နေကြောင်း အင်္ဂုတ္တိုရ်ပါဠိတော်၌ ဗုဒ္ဓဟောကြားတော်မူခဲ့၏။ မကောင်းမြင်ဝါဒရှိသူများက ယခုလို နက်နဲ ဆန်းကြယ်သော တရားများကို တစ်ဝါတွင်းလုံး တစ်ခါမှ မဟောဘဲ ယခုမှ ဟောရသလားဟုဆိုကာ ဒေါသဖြစ်ပြီး အကုသိုလ်ပွားကြခြင်း ဖြစ်၏။

အကောင်းမြင်ရှိသူများက ယခုလို နက်နဲ ဆန်းကျယ်သောတရားကို ဟောနိုင်သော သံဃာတော်အား ကိုးကွယ်ခွင့်ရခြင်းသည် ကံထူးလေစွဟူ၍ ဝမ်းမြောက်ကြ၏။ အံ့ဩစရာ ကောင်းပေစွ။ မကောင်းမြင်ဝါဒရှိသူများကား ရဟန္တာကို ဖူးမြင်ရပြီး တရားနာခွင့်ရပါလျက်နှင့်ပင် ကုသိုလ်ဖြစ်ခွင့်မရဘဲ အကုသိုလ်ဖြစ်ရ၏။ တစ်

ခဏ နေရသော လူ့ဘဝလေးကို အကုသိုလ်ဖြစ်ခွင့်ပေးပြီး အချိန် မဖြုန်းသင့်ပေ။

(၃၁) ဘုံတွင် အပါယ်လေးဘုံသည် ဆင်းရဲဒုက္ခတွေ များ လွန်းအားကြီးသောကြောင့် ကုသိုလ်ပါရမီ ဆည်းပူးခွင့်မရ။ နတ်ဘုံ၊ ဗြဟ္မာဘုံများသည်လည်း ချမ်းသာသုခတွေ များလွန်းအားကြီးသော ကြောင့် ကုသိုလ်ပါရမီများ ဆည်းပူးခွင့်မရ။ ဥပမာအားဖြင့် နတ်ဘုံ၊ ဗြဟ္မာဘုံတွင် အလှူခံမရှိသောကြောင့် ဒါနကုသိုလ် မဖြစ်နိုင်ခြင်း မျိုးပင်တည်း။ လူ့ဘုံတစ်ခုသာ ဒါန၊ သီလ စသော ကုသိုလ်ပါရမီကို ဆည်းပူးခွင့်ရသည်။

ကုသိုလ်ဆည်းပူးနိုင်ရန် ရှားရှားပါးပါး ရလာသော လူ့ဘဝကို ကုသိုလ်ရဖို့အတွက် အသုံးမချဘဲ အကုသိုလ်အတွက်သာ အသုံးချ မည်ဆိုလျှင် မိမိထက်မိုက်သောသူ လောက၌မရှိဟု မှတ်အပ်၏။ ထိုသူများသည် အောက်ပါ ဓမ္မဒေသနကို သေချာဖတ်ပြီး ဆန်းစစ် ဝေဖန်သင့်၏။

ပညာမဲ့သည် ရလာသောလူ့ဘဝကို
ကာမဂုဏ် (အကုသိုလ်) အတွက်
အသုံးချ၍ အပါယ်သို့သွား၏။
ပညာရှိသည် ရလာသောလူ့ဘဝကို
မဂ်ဖိုလ်တရား (ကုသိုလ်) ရဖို့အတွက်
အသုံးချ၍ နိဗ္ဗာန်သို့သွား၏။

ကိလေသာ ကုန်သွားသောကြောင့် ရဟန္တာဖြစ်သည်ဟု ဆိုရ သလို လောကမှာ ရှိသမျှကုသိုလ်များထက် လွန်သော အမြတ်ဆုံး ကုသိုလ် (အရဟတ္တမဂ်) ကို ရရှိသွားသောကြောင့်လည်း ရဟန္တာဟု ဆိုရ၏။

## ရဟန္တာ ဟုတ်မဟုတ် စိစစ်ရန် ဆဗ္ဗိသောဓနသုတ် မြန်မာပြန် အကျဉ်း

*(ပဏ်၊ ၃၊ ပါ၊ ၇၉။ ဋ္ဌ၊ ၆၂)*

ရှင်တော်မြတ်ဘုရားသည် သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့ကို ခေါ်တော်မူ၍ ဤစကားကို မိန့်ကြားတော်မူ၏။ "ဤသာသနာတော်၌ ရဟန်းတော်တစ်ပါးသည် 'ပဋိသန္ဓေနေမှုကုန်ပြီ။ မြတ်သော (မဂ်) အကျင့်ကို ကျင့်သုံးပြီးပြီ။ ပြုဖွယ် (မဂ်) ကိစ္စကို ပြုပြီးပြီ။ နောက်တစ်ဖန် (မဂ်) ကိစ္စအတွက် ပြုဖွယ်မရှိတော့ဟု သိ၏' ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြား၏ (ဝါ) ရဟန္တာဟု ဝန်ခံ၏။ ရဟန်းတို့၊ ထိုရဟန်း၏ စကားကို မနှစ်သက်အပ်၊ မပယ်မြစ်အပ်၊ မနှစ်သက်၊ မပယ်မြစ်မူ၍ ပြဿနာကို မေးရမည်"

"(၁) ငါ့ရှင်၊ မြတ်စွာဘုရားသည် ဤလေးမျိုးသော ပြောဆိုခြင်းတို့ကို ကောင်းစွာ ဟောကြားတော်မူအပ်၏။ အဘယ်လေးမျိုးတို့နည်းဟူမူကား မြင်သည်၌ မြင်၏ဟု ပြောခြင်းလည်းကောင်း၊ ကြားသည်၌ ကြား၏ဟု ပြောခြင်းလည်းကောင်း၊ သိသည်၌ သိ၏ဟု ပြောခြင်းလည်းကောင်းတည်း။ ဤလေးမျိုးသော ပြောဆိုခြင်းတို့၌ အဘယ်တို့ သိသည်၊ မြင်သည်ဖြစ်၍ ငါ့ရှင်၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်သနည်းဟု ပြဿနာမေးရမည်"

"ရဟန်းတို့၊ အာသဝေါ ကုန်ခန်းပြီးသော မဂ်အကျင့်ကို ကျင့်သုံးပြီးသော မဂ်ကိစ္စဟူသော ပြုဖွယ်ကိစ္စကိုပြုပြီးသော ဝန်ကိုချထားပြီးသော မိမိအကျိုးဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်ပြီးသော

ဘဝသံယောဇဉ် ကုန်ခန်းပြီးသော ကောင်းစွာသိ၍ ကိလေသာမှ လွတ်ပြီးသော ရဟန္တာပုဂ္ဂိုလ်ဖြစ်သော ရဟန်းအား ပြဿနာ ဖြေဆိုခြင်းငှာ ဤသဘောသည် ဖြစ်၏။

'ငါ့ရှင်၊ ငါသည် မြင်သည်၌ ရာဂဖြင့် တပ်မက်နှစ်သက်ခြင်း မရှိ။ ဒေါသဖြင့် ရှောင်ဖယ်ခြင်းသဘော မရှိ။ တဏှာဒိဋ္ဌိတို့ဖြင့် မမှီမတွယ်။ ဆန္ဒရာဂတို့ဖြင့် မဖွဲ့။ ကာမရာဂသံယောဇဉ်မှ လွတ်၏။ ဆန့်ကျင်ဘက်တရားတို့နှင့် မယှဉ်။ အပိုင်းအခြားကင်းသော စိတ်ဖြင့် နေ၏။ ကြားသည်၌ လည်းကောင်း၊ တွေ့သည်၌ လည်းကောင်း၊ သိသည်၌ လည်းကောင်း နည်းတူပင် ဖြေဆို၏။ ငါ့ရှင်၊ ဤလေးမျိုးသော ပြောဆိုခြင်းတို့၌ ဤသို့ သိသည်၊ ဤသို့ မြင်သည်ဖြစ်၍ ငါ၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်၏'ဟု ပြော၏။ ရဟန်းတို့၊ ထိုရဟန္တာပုဂ္ဂိုလ်၏ စကားကို "ကောင်း၏"ဟု နှစ်သက်ဝမ်းမြောက်ရမည်။ နှစ်သက်ဝမ်းမြောက်ပြီးလျှင် တစ်ဆင့်တက်၍ ပြဿနာကို မေးရဦးမည်"

"(၂) ငါ့ရှင်၊ မြတ်စွာဘုရားသည် ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနုပါဒါနက္ခန္ဓာ၊ သညုပါဒါနက္ခန္ဓာ၊သင်္ခါရုပါဒါနက္ခန္ဓာ၊ ဝိညာဏုပါဒါနက္ခန္ဓာ - ဤဥပါဒါနက္ခန္ဓာငါးပါးတို့ကို ကောင်းစွာ ဟောကြားထားတော်မူ၏။ ဤဥပါဒါနက္ခန္ဓာတို့၌ အဘယ်သို့ သိသည်၊ အဘယ်သို့ မြင်သည်ဖြစ်၍ ငါ့ရှင်၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်ပါသနည်းဟု မေးရမည်"

"ရဟန်းတို့၊ ရဟန္တာဖြစ်သော ရဟန်းအား ပြဿနာဖြေဆိုခြင်းငှာ ဤသဘောသည် ဖြစ်၏။ 'ငါ့ရှင်၊ ငါသည် ရုပ်ကို အမြဲမရှိ၊ ပျက်စီးခြင်းသို့ ရောက်ခြင်းသဘောရှိ၏။ သက်သာရာမရှိဟု သိခြင်းကြောင့် ရုပ်၌ ကပ်ရောက်စွဲလမ်းတတ်သော စိတ်တည်တံ့

ကြောင်း၊ အမှားနှလုံးသွင်းကြောင်း ကိန်းကြောင်းဖြစ်သော တဏှာဒိဋ္ဌိတို့၏ ကုန်ခြင်း၊ ကင်းခြင်း၊ ချုပ်ခြင်း၊ စွန့်ခြင်း လွတ်ခြင်းကြောင့် ငါ၏စိတ်သည် လွတ်မြောက်ပြီ'ဟု သိ၏။ ဝေဒနာ၌ လည်းကောင်း၊ သညာ၌ လည်းကောင်း၊ သင်္ခါရ၌ လည်းကောင်း၊ ဝိညာဏ်၌ လည်းကောင်း နည်းတူဖြေဆို၏။ ရဟန်းတို့၊ ထိုရဟန္တာပုဂ္ဂိုလ်၏ စကားကို "ကောင်း၏" ဟု နှစ်သက်ဝမ်းမြောက်ရမည်။ ပြီးလျှင် တစ်ဆင့်တက်၍ ပြဿနာကို မေးရဦးမည်"

"(၃) ငါ့ရှင်၊ မြတ်စွာဘုရားသည် ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ်၊ ဝိညာဏဓာတ် ဤဓာတ်ခြောက်ပါးတို့ကို ကောင်းစွာ ဟောကြားထားတော်မူ၏။ ဤခြောက်ပါးသောဓာတ်တို့၌ အဘယ်သို့ သိသည်ဖြစ်၍ အဘယ်သို့ မြင်သည်ဖြစ်၍ ငါ့ရှင်၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်ပါသနည်းဟု မေးရမည်"

"ရဟန်းတို့၊ ရဟန္တာရဟန်းအား ပြဿနာဖြေဆိုခြင်းငှာ ဤသဘောသည် ဖြစ်၏။ 'ငါ့ရှင်၊ ငါသည် တည်ရာဖြစ်သော ပထဝီဓာတ်ကို အတ္တဟူ၍ မယူ မကပ်၊ တည်ရာဖြစ်သော ပထဝီဓာတ်ကို မှီသော ရုပ်နာမ်တရားတို့ကိုလည်း အတ္တဟူ၍ စွဲလမ်းခြင်းသို့ မရောက်၊ မကပ်။ တည်ရာဖြစ်သော ပထဝီဓာတ်ကို မှီကုန်သော ကပ်ရောက်စွဲလမ်းတတ်ကုန်သော စိတ်တည်တံ့ကြောင်း၊ အမှားနှလုံးသွင်းကြောင်း၊ ကိန်းကြောင်းဖြစ်သော တဏှာဒိဋ္ဌိတို့၏ ကုန်ခြင်း၊ ကင်းခြင်း၊ ချုပ်ခြင်း၊ စွန့်ခြင်း၊ လွတ်ခြင်းကြောင့် ငါ၏စိတ်သည် လွတ်မြောက်ပြီ'ဟု သိ၏။ ကျန်ဓာတ်ငါးပါး၌လည်း နည်းတူ ဖြေဆို၏။ 'ငါ့ရှင်၊ ဤခြောက်ပါးသောဓာတ်တို့၌ ဤသို့ သိသည်ဖြစ်၍ ဤသို့ မြင်သည်ဖြစ်၍ ငါ၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့်

မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်၏'ဟု ပြောဆို၏။ ရဟန်းတို့၊ ထိုရဟန္တာပုဂ္ဂိုလ်၏စကားကို "ကောင်း၏" ဟု နှစ်သက်ဝမ်းမြောက်ရမည်။ ပြီးလျှင် တစ်ဆင့်တက်၍ ပြဿနာကို မေးရဦးမည်"

"(၄) ငါ့ရှင်၊ မြတ်စွာဘုရားသည် အတွင်းအာယတနခြောက်ပါး၊ အပြင်အာယတနခြောက်ပါးတို့ကို ကောင်းစွာ ဟောတော်မူ၏။ (မျက်စိနှင့်အဆင်း၊ နားနှင့်အသံ၊ နှာခေါင်းနှင့်အနံ့၊ ကိုယ်နှင့်အတွေ့အထိ၊ စိတ်နှင့်သဘောမွေ့ရာ) ဤခြောက်ပါးသော အတွင်းအပ၌ ဖြစ်ကုန်သော အာယတနတို့၌ အဘယ်သို့သိသည်ဖြစ်၍ အဘယ်သို့ မြင်သည်ဖြစ်၍ ငါရှင်၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်ပါသနည်းဟု မေးရမည်"

'ငါ့ရှင်၊ မျက်စိ၊ အဆင်း၊ စက္ခုဝိညာဏ်၊ စက္ခုညာဏ်ဖြင့် သိထိုက်ကုန်သော တရားတို့၌ လိုချင်ခြင်း တဏှာ ဆန္ဒ၊ တပ်စွန်းခြင်း တဏှာ ရာဂ၊ အလွန်နှစ်သက်ခြင်း သပ္ပိတိက တဏှာ၊ ငြိကပ်ခြင်း တဏှာ၊ စွဲလမ်းတတ်ကုန်သော စိတ်တည်တံ့ကြောင်း၊ အမှားနှလုံးသွင်းကြောင်း၊ ကိန်းကြောင်းဖြစ်သော တဏှာဒိဋ္ဌိတို့၏ ကုန်ခြင်း၊ ကင်းခြင်း၊ ချုပ်ခြင်း၊ စွန့်ခြင်း၊ လွှတ်ခြင်းကြောင့် ငါ၏စိတ်သည် လွတ်မြောက်ပြီ' ဟု သိ၏။ နား၊ အသံ၊ သောတဝိညာဏ်၊ သောတဝိညာဏ်ဖြင့် သိထိုက်ကုန်သော တရားတို့၌လည်းကောင်း၊ နှာခေါင်း၊ အနံ့၊ ဃာနဝိညာဏ်၊ ဃာနဝိညာဏ်တို့ဖြင့် သိထိုက်ကုန်သော တရားတို့၌လည်းကောင်း၊ လျှာ၊ အရသာ၊ ဇိဝှာဝိညာဏ်၊ ဇိဝှာဝိညာဏ်ဖြင့် သိထိုက်ကုန်သော တရားတို့၌လည်းကောင်း၊ ကိုယ်၊ အတွေ့အထိ၊ ကာယဝိညာဏ်၊ ကာယဝိညာဏ်ဖြင့် သိထိုက်ကုန်သော တရားတို့၌လည်းကောင်း၊ စိတ်၊ သဘောမွေ့ရာ၊ မနော

ဝိညာဏ်၊ မနောဝိညာဏ်ဖြင့် သိထိုက်ကုန်သော တရားတို့၌လည်းကောင်း နည်းတူပင် ဖြေဆို၏"

'ငါ့ရှင်၊ ဤ ၆- ပါးသော အတွင်းအပသန္တာန်၌ ဖြစ်ကုန်သော အာယတနတို့၌ ဤသို့ သိသည်ဖြစ်၍ ဤသို့မြင်သည်ဖြစ်၍ ငါ၏ စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်၏'ဟု ဖြေဆို၏။ ရဟန်းတို့၊ ထိုရဟန္တာပုဂ္ဂိုလ်၏စကားကို "ကောင်း၏" ဟု နှစ်သက်ဝမ်းမြောက်ရမည်။ ပြီးလျှင် တစ်ဆင့် တက်၍ ပြဿနာကို မေးရဦးမည်"

"(၅) (၆) အဘယ်သို့ သိသည်ဖြစ်၍ အဘယ်သို့ မြင်သည်ဖြစ်၍ ငါ့ရှင်သည် ဝိညာဉ်ရှိသော မိမိကိုယ်ကောင်၌လည်းကောင်း၊ သူတစ်ပါးတို့၏ကိုယ်ကောင်၌လည်းကောင်း၊ အလုံးစုံသော ပြင်ပအာရုံတို့၌လည်းကောင်း ငါဟူသော အခြင်းအရာ၊ ငါ့ဥစ္စာဟူသော အခြင်းအရာ ထင်မှားခြင်းကိန်းဝပ်မှု အနုသယတို့ကို ပယ်ထားပါသနည်းဟု မေးရမည်"

"ရဟန်းတို့၊ ရဟန္တာဖြစ်သော ရဟန်းအား ပြဿနာ ဖြေဆိုခြင်းငှာ ဤသို့ သဘောသည် ဖြစ်၏။ ငါ့ရှင်၊ ငါသည် တရားတော်ကို ကြားနာရ၍ အိမ်ရာတည်ထောင် လူတို့ဘောင်မှ အိမ်ရာမထောင် ရဟန်းဘောင်သို့ ကူးလာခဲ့ပြီးလျှင် အဓိသီလသိက္ခာပညတ်တော်မူအပ်သော သိက္ခာပုဒ်များနှင့် ပြည့်စုံလျက် သံ့အသက်ကို သတ်ခြင်းမှလည်းကောင်း၊ သူတစ်ပါး၏ဥစ္စာကို ခိုးဝှက်တိုက်ခိုက် လိမ်လည်ယူခြင်းမှလည်းကောင်း၊ မမြတ်သော မေထုန်အကျင့်မှလည်းကောင်း၊ လိမ်လည်ပြောဆိုခြင်းမှလည်းကောင်း၊ ကုန်းတိုက်စကား ရန်တိုက်စကားကို ပြောဆိုခြင်းမှလည်းကောင်း၊ ကြမ်းကြမ်းတမ်းတမ်း ယုတ်ယုတ်မာမာ ပြောဆိုခြင်းမှလည်းကောင်း၊ အကျိုး

ကျေးဇူးမရှိ အဓိပ္ပာယ်မရှိသောစကားကို ပြောဆိုခြင်းမှလည်းကောင်း ရှောင်ကြဉ်ခဲ့၏'

'ငါသည် မျိုးစေ့အပေါင်း၊ အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏။ နေ့လွဲညစာ စားခြင်းမှလည်းကောင်း၊ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ သူတော်ကောင်းတရား၏ ဆူးငြောင့်ဖြစ်သော ပွဲလမ်းသဘင် ကြည့်ရှုခြင်းမှလည်းကောင်း၊ ပန်းပန်ခြင်း၊ နံ့သာခြယ်ခြင်း၊ နံ့သာပျောင်းလိမ်းခြင်းမှလည်းကောင်း၊ မြင့်သောနေရာ မြတ်သောနေရာမှလည်းကောင်း၊ ရွှေငွေကို ခံယူခြင်းမှလည်းကောင်း ရှောင်ကြဉ်၏။ စပါး ဆန်စိမ်းကို ခံယူခြင်းမှလည်းကောင်း၊ သားစိမ်းငါးစိမ်းကို ခံယူခြင်းမှလည်းကောင်း၊ မိန်းမအို မိန်းမပျိုကို ခံယူခြင်းမှလည်းကောင်း၊ ကျွန်မိန်းမ ကျွန်ယောကျ်ားတို့ကို ခံယူခြင်းမှလည်းကောင်း၊ ဆိတ်နှင့်သိုးတို့ကို ခံယူခြင်းမှလည်းကောင်း၊ ကြက်၊ ဝက်၊ ဆင်၊ နွား၊ မြင်း၊ မြည်း၊ လယ်ယာတို့ကို ခံယူခြင်းမှလည်းကောင်း ရှောင်ကြဉ်၏။ တမန်အမှု အစေအပါးအမှုကို ဆောင်ရွက်ခြင်းမှလည်းကောင်း၊ ရောင်းမှု ဝယ်မှုမှလည်းကောင်း၊ ချိန်စဉ်းလဲ အသပြာစဉ်းလဲ ချိန်တွယ်တိုင်းတာ စဉ်းလဲခြင်းမှလည်းကောင်း၊ တံစိုးယူခြင်း၊ လှည့်ဖြားခြင်းမှလည်းကောင်း၊ အတုပြု၍ လိမ်လည်ခြင်းတည်းဟူသော ကောက်ကျစ်စဉ်းလဲခြင်းမှလည်းကောင်း၊ သတ်ခြင်း ဖြတ်ခြင်း၊ နှောင်ဖွဲ့ခြင်း၊ လုယက်ခြင်း၊ သောင်းကျန်းဖျက်ဆီးခြင်း၊ ဓားပြတိုက်ခြင်းတို့မှလည်းကောင်း ရှောင်ကြဉ်၏'

'ဥပမာအားဖြင့် အတောင်ရှိသောငှက်သည် ပြန်လေရာရာသို့ မိမိအတောင်က ဝန်ရှိသည်ဖြစ်၍ ပျံ၏။ ငါ့ရှင်၊ ဤသို့သာလျှင် ငါသည် ကိုယ်ကို မျှတစေနိုင်ရုံသော သင်္ကန်းဖြင့်၊ ဝမ်းကို မျှတစေနိုင်ရုံသောဆွမ်းဖြင့် ရောင့်ရဲ၏။ ထိုရဟန်းသည် သွားလေရာရာသို့

(ကိုယ်နှင့် အတူပါမြဲ ပရိက္ခရာသာရှိသဖြင့်) တစ်ပါးတည်း ယူပြီး ဖြစ်၍သာလျှင် သွား၏။ ထိုရဟန်းသည် ဤမြတ်သော သီလအစုနှင့် ပြည့်စုံသည်ဖြစ်၍ မိမိအတွင်းသန္တာန်၌ အပြစ်ကင်းသော ချမ်းသာကို ခံစားဖူး၏'

'ငါသည် မျက်စိဖြင့် အဆင်းရူပါရုံကို မြင်သော် ယောကျ်ား၊ မိန်းမစသော သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ။ လက်ခြေစသော အင်္ဂါ၊ ပြုံးရယ်ဟန်စသော အမူအရာ အမှတ်လက္ခဏာကို စွဲယူလေ့မရှိ။ အကယ်၍ စက္ခုန္ဒြေကို မစောင့်စည်းခြင်းတည်းဟူသော အကြောင်းကြောင့် မက်မောခြင်း အဘိဇ္ဈာ၊ နှလုံးမသာခြင်း ဒေါမနဿဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို အစဉ်လိုက်၍ နှိပ်စက်ကုန်ရာ၏။ ထို့ကြောင့် ငါသည် စက္ခုန္ဒြေကို စောင့်စည်းခြင်းငှာ ကျင့်၏။ စက္ခုန္ဒြေကို စောင့်စည်း၏။ စက္ခုန္ဒြေကို စောင့်စည်းခြင်းသို့ ရောက်၏။ နားဖြင့် အသံသဒ္ဒါရုံကို ကြားသော်လည်းကောင်း၊ နှာခေါင်းဖြင့် အနံ့ ဂန္ဓာရုံကို ရှူမိသော်လည်းကောင်း၊ လျှာဖြင့် အရသာ ရသာရုံကို လျက်သော်လည်းကောင်း၊ ကိုယ်ဖြင့် အတွေ့ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသော်လည်းကောင်း၊ စိတ်ဖြင့် သဘောဓမ္မာရုံကို သိသော်လည်းကောင်း စွဲယူလေ့မရှိပုံကို နည်းတူ ဖြေဆို၏။ ထိုရဟန်းသည် ဤမြတ်သော ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံသည်ဖြစ်၍ မိမိအတွင်းသန္တာန်၌ ဖြစ်သော (ကိလေသာနှင့် မရောသော) ချမ်းသာကို ခံစားဖူး၏'

'ငါသည် ရှေ့သို့တက်ရာ နောက်သို့ဆုတ်ရာ၌လည်းကောင်း၊ တူရူကြည့်ရာ၊ တစောင်းကြည့်ရာ၌လည်းကောင်း၊ ကွေးရာ၊ ဆန့်ရာ၌လည်းကောင်း၊ ဒုကုဋ်၊ သပိတ်၊ သင်္ကန်းကို ဆောင်ရာ၌လည်းကောင်း၊ စားရာ၊ သောက်ရာ၊ လျက်ရာ၌လည်းကောင်း၊ ကျင်ကြီး

ကျင်ငယ် စွန့်ရာ၌လည်းကောင်း၊ သွားရာ၊ ရပ်ရာ၊ ထိုင်ရာ၊ အိပ်ရာ၊ နိုးရာ၊ စကားပြောရာ၊ ဆိတ်ဆိတ်နေရာ၌လည်းကောင်း ဆင်ခြင်လျက် ပြုလေ့ရှိ၏'

'ငါသည် ဤမြတ်သော သီလအစုနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤမြတ်သော ရောင့်ရဲခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤမြတ်သော ဣန္ဒြေကို စောင့်စည်းခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤမြတ်သော အောက်မေ့ခြင်း-သတိ၊ ဆင်ခြင်ခြင်း-သမ္ပဇဉ်နှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဆိတ်ငြိမ်သော ကျောင်း၊ အိပ်ရာနေရာကို မှီဝဲ၏။ တောတောင်၊ သစ်ပင်ရင်း၊ ချောက်၊ တောင်ခေါင်း၊ သင်္ချိုင်း၊ တောအုပ်၊ လွင်ပြင်၊ ကောက်ရိုးပုံကို မှီ၏။ ထိုရဟန်းသည် ဆွမ်းခံရာမှ ပြန်ခဲ့၍ ဆွမ်းစားပြီးနောက် ထက်ဝက်ဖွဲ့ခွေနေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှု၍ သတိကိုဖြစ်စေလျက် ထိုင်၏'

'ငါသည် ဥပါဒါနက္ခန္ဓာငါးပါးဟူသော လောက၌ မက်မောခြင်း- အဘိဇ္ဈာကို ပယ်၍ မက်မောခြင်း-အဘိဇ္ဈာမှ ကင်းသောစိတ်ဖြင့် နေဖူး၏။ မက်မောခြင်း အဘိဇ္ဈာမှ စိတ်ကို စင်ကြယ်စေဖူး၏။ ပျက်စီးစေလိုသော ဒေါသကိုပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို လိုလားလျက် နေ၏။ ပျက်စီးစေလိုသော ဒေါသမှ စိတ်ကို စင်ကြယ်စေဖူး၏။ လေးလံထိုင်းမှိုင်းခြင်း- ထိနမိဒ္ဓကို ပယ်၍ လေးလံထိုင်းမှိုင်းခြင်း- ထိနမိဒ္ဓမှ ကင်းသည်ဖြစ်၍ အောက်မေ့ဆင်ခြင်လျက် အလင်းရောင်ကို မှတ်ခြင်းရှိသည်ဖြစ်၍ နေ၏။ လေးလံထိုင်းမှိုင်းခြင်း- ထိနမိဒ္ဓမှ စိတ်ကို စင်ကြယ်စေဖူး၏။ ပျံ့လွင့်ခြင်း- ဥဒ္ဓစ္စ၊ နောင်တတစ်ဖန် ပူပန်ခြင်း- ကုက္ကုစ္စကို ပယ်၍ မိမိသန္တာန်၌ ငြိမ်းအေးသော

စိတ်သည်ဖြစ်၍ မပျံ့လွင့် မပူပန်သည်ဖြစ်၍ နေဖူး၏။ ပျံ့လွင့်ခြင်း- ဥဒ္ဓစ္စ၊ နောင်တတစ်ဖန် ပူပန်ခြင်း- ကုက္ကုစ္စမှ စိတ်ကို စင်ကြယ်စေဖူး၏။ ယုံမှားခြင်း- ဝိစိကိစ္ဆာကို ပယ်၍ ယုံမှားခြင်း- ဝိစိကိစ္ဆာကို လွန်မြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လောသို့လော တွေးတောယုံမှားခြင်းမရှိသည်ဖြစ်၍ နေဖူး၏။ ယုံမှားခြင်း ဝိစိကိစ္ဆာမှ စိတ်ကို စင်ကြယ်စေဖူး၏'

'ငါသည် စိတ်၏ ညစ်ညူးကြောင်းဖြစ်ကုန်သော ပညာကို အားနည်းအောင် ပြုတတ်ကုန်သော ဤငါးပါးသော နီဝရဏတရားတို့ကိုပယ်၍ ကာမဂုဏ်တို့မှ ကင်းဆိတ်သည်ဖြစ်၍ အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ကြံစည်ခြင်း- ဝိတက်နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း- ဝိစာရနှင့်တကွဖြစ်သော နီဝရဏကင်းဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း- ပီတိ၊ ချမ်းသာခြင်း- သုခရှိသော ပထမဈာန်သို့ရောက်၍ နေဖူးပြီ။ ဝိတက် ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော ဒိတ်၏ တည်ကြည်ခြင်း- သမာဓိကို ပွားစေတတ်သော ကြံစည်ခြင်း- ဝိတက်မရှိသော သုံးသပ်ဆင်ခြင်ခြင်း-ဝိစာရမရှိသော တည်ကြည်ခြင်း- သမာဓိကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း- ပီတိ ချမ်းသာခြင်း- သုခရှိသော ဒုတိယဈာန်သို့ ရောက်၍ နေဖူးပြီ။ (ပ) တတိယဈာန်သို့ ရောက်၍ နေဖူးပြီ။ (ပ) စတုတ္ထဈာန်သို့ ရောက်၍ နေဖူးပြီ'

'ငါသည် ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော်၊ ဖြူစင်လတ်သော်၊ အညစ်အကြေးမရှိလတ်သော်၊ ညစ်ညူးခြင်း ကင်းလတ်သော်၊ နူးညံ့လတ်သော်၊ ပြုခြင်းငှာ သင့်လျော်လတ်သော်၊ တည်တံ့လတ်သော်၊ မတုန်မလှုပ်ခြင်းသို့ ရောက်လတ်သော်၊ အာသဝေါတရားတို့ကို ကုန်စေသော အာသဝက္ခယဉာဏ်အလို့ငှာ

စိတ်ကို ရှေးရှုညွှတ်စေဖူးပြီ။ ငါသည် ဤကား ဆင်းရဲဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏အကြောင်းဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤကား ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်ဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤကား ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင့်အကျင့်ဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤသည်တို့ကား အာသဝေါတရားတို့ဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤကား အာသဝေါတရားတို့ ဖြစ်ပေါ်ခြင်း၏အကြောင်းဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤကား အာသဝေါတရားတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤကား အာသဝေါတရားတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဟု ဟုတ်မှန်သောအတိုင်း သိ၏'

'ဤသို့ သိသော ဤသို့ မြင်သော ငါ၏စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏။ ဘဝါသဝမှလည်း လွတ်မြောက်၏။ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏။ လွတ်မြောက်ပြီးလတ်သော် "လွတ်မြောက်လေပြီ" ဟု အသိဉာဏ် ဖြစ်၏။ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော (မဂ်) အကျင့်ကို ကျင့်သုံးပြီးပြီ။ မဂ်ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်) ကိစ္စအလို့ငှာ တစ်ပါးသော ပြုဖွယ်မရှိတော့ပြီဟု သိခဲ့ပြီ'

'ငါ့ရှင်၊ ဝိညာဉ်ရှိသော မိမိကိုယ်၌လည်းကောင်း၊ သူတစ်ပါးကိုယ်၌လည်းကောင်း၊ အလုံးစုံသော ပြင်ပအာရုံတို့၌လည်းကောင်း ဤသို့သိသည်ဖြစ်၍ ဤသို့ မြင်သည်ဖြစ်၍ ငါသည် ငါဟူသော အခြင်းအရာ၊ ငါ့ဥစ္စာဟူသော အခြင်းအရာ အထင်မှားခြင်းကိန်းမှုတို့ကို ကောင်းစွာ ပယ်အပ်၏'ဟု ဖြေဆို၏။ ရဟန်းတို့၊ ထိုရဟန္တာပုဂ္ဂိုလ်၏စကားကို "ကောင်း၏" ဟု နှစ်သက်ဝမ်းမြောက်ရမည်။ "ကောင်း၏" ဟု နှစ်သက် ဝမ်းမြောက်ပြီးလျှင် ငါ့ရှင်တို့၊ ငါတို့အား

ထိုကဲ့သို့သဘောရှိသော သီတင်းသုံးဖော် အရှင်ကောင်းတို့ တွေ့မြင်ရခြင်းသည် အလွန်အရတော်လေစွဟု ဤသို့ဆိုရမည်"ဟု မိန့်တော်မူ၏။ (ဝါ) ဟောတော်မူ၏။

ဘုရားရှင် ကိုယ်တိုင်ကပင် ရဟန္တာ ဟုတ်မဟုတ် စိစစ်ရန် အတိအကျ ညွှန်ကြားထားသော ဒေသနာတော် ဖြစ်၏။

(၁) ဝေါဟာရလေးပါး၊

(၂) ဥပါဒါနက္ခန္ဓာ ငါးပါး၊

(၃) ဓာတ်ခြောက်ပါး၊

(၄) အဇ္ဈတ္တိက ဗာဟိရာယတန (၆) ပါး၊

(၅) အတ္တနောသဝိညာဏကာယ

(၆) ပရေသံသဝိညာဏကာယ၊

ဤ (၆) ချက်ဖြင့် ရဟန္တာအစစ် ဟုတ်မဟုတ် ရှင်းလင်းသုတ်သင် မေးမြန်းရခြင်းကြောင့် ဤသုတ်ကို **ဆဗ္ဗိသောဓနသုတ်** ဟု အမည်မှည့်ထားခြင်း ဖြစ်၏။

## (ထပ်ဆင့် စိစစ်ရန် ညွှန်ကြားချက်)

(ဝိ၊ ၁၊ ပါ၊ ၁၁၇။ ဋ္ဌ၊ ဒု၊ ၁၁။ ပဏ်၊ ၃၊ ဋ္ဌ၊ ၆၄)

လောကဌ် ရွှေတု ငွေတု စသည်များ ရှိတတ်ရာ သာမည မျက်စိအမြင်ဖြင့်သော် အတုအစစ် ခွဲခြားသိရန် မလွယ်ကူပါ။ အတုများသည်လည်း အစစ်ကဲ့သို့ ထင်ရတက်သည်။ ထို့ကြောင့် အစစ်နှင့်အတု ခွဲခြားသိနိုင်ရန် မှတ်ကျောက်တင်ကြည့်ခြင်း၊ အရည်ကျိုခြင်း၊ ဖြတ်ခွဲခြင်း ပြုလုပ်ကြရသည်။ ထို့အတူ အချို့သော ရဟန်းတော်များသည် သမာပတ်၏အစွမ်းကြောင့်လည်းကောင်း၊ ဝိပဿနာ၏အစွမ်းကြောင့်လည်းကောင်း ကြာမြင့်စွာသော ကာလပတ်လုံး

မိမိသန္တာန်၌ ကိလေသာများ မဖြစ်ပေါ်လာဘဲ ရှိတတ်ကြရာ ငါ ရဟန္တာ ဖြစ်နေပြီဟု (တကယ်မဖြစ်သေးဘဲလျက်) အထင်ရောက် နေတတ်ကြ၏။ (ဝါ) အဓိမာနဖြစ်နေတတ်ကြ၏။ ထိုအခါ ထို ရဟန်းတော်ကို ရဟန္တာအစစ် ဟုတ်မဟုတ် မေးမြန်းစိစစ်ရန် ဘုရား ရှင်ကိုယ်တော်တိုင်ကပင် ရေးပြခဲ့ပြီးသော ဆဗ္ဗိသောဓန သုတ်ဖြင့် ညွှန်ကြားထားတော်မူ၏။

သို့သော် ထိုမျှလောက်ဖြင့် မယုံကြည်ထိုက်သေးကြောင်း၊ နောက်ထပ် ဝိနယ၊ ၁၊ ပါ ၄၁၇-၌ လာသော အချက်ကြီး (၆) ချက်ဖြင့် ထပ်ဆင့် စိစစ်ရန် ညွှန်ကြားထားတော်မူပြန်၏။ ပါဠိ၌ အကျဉ်းမျှပြအပ်သော အချက်ကြီး (၆) ချက်ကို အထက်ဖော်ပြပါ အဋ္ဌကထာများ၌ အကျယ်တဝင့် ဖွင့်ပြထား၏။

## (၁) ကိံ တေ အဓိဂတံ

ငါ့ရှင်သည် အဘယ်တရားထူးကို ရပါသလဲ၊ ဈာန်ကို ရသ လော၊ ဝိမောက္ခကို ရသလော၊ သမာဓိကို ရသလော၊ သမာပတ်ကို ရသလော၊ သောတာပတ္တိမဂ်ကို ရသလော၊ သကဒါဂါမိမဂ်ကို ရ သလော၊ အနာဂါမိမဂ်ကို ရသလော၊ အရဟတ္တမဂ်ကို ရသလော။ ဤသို့ မေးမြန်းသည်ရှိသော် ဤမည်သောတရားထူးကို ရပါ၏ဟု တိတိကျကျ ဖြေကြားရပေမည်။ အဘယ်ကြောင့်ဆိုသော် မိမိရ သော တရားထူးမှာ မမေ့မပျောက်နိုင်အောင် လွန်စွာ ထင်ရှားလှ သောကြောင့်တည်း။ တရားထူးရပြီးသော ပုဂ္ဂိုလ်များမှာ သတိမေ့ လျော့ခြင်း၊ တွေဝေခြင်း မရှိတော့ပြီ။ ဤသို့ ငါသည် ဤတရားထူး ကို ရခဲ့ပါ၏ဟု တိတိကျကျ ဖြေဆိုခဲ့သော် အောက်ပါအတိုင်း နောက်ထပ် မေးရဦးမည်။

## (၂) ကိန္တိ တေ အဓိဂတံ

ငါ့ရှင်၊ တရားထူးရသည်ဆိုတော့ အဘယ်ပုံ အဘယ်အခြင်းအရာဖြင့် ရခဲ့ပါသနည်း။ အနိစ္စလက္ခဏာကို အဦးထား၍ ရသလော။ ဒုက္ခလက္ခဏာကို အဦးထား၍ ရသလော၊ အနတ္တလက္ခဏာကို အဦးထား၍ ရသလော။ သမာဓိစွမ်းအားဖြင့် နှလုံးသွင်းအားထုတ်၍ရသလော၊ ဝိပဿနာစွမ်းအားဖြင့် နှလုံးသွင်းထား၍ရသလော။ ရုပ်ကို၊ နာမ်ကို၊ အဇ္ဈတ္တကို၊ ဗဟိဒ္ဓကို နှလုံးသွင်း အားထုတ်၍ ရသလော။ ဤသို့ မေးမြန်းသည်ရှိသော် ငါသည် ဤပုံ ဤအခြင်းအရာကို နှလုံးသွင်းအားထုတ်၍ တရားကို ရခဲ့ပါ၏ဟု ဖြေဆိုခဲ့သော် အောက်ပါအတိုင်း နောက်ထပ် မေးရဦးမည်။ (မိမိ နှလုံးသွင်း အားထုတ်ခဲ့ဖူးသောတရားသည် မမေ့မပျောက်နိုင်အောင် လွန်စွာ ထင်ရှားလှပေသည်)

## (၃) ကဒါ တေ အဓိဂတံ

ဤတရားထူးကို ဘယ်အချိန် ဘယ်ကာလ၌ ရခဲ့ပါသနည်း၊ နံနက်ခင်းအချိန်၌ ရခဲ့သလော၊ နေ့လည်အချိန်၌ ရခဲ့သလော၊ ညနေချမ်း၊ ညဉ့်ဦးယံ၊ သန်းခေါင်ယံ၊ မိုးသောက်ခါနီး၌ ရခဲ့သလော။ ဤသို့ မေးမြန်းသည်ရှိသော် မိမိတရားထူးရခဲ့သော အချိန်အခါသည် မမေ့မပျောက်နိုင်အောင် လွန်စွာ ထင်ရှားရကား အချိန်ပိုင်းဖြင့် တိတိကျကျ ဖြေဆိုနိုင်ရပေမည်။ ဤအချိန် ဤအခါ၌ တရားထူးကို ရခဲ့ပါ၏ဟု တိတိကျကျ ဖြေဆိုနိုင်ခဲ့သော် အောက်ပါအတိုင်း နောက်ထပ် မေးရဦးမည်။

## (၄) ကတ္ထ တေ အဓိဂတံ

ဤတရားထူးကို ဘယ်နေရာ၌ ရခဲ့ပါသနည်း။ ညဉ့်သန့်ရာ နေရာ၌ ရခဲ့သလော။ နေ့သန့်ရာနေရာ၊ သစ်ပင်ရင်း၊ မဏ္ဍပ်၊

တော၊ ဘောင်၊ လိုဏ်ဂူ စသည်တို့တွင် အဘယ်နေရာ၌ ရခဲ့ပါသနည်း။ ဤသို့ မေးသည်ရှိသော် မိမိတရားထူးရခဲ့သော နေရာသည် မမေ့မပျောက်နိုင်အောင် လွန်စွာ ထင်ရှားရကား ဤနေရာ၌ ရခဲ့ပါသည်ဟု နေရာအတိအကျ ဖြေကြားသော် အောက်ပါအတိုင်း နောက်ထပ် မေးရဦးမည်။

## (၅) ကတမေ တေ ကိလေသာ ပဟီနာ

ငါ့ရှင်သည် အဘယ်ကိလေသာများကို ပယ်သတ်ထားပါသနည်း။ သောတာပတ္တိမဂ်က အဘယ်ကိလေသာများကို ပယ်သတ်ထားပါသနည်း။ သကဒါဂါမိမဂ်က၊ အနာဂါမိမဂ်က၊ အရဟတ္တမဂ်က အဘယ်ကိလေသာများကို ပယ်သတ်ထားပါသနည်း။ ဤသို့ မေးမြန်းသည်ရှိသော် မိမိရထားသော မဂ်က ပယ်သတ်ထားသော ကိလေသာများ မဖြစ်ပေါ်လာတော့ခြင်းကြောင့် အလွန်ထင်ရှားရကား ဤမည်သော ကိလေသာများကို ပယ်သတ်ထားပါသည်ဟု တိတိကျကျ ဖြေဆိုနိုင်ခဲ့သော် အောက်ပါအတိုင်း နောက်ထပ် မေးရဦးမည်။

## (၆) ကတမေသံ တွံ ဓမ္မာနံ လာဘီ

ငါ့ရှင်သည် အဘယ်တရားထူးတို့ကို ရပါသနည်း။ သောတပတ္တိမဂ်ကို ရခဲ့သလော။ သကဒါဂါမိမဂ်ကို၊ အနာဂါမိမဂ်ကို၊ အရဟတ္တမဂ်ကို ရခဲ့သလော။ ဤသို့ မေးမြန်းသည်ရှိသော် မိမိရထားသော မဂ်တရားသည် (မိမိသန္တာန်၌ မည်သည့်အခါမှ မဖြစ်ဖူးခဲ့သောကြောင့် အမှန်တကယ်ရလျှင်) အလွန်ထင်ရှားလှရကား ဤမည်သောမဂ်ကို ရခဲ့ပါသည်ဟု တိတိကျကျ ဖြေနိုင်ခဲ့သော်လည်း။

ဤမျှလောက် ဖြေဆိုကာမျှနှင့် အရိယာပုဂ္ဂိုလ်အစစ် ဖြစ်နေပြီပဲ။ ရဟန္တာပုဂ္ဂိုလ်အစစ် ဖြစ်နေပြီပဲဟု တစ်ထစ်ချ မယုံကြည်ထိုက်သေး။ အဘယ်ကြောင့်ဆိုသော် များသော အကြားအမြင်ရှိသော 'သင်ယူခြင်း၊ မေးမြန်းခြင်း၊ လေ့လာခြင်း'၌ ကျွမ်းကျင်လိမ္မာကြကုန်သော ရဟန်းတို့သည် (ဤ ၆ ဌာနတို့ဖြင့် မေးမြန်းစိစစ်သော် ပြေလည်အောင် ဖြေဆိုနိုင်စွမ်းရှိသောကြောင့်တည်း။)

ဤ (၆) ဌာနလုံးကို ပြေလည်အောင် ဖြေဆိုနိုင်သော ရဟန်းအား ငါ့ရှင်သည် ဤမဂ်ဖိုလ်တရားထူးကို ရအောင် ရှေ့အဖို့၌ အားထုတ်ခဲ့ပုံအစဉ်ကို ပြောပြဦးဟု ထပ်မံမေးမြန်းရမည်။ ဤသို့ မေးသော် ရှေ့အဖို့၌ အားထုတ်ခဲ့ပုံအစီအစဉ်ကို ပြန်ဖြေရာ၌ အားထုတ်ခဲ့ပုံ အစီအစဉ်သည် ဘုရားဟောဖော် ဒေသနာတော်နှင့် (အကယ်၍) မကိုက်ညီခဲ့သော် အသင် ပြောပြသော အားထုတ်ခဲ့ပုံ အစီအစဉ်ဖြင့်မူ လောကုတ္တရာ တရားထူးကို မရနိုင်ကြောင်း ပြောပြ၍ အရိယာအဖြစ် ရဟန္တာအဖြစ် မရောက်သေးဟု ဆုံးဖြတ်ကာ သူ၏ဝန်ခံစကားကို ပယ်ရှားပစ်ရမည်။

ရှေ့အဖို့၌ အားထုတ်ခဲ့သော အစီအစဉ်သည် ဘုရားဟောဖော် ဒေသနာတော်နှင့် ကိုက်ညီ၍ သန့်ရှင်းစင်ကြယ်ရကား အရိယာဖြစ်နေပြီ။ ရဟန္တာဖြစ်နေပြီဟု ဆုံးဖြတ်ထားနိုင်လောက်အောင် အခြေအနေရှိနေသော်လည်း တစ်ဖန် သူ၏ကိုယ်ကျင့်တရားဖြင့် ချိန်ထိုးကြည့်ရဦးမည်။ ကြာရှည်စွာသော ကာလပတ်လုံး သိက္ခာ (၃) ပါးကို ဖြည့်ကျင့်အားထုတ်မှု၌ မမေ့မလျော့မူ၍ နီးနီးကြားကြားရှိကာ ကောင်းကင်၌ လက်ဝါးပြင်သည် ကပ်ငြိစရာမရှိသလို ပစ္စည်းလေးပါး၌ ကပ်ငြိမှု ကင်းလျက် နေမနေ ချိန်ထိုးကြည့်ရဦးမည်။ ထိုသို့ ချိန်ထိုးကြည့်သော် အဓိသီလ၊ အဓိစိတ္တ၊

အဓိပညာ၊ သိက္ခာ (၃) ပါးကို ဖြည့်ကျင့်မှု၌ မမေ့မလျော့ ရှိ၏။ နိုးနိုးကြားကြား ရှိ၏။ ပစ္စည်းလေးပါး၌ မကပ်ငြိ။ ဤသို့ ရှေ့အဖို့၌ အားထုတ်ခဲ့ပုံ လမ်းစဉ်လည်း မှန်ကန်၏။ နောက်အဖို့၌လည်း ချိန်ထိုးကြည့်သော် ချိန်ကိုက်၏။

သို့သော်လည်း ဤမျှလောက်ဖြင့် ရဟန္တာပုဂ္ဂိုလ်တည်းဟု တစ်ထစ်ချ မယုံကြည်သာသေး၊ မယုံကြည်ထိုက်သေး။ အဘယ်ကြောင့်ဆိုသော် အချို့သောပုထုဇဉ် ရဟန်းတော်များသည် ရဟန္တာပုဂ္ဂိုလ်ပဲဟု ထင်မှတ်ရလောက်အောင် ကာယကံ သောင်းကျန်းမှု၊ ဝစီကံသောင်းကျန်းမှုတို့ကို အလွန်ထိန်းသိမ်းနိုင်ကြ၍ အလွန်နူးညံ့သိမ်မွေ့လှသော ကာယကံ ယဉ်ကျေးမှု၊ ဝစီကံ ယဉ်ကျေးမှုတို့နှင့် ပြည့်စုံတတ်ကြသောကြောင့်တည်း။

## ခေတ်ပေါ် စမ်းသပ်နည်းများ

(ပဏ္ဏာ၊ ၃၊ ၄၊ ၆၆)

အလွန် အသိရခက်ခဲသောကြောင့် ထိုထို ဥပါယ်တံမျဉ် တို့ဖြင့်လည်း ခြောက်လှန့် စမ်းသပ်ရဦးမည်ဟု အဋ္ဌကထာဆရာက ညွှန်ပြထားပြန်၏။ ရဟန္တာပုဂ္ဂိုလ် အစစ်အမှန်ဆိုလျှင် မိမိထိပ်ထက်၌ မိုးကြိုးကျသော်လည်း ကြောက်လန့်ခြင်း၊ ကိုယ်လက် ကြမ်းတမ်းလာခြင်း၊ ကြက်သီးမွေးညင်းထခြင်း လုံးဝ မဖြစ်တော့ပေ။ ဒေါသကို ကုန်စင်အောင် ပယ်ထားပြီးဖြစ်သောကြောင့်တည်း။ (အနာဂါမ်ပုဂ္ဂိုလ်လည်း နည်းတူ၊ မကြောက်လန့်တော့ပါ) ပုထုဇဉ်တို့ကား (အာဇာနည် ယောက်ျားမှ တစ်ပါး) အနည်းငယ်မျှသော ကြောက်လန့်ဖွယ် အာရုံများကြောင့်ပင် ကြောက်လန့် တုန်လှုပ်တတ်ကြကုန်၏။

မိမိထိပ်ထက်၌ မိုးကြိုးကျသည်ကိုပင် (ဝါ) မိုးကြိုးပစ်သည်ကိုပင် မကြောက်မလန့် မတုန်မလှုပ် ခြသေ့်မင်းတို့ကဲ့သို့ ရဲရဲရင့်ရင့် နေနိုင်သော် ရဟန်းကို ကေန်စင်စစ် ရဟန္တာ ဖြစ်လေပြီဟု မှတ်ယူ၍ မင်း၊ မင်း၏အမတ်ကြီးသည် လူဂုဏ်ရှိတို့က ပို့လာသော ပူဇော်သက္ကာရကို ခံယူထိုက်ပေပြီဟု ဝိ၊ ၁၊ ဋ၊ ဒု-၈၃-၌ မိန့်ဆိုထား၏။ သို့သော် လူအာဇာနည်များ ရှိတတ်ကြသေးရာ ထိုအာဇာနည်များသည်လည်း မိမိထက်၌ မိုးကြိုးကျသည်ကိုပင် မကြောက်တတ်၊ မလန့်တတ် မတုန်မလှုပ်တတ်။ ထို့ကြောင့် ဤစမ်းသပ်နည်းလည်း တထစ်ချ မှန်ပြီဟု မဆိုသာသေးကြောင်း ပဏ်၊ ၃၊ ဋ၊ ၆၇-၌ မိန့် ဆိုထားပြန်၏။

(၁) ဒီဃနိကာယ်ဆောင်အဘယမထေရ်သည် တစ်ပါးသော ပိဏ္ဍပါတိကမထေရ်ကို အထက်ပါနည်းများဖြင့် စမ်းသပ်ပါသော်လည်း ရဟန္တာပုဂ္ဂိုလ်အစစ်ပဲဟု ထင်မှတ်ရလောက်အောင် ရှိနေသဖြင့် ရဟန်းငယ်တစ်ပါးအား အမှတ်သညာကို ပေးထား၏။ ထိုပိဏ္ဍပါတိကမထေရ်သည် ကလျာဏီမြစ်၌ ရေဆင်းချိုးလေသော် ရဟန်းငယ်သည် ကလျာဏီမြစ်မှ ပင်လယ်သမုဒ္ဒရာသို့ စီးဝင်ရာ အရပ်မှ ရေငုတ်၍ ထိုပိဏ္ဍပါတိကမထေရ်၏ ခြေထောက်ကို ဖမ်းကိုင်လိုက်ရာ ပိဏ္ဍပါတိကမထေရ်သည် မိကျောင်းဆွဲသည်ဟူသော အမှတ်သညာဖြင့် အသံကျယ်လောင်စွာ အော်တော့၏။ ထိုအခါမှ ထိုပိဏ္ဍပါတိကမထေရ်သည် ပုထုဇဉ်သာ ဖြစ်နေသေးကြောင်း သိကြကုန်၏။

(၂) သီဟိုဠ်ကျွန်း စန္ဒမုခတိဿမင်းလက်ထက် မဟာဝိဟာရကျောင်းတိုက်ကြီး၌ သံဃာမထေရ်ကြီးတစ်ပါးသည် ရဟန္တာဟု ကျော်ကြားထင်ရှား၏။ မျက်စိကွယ်နေသဖြင့် ကျောင်း၌သာလျှင်

အနေမြဲ၏။ စန္ဒမုခတိဿမင်းသည် မထေရ်ကြီးကို စုံစမ်းအံ့ဟူသော ရည်ရွယ်ချက်ဖြင့် သံဃာတော်များ ဆွမ်းခံကြွချိန် မထေရ်ကြီးတစ်ပါးတည်းရှိစဉ် အသံမကြားလောက်အောင် ညင်သာစွာချဉ်းကပ်၍ မြွေကိုက်သည် ထင်ရအောင် ခြေထောက်ကို ဆိတ်ဆွဲကိုင်လိုက်ရာ မထေရ်ကြီးသည် ကျောက်တိုင်ကြီးကဲ့သို့ မလှုပ်မယှက်နေမြဲနေ၏။ ပြီးမှ "ဤအရပ်၌ မည်သူရှိသနည်း" ဟု မေးတော်မူရာ "တပည့်တော် တိဿမင်းပါဘုရား" ဟု လျှောက်ထားလေသော် "အို- တိဿမင်း၊ ငါတို့၏ ကောင်းသောရနံ့ ပျံ့လှိုင်ပါပေ၏" ဟု အမိန့်ရှိ၏။ ဤသို့လျှင် ရဟန္တာပုဂ္ဂိုလ်တို့အား ကြောက်လန့် တုန်လှုပ်ခြင်း မရှိကြတော့ပေ။ (အနာဂါမ်တို့လည်း နည်းတူ မကြောက်လန့်ကြတော့၊ မတုန်လှုပ်ကြတော့ပေ။)

(၃) လူအာဇာနည်များသည်လည်း အလွန်ရဲရင့်ကြ၏။ ကြောက်လန့်မှု၊ တုန်လှုပ်မှု မရှိကြပေ။ ကြောက်လန့်မှု မရှိ၊ တုန်လှုပ်မှုမရှိရုံမျှဖြင့် အနာဂါမ်ပဲ၊ ရဟန္တာပဲ ဟု တစ်ထစ်ချ ဆုံးဖြတ်၍ မရသေးပေ။ ထို့ကြောင့် နှစ်သက်ဖွယ်အာရုံများဖြင့်လည်း စမ်းသပ်ရဦးမည်။ သီဟိုဠ်ကျွန်း ဝသဘမင်းသည် ရဟန္တာဟု ထင်ရှားကျော်ကြားနေသော မထေရ်တစ်ပါးကို နန်းတော်သို့ ပင့်ကာ မထေရ်၏ ရှေ့၌ အိမ်ဆီးသီးနှင့် တောက်ရပ်ကို ရေနှင့်ရောနှောလျက် ခွက်၌ထည့်ပြီးလျှင် နယ်ပြ၏။ မထေရ်သည် ထိုနယ်နေသည်ကို မြင်ရသော် တံထွေးများ လှုပ်ရှားလာ၏။ (ဝါ) သွားရည် ကျလာ၏။ ထိုအခါမှ မထေရ်သည် ပုထုဇဉ်အဖြစ်သာ ရှိသေးကြောင်း ထင်ရှားလာတော့၏။

ရဟန္တာပုဂ္ဂိုလ်အစစ်အမှန်ဆိုလျှင် ရသတဏှာကို ကောင်းစွာပယ်ထားပြီးလေပြီ။ နတ်၌ဖြစ်သော အရသာတို့၌လည်း တပ်နှစ်

သက်ခြင်း မရှိတော့ပြီ။ ရသတဏှာကိုသာ အရှင်းပယ်ထားသည် မဟုတ်သေး။ ကျန် ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ဖောဋ္ဌဗ္ဗ တဏှာ၊ ဓမ္မတဏှာတို့ကိုလည်း အကြွင်းအကျန်မရှိအောင် အကုန် အစင် ပယ်ထားပြီး ဖြစ်သည်။

ဤသို့ ကြောက်လန့်ဖွယ် အာရုံများဖြင့် စမ်းသပ်သော်လည်း ကြောက်လန့်ခြင်း တုန်လှုပ်ခြင်း ရှိခဲ့သော်လည်းကောင်း၊ ရသ တဏှာဖြစ်ဖွယ်အာရုံများဖြင့် စမ်းသပ်သော် ရသတဏှာ ဖြစ်ပေါ် လာခဲ့သော်လည်းကောင်း၊ (ရဟန္တာပါဟု ဘယ်သို့ပင် ဝန်ခံပါသော် လည်း) ရဟန္တာအစစ် မဟုတ်သေးကြောင်း ပြောပြ၍ ထိုရဟန်း၏ ဝန်ခံစကားကို ပယ်ရှားပစ်မည်။

ဤသို့ကြောက်လန့်ဖွယ် အာရုံများဖြင့် စမ်းသပ်သော်လည်း ကြောက်လန့်ခြင်း တုန်လှုပ်ခြင်း မရှိလေသော်လည်းကောင်း၊ နတ်၌ ဖြစ်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့၌ တပ်နှစ် သက်ခြင်း မရှိခဲ့သော်လည်းကောင်း ဤရဟန်းသည် အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ်နှင့် လုံးဝ ပြည့်စုံပြီးဖြစ်သောကြောင့် အစစ် အမှန် ရဟန္တာပုဂ္ဂိုလ်ပဲဟု ဆုံးဖြတ်ချက် ချအပ်၏။ ထက်ဝန်းကျင်မှ မင်းနှင့် မင်း၏အမတ်ကြီး စသော လူဂုဏ်ရှိတို့ ပို့လာသော ပူဇော် သက္ကာရကို အလှူခံခြင်းငှာ ထိုက်ပေတော့ပြီဟု ဖွင့်ပြထား၏။

ရဟန္တာပုဂ္ဂိုလ်အစစ် ဟုတ်မဟုတ် စမ်းသပ်ကြည့်ကြရန် (မိမိ တို့ကိုယ်တိုင်) အလွန်သိလွယ်သော အလွန်ထင်ရှားသော နည်းများ ပေတည်း။

ကုသိုလ်သည် အကုသိုလ်ကို ပယ်သတ်နိုင်စွမ်းရှိ၏။ အကုသိုလ် သည် လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာများကြောင့် ဖြစ်ရ၏။

ထို့ကြောင့် မိမိသန္တာန်တွင် ကုသိုလ်ချည်းဖြစ်အောင် ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း၊ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ တစ်ခုခုကို ပွားနေခြင်းသည် အကုသိုလ်ကိုပယ်၊ သက်ရာရောက်သလို ကိလေသာများကိုလည်း ပယ်သတ်ရာရောက်၏။ ထိုသို့ အကုသိုလ်ဖြစ်ခွင့်မပေးဘဲ ကုသိုလ်တရားများဖြစ်ထွန်းအောင် ကြိုးစားနေခြင်းကိုပင် တရားအားထုတ်နေခြင်းဟု မှတ်အပ်၏။

ဒါနကုသိုလ်သည် လောဘကိလေသာကို တဒင်္ဂပယ်သတ်၏။

သီလကုသိုလ်သည် ဒေါသကိလေသကို တဒင်္ဂပယ်သတ်၏။

မေတ္တာဘာဝနာသည် ဒေါသကိလေသကို ဝိက္ခမ္ဘနပဟာန်အားဖြင့် ခပ်ကြာကြာ ပယ်သတ်ထားနိုင်၏။

အညစ်အကြေးစွန့်တိုင်း မိမိကိုယ်ခန္ဓာကြီး၏ မတင့်တယ်ပုံ (အသုဘဘာဝနာ) ကို ရှုခြင်းသည် လောဘကိလေသာ၊ မာနကိလေသာတို့ကို ခပ်ကြာကြာ ပယ်သတ်ထားနိုင်၏။

ငါ့အား သေရခြင်းသဘောသည် အမြဲရှိ၏။ ငါ့အား အသက်ရှိနေရခြင်းသဘောသည် အမြဲမရှိဟူ၍ မိမိ၏ သေခြင်း မရဏာနုဿတိဘာဝနာကို ပွားများခြင်းသည် လောဘ၊ ဒေါသ၊ မာနကိလေသာများကို ခပ်ကြာကြာ ပယ်သတ်ထားနိုင်သည်။ ဝိပဿနာဘာဝနာကုသိုလ်သည် ပွားများနေသည့် အချိန်တိုင်းတွင် ကိလေသာ အားလုံးကို ခဏအားဖြင့် ဖြစ်စေ၊ ခပ်ကြာကြာအားဖြင့် ဖြစ်စေ ပယ်သတ်ထားနိုင်သည်။ သောတာပတ္တိမဂ် ကုသိုလ်သည် ဒိဋ္ဌိကိလေသာနှင့် ဝိစိကိစ္ဆာကိလေသာကို ပယ်သတ်သည်။ သကဒါမိမဂ် ကုသိုလ်သည် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အထိ ဟူသော အာရုံငါးပါး ကာမဂုဏ်တရားကို ခံစားချင်သော လောဘကိလေသာ အကြမ်းစားနှင့် ဒေါသကိလေသာ အကြမ်းစားတို့ကို ပယ်သတ်သည်။

အနာဂါမိမဂ်ကုသိုလ်သည် ကာမဂုဏ်ကိုခံစားချင်သော လောဘကိလေသာ အနုစားနှင့် ဒေါသကိလေသာအနုစားကို ပယ်သတ်သည်။ ထို့ကြောင့် အနာဂါမ်သည် အိမ်ထောင်နှင့် မနေတော့သည့်အပြင် ရွှေငွေကိုလည်း ဝတ်ဆင်ကိုင်တွယ်မှု မပြုတော့ခြင်းဖြစ်၏။ ထို့ပြင် ဒေါသကိလေသာ ကုန်ခန်းသွားပြီဖြစ်သောကြောင့် စိတ်ဆိုး စိတ်ကောက်ခြင်း အလျှင်းမရှိတော့ပေ။

အရဟတ္တမဂ်ကုသိုလ်သည် အနာဂါမိမဂ်ကုသိုလ် မပယ်နိုင်သည့်အတွက် ကျန်နေသည် ဗြဟ္မာ့ဘုံ၌ဖြစ်ချင်သော လောဘအနုစားနှင့် မောဟ၊ မာန၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက အနောတ္တပ္ပ ကိလေသာတို့ကို အကြွင်းအကျန်မရှိအောင် ပယ်သတ်သည်။

ဤကား ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထ ဘာဝနာကုသိုလ်၊ ဝိပဿနာ ဘာဝနာကုသိုလ်၊ မဂ်ကုသိုလ်များက ကိလေသာတို့အား ပယ်သတ်ပုံကို ဉာဏ်နုသူများ နားလည်ရန် အသေးစိတ်ရှင်းပြခြင်း ဖြစ်၏။ ကုသိုလ်ရအောင် အားထုတ်ခြင်းသည် အကုသိုလ်ကို ပယ်သတ်ရန်၊ ကိလေသာကို ပယ်သတ်ရန် အားထုတ်ခြင်းဖြစ်ကြောင်း နားလည်လက်ခံပါက အရာရာ၌ ကုသိုလ်ဖြစ်စေရန် ယောနိသောမနသိကာရကို လက်ကိုင်ထားရမည် ဖြစ်၏။

ကုသိုလ်၊ အကုသိုလ်ဖြစ်ခြင်းသည် ပြင်ပဗဟိဒ္ဓ သက်ရှိ သက်မဲ့ အာရုံများထက် မိမိ၏နှလုံးသွင်းက အဓိကပိုကျကြောင်း သိနိုင်ရန် ဇာတ်တော်လာ သာဓက၊ ဓမ္မပဒလာ သာဓက၊ ယခုခေတ် သာဓကများကို ဖော်ပြအံ့။ သုဝဏ္ဏသာမ ဇာတ်လာဒုကုလနှင့် ပါရိကာတို့သည် နှစ်ဖက်မိဘများသဘောတူပေးစား၍ ယူလိုက်ရသော်လည်း ဗြဟ္မာပြည်မှလာသူများဖြစ်သောကြောင့် ကာမဂုဏ်ခံစားခြင်းအမှုကိစ္စကို ပြုလိုစိတ်မရှိကြ။

ထို့ကြောင့် နှစ်ဦးသဘောတူတိုင်ပင်ကာ တောထွက်ပြီး သမထ ဘာဝနာတရားများကို ကျင့်ကြံအားထုတ်ကြ၏။ မောင်နှမ အရင်း ကဲ့သို့ ဖြူစင်သော မေတ္တာဖြင့်နေထိုင်ပြီး တစ်ဦးကိုတစ်ဦး ပြုစု စောင့်ရှောက်ကြ၏။ တစ်နေ့တွင် သူတို့နှစ်ဦး မျက်စိကွယ်မည့် အရေးကို မြင်သောကြောင့် ဒုက္ခရောက်ချိန်တွင် စောင့်ရှောက်ရန် ကလေးယူကြဖို့ သိကြားမင်းက တိုက်တွန်း၏။

သူတို့က သံဝါသအမှုကို မပြုလိုကြောင်း ငြင်းဆန်ကြသော ကြောင့် ပါရိကာ ဥတုပန်းပွင့်ပြီးစ သားအိမ်စင်ကြယ်သော အချိန် တွင် ဒုကူလက ပါရိကာ၏ ချက်ကို လက်ညှိုးဖြင့် ရစ်ဝိုင်းပေးရန် အကြံပေး၏။ ထိုအတိုင်းလိုက်နာသောကြောင့် ရွှေအဆင်းနှင့် တူ သော ဘုရားအလောင်း သုဝဏ္ဏသာမကို သန္ဓေတည်ပြီး မွေးဖွား၏။

သုဝဏ္ဏသာမက အရွယ်ရောက်လာသောအခါ မိဘများကို ပြုစုလုပ်ကိုင် ကျွေးခွင့်တောင်း၏။ မိဘများက ပြုစုလုပ်ကျွေးခွင့် မပေး၊ ငါတို့ အိုမင်းမစွမ်း ရှိသောအခါမှသာ ပြုစုလုပ်ကျွေးရမည် ဟု အကြောင်းပြပြီး၊ သူတို့ကသာ သုဝဏ္ဏသာမအတွက် သစ်သီး သစ်ဥများကို ရှာဖွေကျွေးမွေးကြ၏။ ဤအချက်ကိုကြည့်၍ တကယ့် သူတော်ကောင်းများသည် အနာခံခြင်းနှင့် အသာစံခြင်း နှစ်မျိုးတွင် အနာခံခြင်းဘက်က သာနေကြောင်း သတိပြုသင့်၏။

တစ်ရက်တွင် ဒုကူလနှင့်ပါရိကာတို့ သစ်သီးရှာရာမှ ပြန် အလာ မည်းမှောင်ပြီး မိုးကြီးလေကြီးကျလာသဖြင့် နှစ်ယောက် သား သစ်ပင်ကြီးတစ်ပင်အောက်ဝင်ပြီး မိုးခိုကြ၏။ သူတို့ ရပ်မိ သော နေရာသည် တောင်ပို့တစ်ခု၏ အပေါက်ဝတွင် ဖြစ်နေ ကြောင်း သူတို့ သတိမထားမိကြ။

သူတို့ကိုယ်မှ ချွေးနှင့်ရောသော မိုးရေများက တောင်ပို့ အတွင်း ဝင်သွားသောကြောင့် မြွေဟောက်သည် ဒေါသထွက်ကာ

အဆိပ်ခိုးနှင့် မှုတ်၏။ အဆိပ်ငွေ့ဒဏ်ကြောင့် ဒုကူလနှင့် ပါရိကာတို့သည် မျက်စိကွယ်သွားကြ၏။ မိဘနှစ်ပါး ရောက်ချိန်တန်၍ ရောက်မလာသောအခါ သုဝဏ္ဏသာမသည် တောနင်းပြီး ရှာဖွေ၏။

မျက်စိကွယ်နေသော မိဘများကိုတွေ့ရသောအခါ သုဝဏ္ဏသာမသည် ငိုခြင်း၊ ရယ်ခြင်း နှစ်မျိုးကို ပြု၏။ ငိုခြင်းကား အများနည်းတူ မကောင်းကွက်ကို မြင်ခြင်းကြောင့် ဖြစ်၏။ ရယ်ခြင်းကား ကောင်းကွက်ကို မြင်သောကြောင့် ဖြစ်၏။ သုဝဏ္ဏသာမ မြင်သောကောင်းကွက်ကား မိဘနှစ်ပါးကို တစ်သက်လုံး ပြုစုလုပ်ကျွေးခွင့်ရသွားခြင်းပင် ဖြစ်၏။

မိဘနှစ်ပါးသည် သုဝဏ္ဏသာမကို ပြုစုလုပ်ကျွေးခွင့်မပေးဘဲ သူတို့ကသာ သုဝဏ္ဏသာမကို ပြုစုလုပ်ကျွေးနေ၏။ ခုလို မျက်စိကွယ်သွားသောအခါတွင် မိဘများကိုယ်တိုင် ရှာဖွေစားသောက်ခြင်း မပြုနိုင်တော့သောကြောင့် သုဝဏ္ဏသာမကသာ တစ်သက်လုံး ပြုစုလုပ်ကျွေးခွင့်ရတော့မည် ဖြစ်၏။

ယောနိသောမနသိကာရ ထားတတ်သူအတွက် မိဘ မျက်စိကွယ်သွားခြင်းသည်ပင်လျှင် ဟုသိုလ်ရစရာ၊ စိတ်ချမ်းသာစရာဖြစ်ခဲ့ရ၏။ ဓမ္မပဒဌ္ဌကထာရှိသော ကဿပဘုရားရှင်၏ ဂန္ဓကုဋီတိုက်ကျောင်းဒကာဖြစ်သော သုမနသူဌေးကြီးသည် နံနက်စောစောအချိန်တွင် ဘုရားကျောင်းတော်သို့သွားရင်း လမ်းခုလတ်တွင် ပုဆိုးခေါင်းမြီးခြုံလျက် အိပ်ပျော်နေသော လူတစ်ယောက်ကို တွေ့ရသဖြင့် သေချာကြည့်ပြီး နောက်ပါ အခြွေအရံများကို ယခုလို ပြောမိ၏။

"မင်းတို့ အဲဒီလူကို ကြည့်ကြစမ်း၊ ခြေထောက်မှာလည်း ရွှံ့တွေ အလိမ်းလိမ်း ကပ်နေတယ်၊ ဒီအချိန်ထိ အိပ်ရာက မထသေး

ဘဲ ပုဆိုးခေါင်းမြီးခြုံပြီး အိပ်နေတယ်ဆိုတော့ တစ်ညလုံး လှည့်ပတ်ခိုးပြီး မိုးလင်းခါနီးမှအိပ်ရတဲ့ သူခိုးဖြစ်လိမ့်မယ်"

ထိုစကားသည် မှန်ကန်သော်လည်း အကျိုးမရှိခဲ့။ ထို မဆင်မခြင်ပြောမိသော စကားတစ်ခွန်းကြောင့်ပင် သူဌေးကြီး၏ ဥစ္စာခြံမြေများစွာ ဆုံးရှုံးပျက်စီးခဲ့ရ၏။ စကားခြောက်ခွန်းရှိ၏။

မှန်ကန်အကျိုးမရှိ သူတစ်ပါးနှစ်သက်။
မှန်ကန်အကျိုးမရှိ သူတစ်ပါးမနှစ်သက်။
မမှန်ကန်အကျိုးမရှိ သူတစ်ပါးနှစ်သက်။
မမှန်ကန်အကျိုးမရှိ သူတစ်ပါးမနှစ်သက်။
မှန်ကန်အကျိုးရှိ သူတစ်ပါးနှစ်သက်။
မှန်ကန်အကျိုးရှိ သူတစ်ပါးမနှစ်သက်။

ထို ခြောက်မျိုးတွင် ဘုရားရှင်သော်မှ မှန်ကန်ပြီး အကျိုးရှိသော စကားကိုသာ ပြောဆိုတော်မူ၏။ ထို့ကြောင့် ပုထုဇဉ်လူသားများသည် စကားပြောသောအခါ မိမိ၊ သူတစ်ပါး နှစ်ဦးလုံးကို ကောင်းကျိုးရစေနိုင်သည့် မှန်ကန်ပြီး အကျိုးရှိသည့် စကားမျိုးကိုသာ အထူးသတိထားပြီး ပြောသင့်၏။

သူဌေးကြီးပြောသည့်အတိုင်း ပုဆိုးကို ခေါင်းမြီးခြုံအိပ်နေသူမှာ သူခိုးတစ်ယောက်ပင် ဖြစ်၏။ သူခိုးဖြစ်နေပါလျက် ထိုသူကား သူခိုးအပြောခံရသည်ကို မကြိုက်။ ထို့ကြောင့် ဒေါသဖြစ်စွာဖြင့် ခေါင်းမြီးခြုံကို ဖွင့်ကြည့်ပြီး ပြောသောသူကို သေချာမှတ်၏။

သုမနသူဌေးကြီးဖြစ်ကြောင်း သိသွားသည်နှင့် ခေါင်းမြီးခြုံပြီး မကြံစည်သင့်သော အကြံအစည်များကို ကြံစည်လျက် ရှိ၏။ သူတော်ကောင်းများ မကြံစည်အပ်သည့် အကြံအစည်သုံးမျိုး ရှိ၏။

ထိုအကြံအစည်ကို ဝိတက်ဟုခေါ်၏။

**ယင်းတို့ကား -**

| | | |
|---|---|---|
| **ကာမဝိတက်** | = | ကာမဂုဏ်အာရုံများကို ကြံစည် စိတ်ကူးခြင်း၊ |
| **ဗျာပါဒဝိတက်** | = | သူတစ်ပါးပျက်စီးရာ ပျက်စီးကြောင်းကို ကြံစည်ခြင်း။ |
| **ဝိဟိံသဝိတက်** | = | သူတစ်ပါးကို နှိပ်စက်ညှဉ်းဆဲရန် ကြံစည် စိတ်ကူးခြင်းတို့ပင် ဖြစ်၏။ |

ထိုအကြံသုံးမျိုးတွင် မည်သည့် အကြံအစည်ကို ကြံစည်သည် ဖြစ်စေ အကုသိုလ်သာဖြစ်ပြီး အမြဲပူလောင်နေရမည်မှာ မလွဲပေ။ ခိုးသူသည် နောက်ရက်မှစ၍ သူဌေးကြီး၏ စပါးစိုက်ခင်းများကို ခုနှစ်ကြိမ်တိုင်တိုင် မီးရှို့၏။ သူဌေးကြီးပိုင်နွားများ၏ ခြေထောက်တို့ကို ခုနှစ်ကြိမ်တိုင်တိုင် ဓားဖြင့် ခုတ်ဖြတ်၏။ သူဌေးကြီးနေအိမ်ကို ခုနှစ်ကြိမ်တိုင်တိုင် မီးရှို့၏။

သူဌေးကြီးကား ပူလောင်ဆင်းရဲခြင်း မဖြစ်။ သူဌေးကြီး ပူလောင်ဆင်းရဲသည်ကို မြင်လိုသောခိုးသူက သူဌေးကြီး လှူဒါန်းထားသော ဂန္ဓကုဋီကျောင်းကြီးကို မီးတင်ရှို့လိုက်၏။ ကျောင်းကြီး မီးလောင်နေပြီဟု သိလိုက်သည်နှင့် သူဌေးကြီးသည် မီးလောင်ရာဆီသို့ အလျင်အမြန်သွား၏။

ကျောင်းတိုက်ကြီးကို တဖျစ်ဖျစ် လောင်မြိုက်လျက်ရှိသော မီးတောက်မီးလျှံများကို ကြည့်၍ သူဌေးကြီးသည် ငါလိုလူ ဇမ္ဗူမှာရှိသေးရဲ့လားဟူသော သဘောမျိုးဖြင့် အားရပါးရ လက်ခမောင်းထခတ်၏။ အနားမှာရပ်နေသော ခိုးသူနှင့်တကွ လူအများစုက သူဌေး

ကြီး စိတ်ဖောက်ပြန်သွားပြီဟု ထင်ကြသဖြင့် သတိထားပါ။ စိတ်ထိန်းပါဟု သတိပေးကြ၏။

သူဌေးကြီးက အေးဆေးစွာ ရှင်းပြ၏။

"ကျွန်တော့်ကို ရူးသွားတယ် မထင်ပါနဲ့၊ မရူးပါဘူး၊ စိတ်သောကလည်း မဖြစ်ပါဘူး၊ ကျောင်းတော်ကြီး မီးလောင်သွားတော့ လှူရခဲ့တဲ့သာသနာတော်မှာ ထပ်လှူရဦးမယ်၊ ဒီကျောင်းတော်ကြီး အစား နောက်တစ်ခါထပ်ပြီး ကျောင်းဆောက်လှူခွင့် ရဦးမယ်၊ ကုသိုလ်တွေ ဖြစ်ဦးမယ်ဆိုတာ တွေးမိပြီး ဝမ်းသာနေတာပါ ပျော်လွန်းလို့ လက်ခမောင်းခတ်တာပါ"

အံ့ဖွယ်ရှိပေစွ၊ မဖြစ်ဖူးမြဲပေစွ၊ ကောင်းကွက်ကို မြင်တတ်သူ အတွက် မိမိဆောက်လှူသောကျောင်း မီးလောင်ခံရခြင်းသည်ပင် လျှင် ကုသိုလ်ဖြစ်စရာ၊ စိတ်ချမ်းသာစရာ ဖြစ်သွားခဲ့ရ၏။ ကျောင်း မီးလောင်ခံရခြင်းကိုသာမြင်လျှင် အကုသိုလ်ဖြစ်စရာ၊ စိတ်ဆင်းရဲ စရာ ဖြစ်၏။

ဒုတိယအကြိမ် ကျောင်းဆောက်လှူခွင့်ရခြင်းကိုသာ မြင်ခြင်း သည် ကုသိုလ်ဖြစ်စရာ၊ စိတ်ချမ်းသာစရာ အကွက်ဖြစ်၏။ သုမန သူဌေးကြီးသည် ကုသိုလ်ဖြစ်စရာ၊ စိတ်ချမ်းသာစရာ အကွက်ကို မြင်အောင် ကြည့်တတ်ခဲ့၏။ ဒုတိယအကြိမ် ကျောင်းကြီးဆောက် ပြီး၍ ရေစက်ချ တရားပွဲကျင်းပသောအခါ ခိုးသူယောကျ်ားသည် ဓားမြှောင်တစ်ချောင်းယူလာပြီး ပရိသတ်ကြားထဲ ရောနေ၏။

သည်လောက် ဖျက်ဆီးတာမှ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ မဖြစ် လျှင် တရားပွဲအတွင်း အပြစ်ရှာပြီး သေအောင်သတ်မည်ဟု ဆုံးဖြတ် လာခြင်း ဖြစ်၏။ ဘုရားရှင် တရားဟောပြီး၍ ရေစက်ချ အမျှဝေရ မည့်အချိန် ရောက်သောအခါ သူဌေးကြီးသည် ဗုဒ္ဓကို ယခုလို လျှောက်ထား၏။

"မြတ်စွာဘုရား တပည့်တော်အပေါ် အငြိုးအာဃာတ ကြီးမားသော ရန်သူတစ်ယောက်ရှိကြောင်း ယခင်က မသိခဲ့ပါ။ ယခုမှသာ သိရပါသည်ဘုရား။ ထိုရန်သူသည် တပည့်တော် စိုးရိမ်ပူဆွေး၊ ငိုကြွေးပြီး သောကရောက်စေရန် တပည့်တော်ပိုင် နွားများ၏ ခြေထောက်များကို ခုနှစ်ကြိမ်တိုင်တိုင် ခုတ်ဖြတ်ခဲ့ပါသည် ဘုရား"

"ထို့ပြင် တပည့်တော်၏ ဆန်ရေစပါး စိုက်ခင်းများကိုလည်း ခုနှစ်ကြိမ်တိုင်တိုင် မီးရှို့ခဲ့ပါသည် ဘုရား၊ ထို့မျှမက တပည့်တော်နေသော အိမ်ကိုပါ ခုနှစ်ကြိမ်တိုင်တိုင် မီးရှို့ခဲ့ပြန်ပါသည် ဘုရား၊ တပည့်တော် သောကရောက်သည်ကို မတွေ့ရသောအခါ တပည့်တော် ဆောက်လှူထားသော ကျောင်းတိုက်ကြီးကိုပါ မီးရှို့ခဲ့ပါသည်"

"သူ မီးရှို့သောကြောင့်ပင် တပည့်တော်သည် ဒုတိယအကြိမ်မြောက် ကျောင်းဆောက်လှူခွင့်ကုသိုလ်ကို ရရှိခဲ့ပါသည်၊ ထို့ကြောင့် ယနေ့ ကျောင်းလှူရသောကုသိုလ်ကို ထိုရန်သူအားလည်း အမျှပေးဝေပါသည် ဘုရား" ဟု လျှောက်ထားမှုပြီးဆုံးသည်နှင့် ဝမ်းမြောက်ဝမ်းသာ အမျှပေးဝေ၏။ ထိုအခါ ခိုးသူသည် နောင်တကြီးစွာရ၏။ ငါကား တကယ့်သူတော်ကောင်းကြီးကို ပြစ်မှားမိပြီဟု ထိတ်လန့်တုန်လှုပ်ကာ ဘုရားရှင်၏ ရှေ့မှောက်တွင် ဝန်ချတောင်းပန်၏။

**နူးညံ့သော မှိုပွင့်သည် ခက်မာသောမြေကို ဖောက်ထွင်း၍ ထွက်ပေါ်လာနိုင်၏။ သိမ်မွေ့ညင်သာသော ရေသည် ခက်မာကြမ်းတမ်းသော ကျောက်တောင်၊ ကျောက်ခဲများကို သဲမှုန်ကလေးများအဖြစ်သို့ရောက်သွားစေနိုင်၏။ ထို့အတူသူတော်ကောင်းတို့၏ သိမ်မွေ့သော နှလုံးသားသည် မသူတော်တို့၏ ခက်မာသော နှလုံးသားကို သိမ်မွေ့ နူးညံ့လာစေနိုင်၏။**

ဟူသော စကားအတိုင်း သူဌေးကြီး၏ နူးညံ့သောနှလုံးသား က ခိုးသူ၏ ခက်မာသောနှလုံးသားကို သိမ်မွေ့နူးညံ့လာစေခဲ့ပေ၏။ ခိုးသူ၏တောင်းပန်မှုကြောင့် သူဌေးကြီးက ခွင့်လွှတ်ခဲ့သော်လည်း ခိုးသူကိုယ်တိုင်ပြုခဲ့သော အကုသိုလ်က ခိုးသူကို ခွင့်မလွှတ်ခဲ့ပေ။ ထိုဘဝမှ သေသောအခါ မိုင်ပေါင်းများစွာ ရှည်လျားကြီးမားသော မြွေပြိတ္တာကြီးဘဝသို့ ရောက်ခဲ့ရ၏။

ထိုမြွေကြီး၏ခေါင်းပိုင်းမှစ၍ မီးကွင်းကြီးက တစ်စတစ်စ လောင်ကျွမ်းရင်း အမြီးပိုင်းသို့ ရောက်သွား၏။ အမြီးပိုင်းမှ တစ်စ တစ်စ ပြန်လည်လောင်ကျွမ်းရင်း ခေါင်းပိုင်းသို့ ပြန်ရောက်၏။ ပူလောင်ဆင်းရဲသော ဒဏ်ကို အပြင်းအထန်ခံစားရသော်လည်း အကုသိုလ်ကြောင့် သေလည်းမသွားရပေ။

ကဿပဘုရားရှင် လက်ထက်မှစ၍ ယခုအချိန်ထိအောင် ဒုက္ခဆင်းရဲကို ခံစားရတုန်း ဖြစ်၏။ စိတ်သည် ကုသိုလ်နှင့် အကုသိုလ်၊ ကောင်းမှုနှင့် မကောင်းမှု မည်သည့်အရာ၌ ပျော်သနည်း ဆိုလျှင် အကုသိုလ်၌ ပျော်၏။ မကောင်းမှု၌ ပျော်၏။ လူနှစ်ယောက် လျှောက်လာရာ၌ ရှေ့ကလူက ချောသည်ဟု ပြောလိုက်လျှင် နောက်ကလူက အရုပ်ဆိုးကြောင်း ပြောစရာမလိုဘဲ သိရ၏။ ဤ နည်းကို အဝုတ္တသိဒ္ဓိနည်းဟု ခေါ်၏။

ထို့အတူ ဗုဒ္ဓက ဓမ္မပဒပါဠိတော်၌ ပါပသ္မိရမတိမနောစိတ် သည် မကောင်းမှုအကုသိုလ်၌ ပျော်သည်ဟု ဟောလိုက်သည်နှင့် စိတ်သည် ကုသိုလ်ကောင်းမှု၌ ပျင်းသည်ဟူသောသဘောကို အလို လို ပြောပြီးသား ဖြစ်သွား၏။ သဘာဝအားဖြင့် ကြည့်လျှင်ပင် ထိုဟောကြားချက်သည် မှန်ကန်ကြောင်း ထင်ရှား၏။

မကောင်းမှုဖြစ်သော လောင်းကစားအလုပ်၊ အပျော်အပါး အလုပ်၊ အသောက်အစားအလုပ်များကို မည်သူမဆို မသင်ဘဲ တတ်၏။ အမြဲတမ်း လုပ်နေရလျှင်လည်း ငြီးငွေ့သွားသည်ဟု မရှိကြ။ အသိဒကာတစ်ယောက်ဆိုလျှင် ငါးဖမ်းလှေလိုက်စဉ်က (၇) ရက် တိတိ နေ့ရော၊ ညပါ မထတမ်း ဖဲရိုက်ဖူး၏။ ကောင်းမှုဖြစ်သော တရားနာ၊ တရားထိုင်၊ ဥပုသ်စောင့်၊ လမ်းပြင်၊ တံတားခင်း စသော အလုပ်များကိုကား မလုပ်ချင်ကြ။

မြို့တစ်မြို့၌ ဇာတ်ပွဲတစ်ပွဲကလျှင် ဖိတ်ကြားစရာ၊ ကား ကြိုစရာမလိုဘဲ ထောင်နှင့် သောင်းနှင့်ချီပြီး လာတတ်ကြ သော်လည်း တရားပွဲတစ်ပွဲလုပ်လျှင်ကား မိုက်နှင့်လည်း ဖိတ် ကြား၊ ကားနှင့်လည်း သွားကြိုပါသော်လည်း လိုက်ချင်သူ သိပ်မရှိကြ။ ပွဲကြည့်ခြင်း၊ လောင်းကစားလုပ်ခြင်း၊ အပျော် အပါးလိုက်စားခြင်း စသည်ကြောင့် အကုသိုလ်ဖြစ်မှန်းလည်း သိ၏။ ထိုအကုသိုလ်နှင့် သေလျှင် အပါယ်ကျမည် ဆိုတာ လည်း သိ၏။

တရားနာလျှင်၊ တရားထိုင်လျှင်၊ ဥပုသ်စောင့်လျှင်၊ လမ်း ပြင်၊ တံတားခင်းလျှင် ကုသိုလ်ဖြစ်မှန်းလည်းသိ၏။ ထို ကုသိုလ်များကြောင့် အနိမ့်ဆုံးအဆင့် နတ်ပြည်ရောက်နိုင် ပုံ၊ အမြင့်ဆုံးအဆင့် နိဗ္ဗာန်ထိရောက်နိုင်ပုံကိုလည်း သိ၏။

ထိုသို့ သိပါလျက် လူသားသည် အဘယ့်ကြောင့် အကုသိုလ် အလုပ်မှာ ပျော်ပြီး၊ ကုသိုလ်အလုပ်မှာ ပျင်းရ သနည်း။ အဖြေကား ဘဝအဆက်ဆက်က အကုသိုလ်လုပ်ပြီး အပါယ်ကျခဲ့သောဘဝတွေ က များသောကြောင့် အကျင့်ပါနေ ခြင်းပါတည်း။ ဘဝပေါင်းတစ် ကုဋေဆိုလျှင် အကုသိုလ်လုပ်ပြီး အပါယ်ကျနေသောဘဝက (၉၉- ၉၉၉၉၉) ဘဝလောက် ရှိ၏။

ကုသိုလ်လုပ်ပြီး သုဂတိဘဝရောက်ခဲ့ချိန်ကား တစ်ဘဝ လောက်သာ ရှိ၏။ လူသားတစ်ယောက်၏ ဘဝသံသရာခရီးတွင် ဒုဂ္ဂတိဘဝနှင့် သုဂတိဘဝကျင်လည်ရချိန်သည် ထိုမျှလောက် ကွာခြား၏။ ထို ပြုခဲ့သောအကြောင်းများကြောင့် ကုသိုလ်ဖြစ်ပြီး စိတ်ချမ်းသာခွင့်၊ အကုသိုလ်ဖြစ်ပြီး စိတ်ဆင်းရဲခွင့် နှစ်မျိုးကြုံလာလျှင်ပင် ပုထုဇဉ်လူသားအများစုသည် အကုသိုလ်ဖြစ်ပြီး စိတ်ဆင်းရဲခွင့်ကိုသာ အရယူ၏။

ဦးရန်လိုအမည်ရှိ လူကြီးတစ်ယောက် ရှိ၏။ တစ်နေ့ သူ အလုပ်မှ ပြန်အလာတွင် ဖျော်ရည်ခွက်တစ်ခွက် သူ့အတွက် ချန်ထားသည်ကို တွေ့ရ၏။ ဖျော်ရည်တစ်ခွက် ချန်ထားခြင်းအချက်ကို မြင်လျှင် ကုသိုလ်ဖြစ်ပြီး စိတ်ချမ်းသာခွင့်ရမည် ဖြစ်၏။ သူ မရှိတုန်း ဖျော်ရည် ဖျော်သောက်သောအချက်ကိုမြင်လျှင် အကုသိုလ်ဖြစ်ပြီး စိတ်ဆင်းရဲခွင့်ရမည် ဖြစ်၏။

သူသည် အကုသိုလ်ဖြစ်ပြီး စိတ်ဆင်းရဲခွင့်ကိုသာ ရွေးယူ၏။ ငါလို အိမ်ထောင်ဦးစီးတစ်ယောက်မရှိခင်မှာ ဖျော်ရည် ဖျော်သောက်ရမည်လားဟု သားမယားအားလုံးကို ဆဲဆိုကြိမ်းမောင်း၏။ လောကတွင် ဦးရန်လိုကဲ့သို့သော သူသည် တစ်ရာတွင် ၉၉ ယောက် ရှိ၏။

ဦးသာခင်အမည်ရှိ လူကြီးတစ်ယောက် အလုပ်မှအိမ်သို့ ပြန်လာသောအချိန်တွင် ချန်ထားသော ဖျော်ရည်ခွက်တစ်ခွက်ကို ဦးရန်လိုနည်းတူ တွေ့ရ၏။ ဦးသာခင်ကား ရယူခွင့်နှစ်မျိုးတွင် ကုသိုလ်ဖြစ်ပြီး စိတ်ချမ်းသာခွင့်ကိုသာ ရွေးချယ်၏။ သားမယားများ စိတ်ကောင်းရှိကြပါပေသည်။ ငါမရှိတုန်း ဖျော်ရည်ဖျော်သောက်တာတောင်မှ ငါ့အတွက် သတိတရ ချန်ထားဖော်ရပေ

သည်။ အားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာကြပါစေဟု မေတ္တာပို့ပြီးမှ သောက်၏။

*မှတ်ချက်။ ။ဟာသစာရေးဆရာကြီး အီကြာကွေး၏ စာအုပ်တစ်အုပ်တွင် အံ့ဩဖွယ်ရာ ဓမ္မအတွေ့အကြုံတစ်ခုကို ဖတ်ရ၏။ အီကြာကွေးတွင် မည်သည့်ဆေးနှင့်မျှ မပျောက်သော ဗိုက်နာဗိုက်အောင့်ရောဂါတစ်ခု ခံစားနေရ၏။ ဓမ္မမိတ်ဆွေတစ်ဦး၏ အကြံပေးချက်အရ အစားအစာ စားခါနီးတိုင်း-*

*ဤ အစာအာဟာရကို ထုတ်ဝေသူများ အားလုံး၊ ရောင်းဝယ်သူများ အားလုံး၊ လှူဒါန်းသူများ အားလုံး၊ ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ ဟု*

*မေတ္တာပို့ပြီးမှစားရာ လအတန်ကြာသောအခါ ဗိုက်နာရောဂါလုံးဝ ပျောက်ကင်းသွားကြောင်း သိရ၏။ လောကီစာရေးဆရာများထဲတွင် အီကြာကွေးကား သဒ္ဓါတရားအကောင်းဆုံးဟု ဆိုသင့်၏။ အကြောင်းကား- သူ၏နေအိမ်ကို သူမသေခင်မှာပင် သာသနာတော်သို့ ရေစက်ချ၍ လှူဒါန်းထားသောကြောင့်ပင်တည်း။*

မကောင်းမြင်ခြင်းသည် ဒေါသဓာတ်ကြောင့် ဖြစ်၏။ အလွန်ပူပြင်း၏။ ထို ဒေါသ (ခေါ်) သောကမီးလောင်လျှင် ရုပ်နူးညံ့သောနတ်များကား ချက်ချင်းသေ၏။ ရုပ်ကြမ်းသောလူများကား ချက်ချင်းသေသည်လည်း ရှိ၏။ မသေလျှင်လည်း ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာရောဂါ စသည်တို့ကို ဖြစ်စေ၏။

ရောဂါသည် တစ်ရာတွင် ခုနှစ်ဆယ်ခန့်မှာ ဒေါသ (ခေါ်) သောကကြောင့် ဖြစ်ရပုံအကြောင်းနှင့် အမေရိကန်သမားတော်ကြီးတစ်ဦး၏ သုံးသပ်ပုံအကျယ်ကို ကျွန်ုပ်တို့ရေးသားသော ဘဝနှင့်

ရင်းရသော အတွေးအမြင်များ (ဒုတိယတွဲ) တွင် အကျယ် ဖတ်ရှုရပါမည်။

လောကတွင် ဦးသာခင်ကဲ့သို့သော သူသည် တစ်ရာတွင် တစ်ယောက်ခန့်သာ ရှိ၏။ စားဝတ်နေရေး ပူပင်သောကများကြောင့် လူပုဂ္ဂိုလ်များသည် မကောင်းမြင်ပါဒ အရှိများလေသလောဟု တချို့က စောကြောမိကြ၏။ စားဝတ်နေရေး ပူပင်သောကမရှိသော ပုထုဇဉ်ရဟန်းအများစုပင် မကောင်းမြင်ဝါဒရှိနေသည်ကို ထောက်၍ အကောင်းမြင်ခြင်း၊ မကောင်းမြင်ခြင်းသည် စားဝတ်နေရေး ပူပင်သောကနှင့် မဆိုင်ကြောင်း ထင်ရှား၏။ **အကောင်းမြင်တတ်ခြင်း၏ အဓိကအကြောင်းသည် မေတ္တာစေတ်ဖြစ်၍ မကောင်းမြင်ခြင်း၏ အဓိကအကြောင်းသည် ဒေါသစေတ် ဖြစ်၏။**

ထို့ကြောင့် စရိယာပိဋကတ်တွင် မေတ္တာဌာန်လေးချက်ကို ပြရာ၌ သတ္တာနံမနာပဘာဝဒဿနပဒဋ္ဌာနာ-မေတ္တာသည် သတ္တဝါတို့၏ နှစ်သက်ဖွယ်သော ဂုဏ်ကိုသာ ရှုမြင်တတ်သော ယောနိသောမနသိကာရလျှင် နီးစွာသော အကြောင်းရှိ၏ဟု ဖွင့်ဆိုထားခြင်း ဖြစ်၏။ ပုံစံအချို့ပြအံ့။

မြို့တစ်မြို့၌ မကောင်းမြင်ဝါဒရှိသော ဆရာတော်ကြီး တစ်ပါး ရှိ၏။ တစ်နေ့တွင် ကျောင်းပေါ်တက်လာသော တပည့်တစ်ပါး၏ ခြေသံသည် အနည်းငယ် ထွက်သွား၏။ သူတစ်ပါးအပြစ်ကိုသာ ရှာနေသော ထိုဆရာတော်ကြီးက "အင်မတန် ခြေသွားကြမ်းတယ်၊ သူတောင်းစားဖြစ်မယ့်ကောင်"ဟု ဆဲဆိုကြိမ်းမောင်း၏။

နောက်တစ်ကြိမ် ကျောင်းပေါ်တက်သောအခါ တပည့်ဖြစ်သူသည် ခြေသံမထွက်စေရန် ခြေဖျားထောက်ပြီး ဖွဖွလေးသွား၏။

ထိုသို့သွားသည်ကို သေချာကြည့်နေသော ဆရာတော်ကြီးက "လမ်းသွားတာကိုက ပုံမှန်သွားတာမဟုတ်ဘဲ သူခိုးသွားသွားနေတယ်"ဟု ကြိမ်းမောင်းပြန်၏။

ဤဖြစ်ရပ်ကို ထောက်၍ **မကောင်းမြင်ဝါဒသည် မိမိ၊ သူတစ်ပါး မည်သူ့ကိုမျှ ကောင်းကျိုးမပြု။ မကောင်းမြင်ဝါဒရှိသူကိုယ်တိုင်လည်း စိတ်ဆင်းရဲရ၏။ အကုသိုလ်ဖြစ်ရ၏။ အနီးနေ တပည့်၊ သား၊ မြေးများမှာလည်း စိတ်ဆင်းရဲရ၏။ အကုသိုလ်ဖြစ်ရ၏။**

ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်ထဲတွင် လှိုင်းဘုန်းအမည်တွင်သော ရွာကြီးတစ်ရွာ ရှိ၏။ အိမ်ခြေတစ်ထောင်နီးပါးရှိပြီး အင်မတန် စည်ပင်ဝပြောသောကြောင့် လှိုင်းဘုန်းမြို့ဟုပင် ခေါ်ကြ၏။ ထိုရွာတွင် ကျောင်းထိုင်သော ဆရာတော်ကြီးကိုလည်း လှိုင်းဘုန်းဆရာတော်ဟုပင် လွယ်လွယ်ခေါ်ကြ၏။

တစ်ခါတွင် ဆရာတော်သည် ပဲ့ထောင် (စက်တပ်လှေ) ဖြင့် အလှူတစ်ခုမှ ပြန်ကြွလာ၏။ ရွာသို့အဝင်တွင် ပဲ့ထောင်မောင်းသူနှင့် ကမ်းစပ်ရှိ အိမ်ပေါ်မှ လူတစ်ယောက်တို့သည် ရင်းနှီးသူများဖြစ်သောကြောင့် အမူအရာဖြင့် စကြ နောက်ကြ၏။ ကမ်းစပ်မှလူသည် ပဲ့ထောင်မောင်းသူကို လေးခွဖြင့် ချော်ပစ်လိုက်၏။ လှေကို မမှန်အောင် တမင်ရှောင်ပြီး ပစ်လိုက်ခြင်း ဖြစ်၏။

သို့သော် လောက်စာလုံးသည် လှေနောက်ပိုင်းကို ထောက်မှန်ပြီး လှေဦးသို့ အရှိန်ဖြင့် ပြေးသွား၏။ ထို့နောက် လှေနောက်ပိုင်းသို့ မျက်နှာမူလျက်ထိုင်နေသော ဆရာတော်၏ မျက်လုံးတစ်ဖက်သို့ တည့်တည့်မှန်၏။ လောက်စာလုံးထိမှန်သော ဒဏ်၊ မျက်မှန်အကွဲအစများ စူးစိုက်သော ဒဏ်တို့ကြောင့် ဆရာတော်၏ မျက်လုံးတစ်ဖက်မှာ ပျက်သွားရ၏။

မျက်လုံးပျက်သွားသည်ကို သိလိုက်သည်နှင့် ဆရာတော်က “မတော်တဆဖြစ်တာ ပစ်တဲ့သူကို ခွင့်လွှတ်လိုက်ကြ” ဟု ချက်ချင်း မိန့်တော်မူ၏။ မတော်တဆဖြစ်တာ ဟူသောအချက်ကို ကြည့်လျှင် သည်းခံနိုင်ခြင်းဟူသော ခန္တီပါရမီကုသိုလ်လည်း ဖြစ်၏။ စိတ်လည်း ချမ်းသာနိုင်၏။ မျက်စိပျက်မှတော့ ဘဝဆုံးတာပဲဟူသော အချက်ကိုကြည့် လျှင် အကုသိုလ်လည်း ဖြစ်၏။ စိတ်လည်း ဆင်းရဲရ၏။

ဆရာတော်သည် ပထမအချက်ကို ကြည့်သည့်အတွက် ကုသိုလ်လည်း ဖြစ်၏။ စိတ်လည်း ချမ်းသာ၏။ ဒကာ၊ ဒကာမများသည် ဒုတိယအချက်ကိုကြည့်သည့်အတွက် အကုသိုလ်လည်း ဖြစ်၏။ စိတ်လည်း ဆင်းရဲ၏။ ဆရာတော် ပြောဆိုတားမြစ်နေသည့်ကြားကပင် လက်ဖြောင့်လေးခွသမားအား ဝိုင်းရိုက်ပြီး ထောင်ချရန် စီစဉ်ကြ၏။

ထိုအခါ ဆရာတော်က ဆုံးမသည့်အတိုင်း မနာယူဘဲ ဖွတ်လုပ်ကြလျှင် ကျောင်းဆက်မထိုင်ဘဲ နေရပ်သို့ ပြန်ကြွတော့မည်ဖြစ်ကြောင်းပြောမှ ဒေါသ၏ကျေးကျွန်ဖြစ်နေသော ဒကာများ လက်လျှော့ကြ၏။ ဝဋ်မှာအမြဲ၊ ငရဲမှာအပဟူသော စကားတစ်ခွန်း ဗုဒ္ဓဘာသာလောကတွင် ထင်ရှား၏။

အစိပ္ပာယ်မှာ မဂ်ဖိုလ်ရသွားလျှင် အပါယ်ငရဲမှ ပ သွား၏။ လုံးဝ လွတ်သွား၏။ သို့သော် ပြုခဲ့သော ဝဋ်ကြွေးကိုကား ပြန်လည်ပေးဆပ်ရ၏။ အရှင်မောဂ္ဂလာန်သည် ပါရမီနုစဉ်အချိန်က မ ဘက်လိုက်၍ မိုက်ဖက်ပါကာ မိဘနှစ်ပါးအား ရိုက်နှက် သတ်ဖြတ်ခဲ့ဖူး၏။ ယခုဘဝ လေးမဂ်လေးဖိုလ်ရ၍ အပါယ်ငရဲမှလွတ်သွားသော်လည်း ပြုခဲ့သောဝဋ်ကြွေးမှာကား ပြေးမလွတ်ခဲ့။ ခိုးသားငါးရာ ဝိုင်းဝန်းရိုက်နှက်သောဒဏ်ဖြင့် ပရိနိဗ္ဗာန်ဝင် စံခဲ့ရ၏။

တိုင်းရင်းဆေးသမားတော် စာရေးဆရာ မကွေးဝင်းမြင့်၏ မိတ်ဆွေတစ်ယောက်သည် ငယ်စဉ်အခါက ငှက်ကလေးများကို ဖမ်းပြီး မျက်လုံးကိုဖောက်ကာ ဆော့ကစားခဲ့၏။

အသက်ကြီး၍ ရွှေပန်းထိမ်ဆရာဖြစ်လာသောအခါ မတော်တဆအမှုတစ်ခုဖြင့် မျက်စိပျက်ခဲ့ရ၏။ တစ်ရက်တွင် ငရဲမီးပန်းကန်ကြီးကိုရှေ့တွင်ချပြီး ရွှေချေးများကို သန့်စင်နေ၏။ ထိုအချိန်တွင် ကြွက်လိုက်ဖမ်းသော ကြောင်က အရှိန်ဖြင့်ကျလာပြီး ငရဲမီးပန်းကန်စွန်းကို နင်းလိုက်မိရာ ငရဲမီးရည်များသည် ပန်းထိမ်ဆရာ၏ မျက်လုံးနှစ်ဖက်ထဲ ပက်သွင်းလိုက်သလိုဖြစ်သွားပြီး မျက်စိပျက်ခဲ့ရခြင်းဖြစ်၏။

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ထင်ရှားသောကျောင်းတိုက်ကြီးတစ်တိုက်တွင် စာချ၊ ဓမ္မကထိကဆရာတော်ကြီးတစ်ပါး ရှိ၏။ ထိုကဲ့သို့ ထင်ရှားသော စာချ၊ ဓမ္မကထိကဆရာတော်ကြီးတစ်ပါးအဖြစ်သို့ ပို့ပေးခဲ့သည်မှာ အကောင်းမြင်ဝါဒကြောင့်ပင်ဖြစ်၏။ ထိုဆရာတော်ကြီးသည် တောင်ငူနယ်သား ဖြစ်၏။ ထိုဆရာတော်ကြီးသည် အသက်နှစ်ဆယ်ခန့်မှ သက်န်းဝတ်ခဲ့ခြင်းဖြစ်၍ သာသနာ့ဘောင်သို့ ရဟန်းဝတ်ဖြင့် စတင် ဝင်ရောက်ခဲ့သူဖြစ်၏။ လူဘဝငယ်စဉ်အခါက ရာသက်ပန်ရိုးမြေကျ ပေါင်းသင်းကြရန် သစ္စာအဓိဋ္ဌာန်ပြုထားသော ချစ်သူတစ်ယောက် ရှိခဲ့ဖူး၏။ သူထက် အစစ သာလွန်သော အမျိုးသားတစ်ယောက်ကို တွေ့လေသောအခါ ငယ်ချစ်ဦးသည် သာရာသို့ ပါသွားခဲ့၏။

ငါ့ကို ပစ်သွားရက်လေခြင်းဟူသော အချက်ကိုကြည့်လျှင် အကုသိုလ်ဖြစ်မည်၊ စိတ်ဆင်းရဲမည် ဖြစ်၏။ သံယောဇဉ်နည်းလေ၊ ချမ်းသာများလေပဲ၊ သံယောဇဉ်ကင်းလျှင် နိဗ္ဗာန်ဝင်ရတာပဲဟု

နှလုံးသွင်းလျှင် ကုသိုလ်ဖြစ်မည်။ စိတ်ချမ်းသာမည် ဖြစ်၏။ လူငယ်လေးသည် အကောင်းမြင်ဝါဒဖြင့် ဒုတိယအချက်ကို ရွေးလိုက်၏။

ချစ်ဦးသူအပေါ်မှာထားသော သံယောဇဉ်၊ မိသားစုအပေါ်မှာထားသော သံယောဇဉ်တို့ကိုဖြတ်ပြီး ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။ ကြိုးစားအားထုတ်မှုကြောင့် စာပေလည်း ပို့ချနိုင်၏။ တရားလည်း ဟောကြားပြသနိုင်၏။ ဆရာတော်ကြီးနှင့် ထိုအမျိုးသမီးတို့၏ ရေစက်ကား မကုန်ဟု ဆိုရမလို ဖြစ်၏။

တရားမရှိသူတို့အတွက် အသည်းကွဲဒဏ်ရာ ပြန်ပေါ်လာစရာ ကောင်းသော်လည်း ဝေဒနာဟူသည် ငါမဟုတ် (အနတ္တ)၊ အကြောင်းတိုက်ဆိုင်မှ ခဏပေါ်ပြီး၊ ခဏနှင့် ပျက်သွားသော နာမ်တရားမျှသာ ဖြစ်သည်ဟု တရားသဘောဖြင့်သိထားသော ဆရာတော်အတွက်ကား အံ့ဩဖွယ်ရာ တိုက်ဆိုင်မှုလေးတစ်ခု ပါလားဟု တွေးပြီး ပြုံးမိရုံမှတစ်ပါး ဘာမျှမဖြစ်ခဲ့ပါ။

ဆရာတော် တောင်ငူမှကြွသွားပြီး နောက်နေ့မှာပင် တကယ့်အံ့ဖွယ်ရာဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့၏။ ထိုအမျိုးသမီးအိမ်သို့ ပစ္စည်းမျိုးစုံပါသော လက်ဆောင်ထုပ်ကြီးနှင့် စာတစ်စောင်ပါလာ၏။ စာမှာရေးထားသည်က-

*"ဒို့ကို ပစ်ထားခဲ့တဲ့အတွက် ကျေးဇူးတင်လွန်းလို့၊ ကျေးဇူးဆပ်တဲ့အနေနဲ့ ပစ္စည်းတွေ လက်ဆောင်အဖြစ် ပို့ပေးလိုက်တာပါ၊ မင်းကသာတို့ကို လက်ခံခဲ့ရင် သားကျွန်၊ မယားကျွန်ဘဝနဲ့ သံသရာမှာ အောက်တန်းစားဘဝနဲ့ ကျင်လည်ရဦးမှာပါ၊ အခုတော့ ရလာတဲ့ ခန္ဓာကို ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာအတွက် အသုံးချခွင့်ရသွားလို့ မင်းပစ်ထားခဲ့တာကို တွေးမိတိုင်း ဝမ်းသာ ကြည်နူးရပါတယ်"*

ဟူ၏။

ဝနဝါသီတိဿ ရဟန္တာ သာမဏေလေးအပေါ် တရားကောင်းတွေကို ခုမှ ဟောရသလားဟု မကောင်းမြင်ဝါဒရှိကြသော ရှာသူရှာသားများ၏ အကြောင်းနှင့်ဆက်စပ်၍ လက်တွေ့ ဖြစ်ရပ်များကို ထည့်သွင်းရှင်းလင်းပြခဲ့ရာ အတော်ပြည့်စုံသွားပေပြီ။ ထို့ကြောင့် မူရင်းသုတ္တန်အကြောင်း အနည်းငယ် ဆက်ရေးပြီး ပါရမီထိုက်သောဒါနနှင့် ပါရမီမထိုက်သောဒါနကို နိဂုံးချုပ်တော့အံ့။

ရဟန္တာကိုရင်လေးကို မကောင်းမြင်လျက် သေကြလျှင် ငရဲကျတော့မည့်အရေးကို မြင်သောကြောင့် ထိုရွာလေးသို့ ဘုရားရှင်ကိုယ်တိုင် ကြွရောက်တော်မူလာ၏။ ဘုရားရှင်က "သင်တို့ ရွာသူရွာသားများသည် လာဘဝကို ထူးကဲစွာ ရရှိသူများ ဖြစ်ကြသည်။ ဤကိုရင်လေးကို အကြောင်းပြု၍ ငါဘုရားရှင်နှင့်တကွ အဂ္ဂသာဝက၊ မဟာသာဝကပေါင်းများစွာကို ဖူးမျှော်ခွင့်ရကြပေသည်" ဟု အလင်းပြတော်မူမှသာလျှင် ရွာသားအားလုံးသည် အကောင်းမြင်ဝါဒဘက်သို့ ပြန်ရောက်လာပြီး အကုသိုလ် အကြိတ်အခဲများ ကြေပျောက်သွားကြ၏။

ဗုဒ္ဓသည် ရွာသားအားလုံးကို ကျေနပ်နှစ်သက်စေပြီးနောက် ကိုရင်တိဿ သီတင်းသုံးရာ ချောက်ကြီးအတွင်းသို့ သွားကြည့်တော်မူ၏။ ထိုချောက်ကြီးသည် လူသေများ ပစ်ချရာနေရာကြီး ဖြစ်၏။ ထိုချောက်ကြီးထဲတွင် အဘယ့်ကြောင့်နေရကြောင်း ဗုဒ္ဓက မေးသော အခါ ကိုရင်တိဿက မိမိသေလျှင် မည်သူမှ အလုပ်မရှုပ်ဘဲ အလိုလို သင်္ဂြိုဟ်ပြီးသား ဖြစ်သွားရန်အတွက် ဖြစ်ကြောင်း ဖြေကြား၏။

**ထိုအဖြေစကားကို ထောက်၍ တကယ့် သူတော်ကောင်းများသည် မိမိကသာ လောကအတွက် ပေးဆပ်လို၍ လောကက မိမိအတွက် ပေးဆပ်မှုကို နည်းနည်းမှ အလိုမရှိကြောင်း သိသာ၏။**

တစ်ဖန် တောင်တန်းကြီးပေါ်မှ လျှောက်သွားရင်း လှမ်းမြင်နေရသော သမုဒ္ဒရာရေများကို ညွှန်ပြ၍ ဤသမုဒ္ဒရာရေများကို မြင်ရသောအခါ သင့်၌ မည်ကဲ့သို့သော သံဝေဂဉာဏ်မျိုး ဝင်သနည်းဟု မေးမြန်းသောအခါ တရားမသိခင်က တကယ်မရှိသောငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေအတွက် ငိုခဲ့ရသောမျက်ရည်တွေသည် မခြောက်မခန်းရှိခဲ့လျှင် ဤသမုဒ္ဒရာရေတွေထက် များလိမ့်ဦးမည်ဟု သံဝေဂဖြစ်မိကြောင်း လျှောက်ထား၏။

ဤလျှောက်ကြားချက်ကိုထောက်၍ သံဝေဂဉာဏ်သည် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဖြစ်ဖို့အတွက် အထောက်အပံ့ကောင်းတစ်ခုဖြစ်ကြောင်း ထင်ရှား၏။ ထိုအဖြေကိုကြားသောအခါ ဗုဒ္ဓကဝမ်းမြောက်စွာ သာဓုခေါ်တော်မူ၏။ စာရှုသူများ ပါရမီထိုက်သောဒါနကို များများကြီးပြုပြီး ဗုဒ္ဓဘုရားရှင် သာဓုခေါ်သောသူများဖြစ်ကြပါစေ။

**မေတ္တာရှင်**
**( ရွှေပြည်သာ )**

**၁၃၆၇ ခု၊ တပေါင်းလဆန်း ၁၁ ရက်နေ့၊**
**၁ နာရီ ၃၅ မိနစ်အချိန်တွင်**
**မော်လမြိုင်ကျွန်းမြို့၊ အောင်မေ့ရိပ်သာ သီလရှင်စာသင်တိုက်တွင်**
**တရားဟောကြွရင်း ရေးသားပြီးစီးသည်။**

# ဆရာတော် အရှင်ဇဝန မေတ္တာရှင်
# ( ရွှေပြည်သာ )
# "တရားစုစည်းများ"

လက်ခံဝေငြားစာအုပ်များ . . .

၁။ မျက်ရည်မကျခင် သိစေချင်

၂။ ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း (၁)

၃။ ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း (၂)

၄။ သရဏဂုံအစွမ်း အံ့မခန်း

၅။ မေတ္တာအစွမ်း အံ့မခန်း

၆။ သီလအစွမ်း အံ့မခန်း

၇။ စာရိတ္တ သတ္တိ

၈။ မင်္ဂလာဆောင်ဖိတ်စာများ အန္တရာယ်များ

၉။ အတွင်းရန်သူ

၁၀။ မိဘမေတ္တာ ရသစုများ (မင်းဟိန်းထိပ်နှင့်တွဲ၍)

၁၁။ မြန်မာတို့၏ အသက်

၁၂။ အရှုံးမရှိသော ဒဿန

၁၃။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်နှင့် တကယ့်ဗုဒ္ဓဘာသာဝင် (အိတ်ဆောင်)

ယခု ထုတ်ဝေသည့်စာအုပ် ...

၁၄။ ပါရမီထိုက်သောဒါန နှင့် ပါရမီ မထိုက်သောဒါန

စာမူခွင့်ပြုချက်အမှတ် – ၃၂၀၇၄၆၀၆၁၀

## ဆက်လက် ထုတ်ဝေမည့် စာအုပ်များ ...

၁၅။ လူငယ်များအတွက် ဂမ္ဘီရ ဝိပဿနာအတွဲ (၁+၂)
စာမူခွင့်ပြုချက်အမှတ် – ၃၂၀၆၆၉၀၆၀၉

၁၆။ လူငယ်များအတွက် ဂမ္ဘီရ ဝိပဿနာအတွဲ (၃+၄)
စာမူခွင့်ပြုချက်အမှတ် – ၃၂၀၆၅၉၀၆၀၉

၁၇။ ဘဝနှင့် ရင်းရသော အတွေးအမြင်များ အတွဲ (၁)
စာမူခွင့်ပြုချက်အမှတ် – ၃၂၀၆၆၀၆၀၉

၁၈။ ဘဝနှင့် ရင်းရသော အတွေးအမြင်များ အတွဲ (၂)
စာမူခွင့်ပြုချက်အမှတ် – ၃၂၀၆၆၃၀၆၀၉

၁၉။ တကယ့်ဗုဒ္ဓဘာသာနှင့် သစ္စာလေးပါး (အိတ်ဆောင်)
စာမူခွင့်ပြုချက်အမှတ် – ၃၂၀၅၆၆၀၆၀၈

၂၀။ ဆရာကောင်းကို ရှာဖွေခြင်း
စာမူခွင့်ပြုချက်အမှတ် – ၃၂၀၇၆၈၀၆၁၀

၂၁။ ကျောင်းအမ နတ်သမီးအလှကြီး (အိတ်ဆောင်)
စာမူခွင့်ပြုချက်အမှတ် – ၃၂၀၇၁၄၀၆၁၀

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]